မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၂)
အမှတ် (၁၇၈)

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

၂၀၁၂ ခုနှစ်၊ မတ် ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံတော် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများလောင်းလှူ

နေပြည်တော် မတ် ၂၆

မြန်မာသာသနာ့သမိုင်းတွင် ပုဂံခေတ်မှသည် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်သို့တိုင် ခေတ်အဆက်ဆက်၌ သာသနာတော်ကို ကြည်ညိုကြသော မင်းအစိုးရအဆက်ဆက်တို့သည် "အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂပဏ္ဍိတ၊ ဒိသာပါမောက္ခသီရိမဟာစတုရင်္ဂဗလ၊ သုဓမ္မမဟာသာမိ၊ ရာဇဂုရု၊ မဟာဓမ္မရာဇဂုရု၊ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ဓမ္မသေနာပတိ" အစရှိသော ဘွဲ့တံဆိပ်တော်များနှင့် ပထမစာတော်ချ၊ ဒုတိယစာတော်ချ၊ တတိယစာတော်ချ အစရှိသည့် ဘွဲ့တံဆိပ်တော်များကို သာသနာတွင် ထင်ရှားထူးခြားသော ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းခဲ့ကြပေသည်။

ထို့အတူ "သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စသော ဂုဏ်ပြုပူဇော်ထိုက်သည့် ဂုဏ်အင်္ဂါအထူးတို့ဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး၊ လူပုဂ္ဂိုလ်မြတ်တို့အား ချီးမြှောက်ကော်ရော် ပူဇော်သိမှတ်ဂုဏ်ပြုအပ်၏" ဟူသော ဒေသနာတော်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဗုဒ္ဓမြတ်စွာနှင့် ရှေးသာသနာပြုမင်းတို့၏ ထုံးနည်းစနစ်ကို လိုက်နာကျင့်သုံးလျက် ဗုဒ္ဓမြတ်စွာသာသနာတော်၌ ပရိယတ္တိတာဝန်၊ ပဋိပတ္တိတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်တော်မူကြသည့် ပြည်တွင်းပြည်ပမှ ဆရာတော် သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာ လှူဒါန်းထောက်ပံ့ပူဇော်ကြသည့် ဥပါသကာ၊ ဥပါသိကာမတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လျက်ရှိသည်။

၂၀၁၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆန်စိမ်းများလောင်းလှူသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ●

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မွန်ပြည်နယ် မော်လမြိုင်မြို့ ကတိုးကျေးရွာ မဟာရင်ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တအာဒိစ္စအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လောင်းလှူ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။ (သတင်းစဉ်)

ယနေ့ **မာတိကာ**

ပြည်သူ့တပ်မတော်ကြီးသည် နိုင်ငံတော် အချုပ်အခြာအာဏာပိုင် မြေပြင်၊ ရေပြင်၊ ဝေဟင်ပိုင်နက်တို့ကို အသက်ပေးကာကွယ်စောင့်ရှောက်လျက်ရှိရာ ပြည်သူများကလည်း လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ကြရမည်

ခေါင်းကြီး *စာမျက်နှာ - ၂*

ချင်းမိုင်မြို့မှ သာသနာ့အောင်ပွဲ ဒြိမ့်ဒြိမ့်သဲ

စာမျက်နှာ - ၁၁

အကြိတ်အနယ် နွှဲနေတဲ့ ယူရို ယူ ၂၁ ခြေစစ်ပွဲများ *စာမျက်နှာ - ၁၄*

(၆၈) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပြည်သူကို ကာကွယ်စောင့်ရှောက်လျက်ရှိသော တပ်မတော်

"တံခွန်မရှိသောဘုရား အလံမရှိသောရထား" ဟူသည် မတင့်တယ်ပါ။ ထို့အတူ တပ်မတော်မရှိသောနိုင်ငံသည် တည်ငြိမ်အေးချမ်းမှုမရှိဘဲ ပြိုကွဲပျောက်ကွယ်မည်ဖြစ်သည်။ တပ်မတော်သည် စတင်သန္ဓေတည်ကတည်းက ခိုင်ခိုင်မာမာရှိခဲ့သောကြောင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

မြန်မာ့သမိုင်းတွင် အေဒီ(၁)ရာစု၌ အစပြုခဲ့သော ပျူခေတ်ဘုရင့်တပ်မတော်သည် မြန်မာ့တပ်မတော်၏ ဇာစ်မြစ်ဟု ဆိုနိုင်သည်။ အနော်ရထာသည် သူရဲကောင်းလေးဦး၏ အားကိုအခြေပြု၍ တောင့်တင်းခိုင်မာသော မြန်မာ့တပ်မတော်ကြီးဖြင့် ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ ဘုရင့်နောင်မင်းတရားကြီးသည် မြင်းရည်တက် ၂၈ ဦးနှင့် စွမ်းရည်ထက်မြက်သော မြန်မာ့တပ်မတော်ကြီးဖြင့် ဒုတိယမြန်မာနိုင်ငံတော်ကို ထူထောင်နိုင်ခဲ့သည်။ အလောင်းမင်းတရားကြီးသည် သွေးသောက်ရဲဘော် ခြောက်ကျိပ်ရှစ်ယောက်နှင့်အတူ တိုင်းချစ်ပြည်ချစ်အမျိုးချစ်သည့် တပ်မတော်ကြီးကို ဖွဲ့စည်းလျက် တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာ့မျိုးချစ်လူငယ်ရဲဘော်သုံးကျိပ်သည် ဂျပန်နိုင်ငံမှ စစ်ပညာများ သင်ယူခဲ့ပြီး ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းခဲ့သည်။ ဂျပန်တပ်များနှင့်အတူ နယ်ချဲ့ဗြိတိသျှများကို မြန်မာနိုင်ငံက တိုက်ထုတ်ခဲ့ပြီး ၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေအစား ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ ဘီဒီအေကို ၁၉၄၃ ခုနှစ်တွင် ဗမာ့တပ်မတော် (ဘီအင်န်အေ)အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဗမာ့တပ်မတော်သည် ပြည်သူလူထုနှင့် လက်တွဲပြီး ဖက်ဆစ်ဂျပန်ကို တော်လှန်တိုက်ထုတ်ခဲ့ကြသည်။

တပ်မတော်သည် ပြည်သူကြားမှ ပေါက်ဖွားလာသော၊ ပြည်သူ့သားကောင်းရတနာများဖြင့် ဖွဲ့စည်းထားသော တပ်မတော်ဖြစ်သည်။ နိုင်ငံတော်နှင့် ပြည်သူအားလုံး၏ အသက်အိုးအိမ်စည်းစိမ်များကို အစဉ်ကာကွယ်စောင့်ရှောက်ရန် အမြဲဦးထိပ်ပန်ဆင် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံဒုက္ခရောက်စေမည့်၊ ပြိုကွဲပျက်စီးစေမည့်၊ တိုင်းရင်းသားများ ချစ်ကြည်စည်းလုံးမှု ပြိုကွဲပျက်စီးစေမည့်၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးမည့် ပြည်တွင်းပြည်ပအန္တရာယ်မှန်သမျှနှင့် အဖျက်လုပ်ငန်းမှန်သမျှကို သမိုင်းအစဉ်အလာရှိရှိ ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူလူထု၏ အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယနေ့ ဒီမိုကရေစီနိုင်ငံအဖြစ် လျှောက်လှမ်းနေချိန် နိုင်ငံတော် မြင့်မားခိုင်မာစွာ ရပ်တည်နိုင်ရန်အတွက် နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနှင့် ကာကွယ်ရေးစွမ်းအားများ အချိတ်အဆက်မိမိ ဟန်ချက်ညီစွာတိုးတက်ရန် လိုအပ်ပေသည်။ နိုင်ငံရေးစွမ်းအားမြင့်မားရေး အခြေခံလိုအပ်ချက်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံအေးချမ်းတည်ငြိမ်မှုရှိရေးဖြစ်သည်။ နိုင်ငံရေးတည်ငြိမ်ခိုင်မာမှုသည် စီးပွားရေးတိုးတက်ရေးအတွက်တွန်းအားတစ်ရပ်ဖြစ်သည်။ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့်အတူ ပြည်သူများ၏ စီးပွားရေး တိုးတက်မြင့်မားရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ပြည်သူများက အားကိုးယုံကြည်ကိုးစားသော၊ ပြည်သူတို့၏အန္တရာယ်ကို အဘက်ဘက်က အကာအကွယ်ပြုသောပြည်သူ့တပ်မတော်ကြီးသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်မြေပြင်၊ ရေပြင်၊ ဝေဟင်ပိုင်နက်တို့ကို အသက်ပေးကာကွယ်စောင့်ရှောက်လျက်ရှိရာ ပြည်သူများကလည်း လက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှု လျော့နည်းကျဆင်းလာ

နေပြည်တော် မတ် ၂၆

ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုသည် ၂၀၀၄ ခုနှစ်မှစ၍ တဖြည်းဖြည်း လျော့နည်းကျဆင်းလျက်ရှိကြောင်း၊ သို့သော်လည်း ၂၀၁၁ ခုနှစ်၌ ကမ္ဘာ့တီဘီရောဂါဖြစ်ပွားသူ ၈ ဒသမ ၇ သန်းခန့်ရှိပြီး သေဆုံးသူမှာ ၁ ဒသမ ၄ သန်းခန့်ရှိကြောင်း၊ တီဘီရောဂါဖြစ်ပွားသူများ၏ ၈၀ ရာခိုင်နှုန်းသည် ၁၅ နှစ်မှ ၅၄ နှစ်အရွယ်တွင် အဖြစ်များသဖြင့် တိုင်းပြည်၏ ကုန်ထုတ်စွမ်းအား အပေးနိုင်ဆုံးအုပ်စု၌ ဖြစ်ပွားနေသည်ကို တွေ့ရကြောင်း၊ ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှု၏ ၈၀ ရာခိုင်နှုန်းနှင့် တီဘီရောဂါဖြင့် သေဆုံးသူများ၏ ၉၀ ရာခိုင်နှုန်းမှာ အရှေ့တောင်အာရှ(၅)နိုင်ငံဖြစ်သော အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံ စသည့်နိုင်ငံများ အပါအဝင် ကမ္ဘာ့တီဘီအဖြစ်အများဆုံး ၂၂ နိုင်ငံ ဖြစ်ကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက မတ် ၂၄ ရက် နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၃ ခုနှစ် ကမ္ဘာ့တီဘီ ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ် နှစ်ချုပ် အစီရင်ခံစာအရ စုစုပေါင်း တီဘီလူနာ တစ်သိန်းလေးသောင်းကျော် ရှာဖွေကုသပေးနိုင်ခဲ့ကြောင်း၊ ရောဂါရှာဖွေမှုနှုန်း ၈၄ ရာခိုင်နှုန်းနှင့် ဆေးကုသမှုအောင်မြင်နှုန်း ၈၆ ရာခိုင်နှုန်းဖြစ်သည့်အတွက် ထောင်စုနှစ်ရည်မှန်းချက်ကို ပြည့်မီကျော်လွန်ခဲ့ကြောင်း၊ သို့သော်လည်း တိုင်းဒေသကြီး/ပြည်နယ်များရှိ အချို့မြို့နယ်များတွင် တီဘီရောဂါ ရှာဖွေတွေ့ရှိနှုန်းမှာ ရည်မှန်းချက် ပြည့်မီခြင်းမရှိသေးကြောင်း၊ ယင်းဒေသများရှိ ကျန်းမာရေးဌာနနှင့် လက်လှမ်းမမီသည့် တီဘီရောဂါဝေဒနာရှင်များအား ဆောလျင်စွာရှာဖွေကုသရန် အရေးကြီးကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို ၁၉၆၆-၁၉၆၇ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၉၄ ခုနှစ်မှစ၍တီဘီ အချိန်တိုကုထုံးကို မြို့နယ်များ၌ ပူးပေါင်းဆောင်ရွက်ခဲ့ရာတွင် ၂၀၀၃ ခုနှစ်၌ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်ခဲ့ကြောင်း၊ ဝေးလံခက်ခဲသောနေရာများ၊ နယ်စပ်ဒေသများ၊ စက်ရုံ/အလုပ်ရုံများ၊ အကျဉ်းထောင်များသို့ Mobile Team များဖြင့် သွားရောက်၍ တီဘီရောဂါဝေဒနာရှင်များအား ရှာဖွေဖော်ထုတ်ကုသပေးလျက်ရှိကြောင်း၊ ပြည်တွင်း/ ပြည်ပလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ယခင်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တစ်ခုတည်းသာရှိခဲ့ရာမှ ယခုအခါတွင် ပြည်ပအဖွဲ့အစည်း ၁၅ ခု၊ ပြည်တွင်းအဖွဲ့အစည်း ငါးခု၊ Bilateral Agency အနေဖြင့် JICA နှင့် ပူးပေါင်း၍ တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် တီဘီရောဂါ တိုက်ဖျက်ရေးအတွက် ရန်ပုံငွေကို ၁၉၉၅-၁၉၉၆ ခုနှစ်တွင် ငွေကျပ်သန်းပေါင်း ၁၄ ဒသမ ၅ သန်းမှ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ငွေကျပ်သန်းပေါင်း ၇၅၂ သန်းခန့်အထိ တိုးမြှင့်သုံးစွဲခဲ့ကြောင်း၊ တီဘီရောဂါတိုက်ဖျက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော အစွမ်းထက်သည့် တီဘီဆေးဝါးများ အဆက်မပြတ်ရရှိပြီး ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အကောင်အထည်ဖော်မည့် National Strategic Plan (၅)နှစ်စီမံကိန်းကို ရေးဆွဲခဲ့ပြီး လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းအတွက် အထောက်အကူဖြစ်စေမည့် အသုံးချသုတေသနလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၇-၂၀၀၈ ဆေးယဉ်ပါး တီဘီဖြစ်ပွားမှုအပေါ် ဒုတိယအကြိမ် စစ်တမ်းကောက်ယူခဲ့ရာ တီဘီလူနာ သစ်များတွင် ၄ ဒသမ ၂ ရာခိုင်နှုန်းနှင့် ပြန်ကုတီဘီလူနာဟောင်းများတွင် ၁၀ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိခဲ့ကြောင်း၊ ယခုအခါ ၂၀၁၂-၂၀၁၃ ဆေးယဉ်ပါး တီဘီဖြစ်ပွားမှု တတိယအကြိမ် စစ်တမ်းကောက်ယူလျက်ရှိကြောင်း၊ ဆေးယဉ်ပါးသည့် တီဘီလူနာများအားကုသမှုပေးနိုင်ရန်အတွက် နိုင်ငံနှင့်သင့်လျော်မည့် Treatment Guide Line များ ပြုစုပြီး ၂၀၀၉ ခုနှစ်မှစ၍ ဆေးယဉ်ပါးသည့် တီဘီလူနာများအား ကုသပေးခဲ့ရာ ယခုအခါ ၃၈ မြို့နယ်တွင် ကုသပေးလျက်ရှိပြီး ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းနှင့် အမျိုးသားခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေး စီမံချက်တို့ ပူးပေါင်း၍ TB/ HIV Collaborative activities များကို မြို့နယ် ၂၈ မြို့နယ်တွင် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ တွင် မြို့နယ်အားလုံးသို့ တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့်လည်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်ရုံးမှ Mrs. Eva Nathason က ဖတ်ကြားသည်။

ယခုနှစ် ၂၀၁၃ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်အနေဖြင့် Stop TB in My Lifetime ဟု သတ်မှတ်ထားပြီး မြန်မာလို တစ်သက်တာ တီဘီကင်းဝေးရေး၊ အားလုံးပါဝင်ဆောင်ရွက်ပေးဟု ပြန်ဆိုထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့၌ လုံခြုံရေးတာဝန်ကျဝန်ထမ်းများ လုံခြုံရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၂၆

မိတ္ထီလာမြို့တွင် မကြာမီရက်ပိုင်းအတွင်းကဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ဒေသခံပြည်သူများစိုးရိမ်ကြောင့်ကြမှု ဖြစ်ပေါ်နေခြင်းအပေါ် ပြေပျောက်စေရေးအတွက် လုံခြုံရေးတာဝန်ကျ ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် တာဝန်သိပြည်သူများပူးပေါင်း၍ လုံခြုံရေးဆောင် ရွက်လျက်ရှိရာ မတ် ၂၅ ရက် ည ၈နာရီမှ နံနက်၄နာရီအထိ မြို့ပေါ်ရပ်ကွက်(၁၄)ရပ်ကွက်အတွင်း လုံခြုံရေးဆောင်ရွက်မှုကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မိတ္ထီလာမြို့အရှေ့ပိုင်းနှင့် အနောက်ပိုင်းကို ပိုင်းခြား၍ လုံခြုံရေးတာဝန်ကျဝန်ထမ်းများနှင့် တပ်မတော်သားများက လုံခြုံရေး ကင်းလှည့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အမိန့်ထုတ်ပြန်

ယခုအခါ မိတ္ထီလာမြို့တွင် အခြေအနေများ တည်ငြိမ်အေးချမ်းသွားပြီဖြစ်သော်လည်း ဆူပူအကြမ်းဖက်မှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် ည ၇ နာရီမှ နံနက် ၄ နာရီအတွင်း ညမထွက်ရ အမိန့်ထုတ်ပြန်ထားဆဲဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

တပေါင်းလပြည့်နေ့အခါသမယတွင် နေပြည်တော်ရှိ ဘုရား၊ ပုထိုးစေတီတော်တို့၌ ကုသိုလ်ပုညပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိ

နေပြည်တော် မတ် ၂၆

ယနေ့သည် တပေါင်းလပြည့်နေ့ အခါသမယ ဖြစ်သည်နှင့်အညီ နေပြည်တော်ရှိ ဘုရား၊ ပုထိုးစေတီတော်တို့၌ ဗုဒ္ဓပူဇနိယပွဲတော်များကို ကျင်းပလျက်ရှိရာ ကုသိုလ်ပုညပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၌ ယနေ့ နံနက်ပိုင်း ပဉ္စမအကြိမ် ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပပြီး ညနေပိုင်းတွင် ဘုရားရှင်အားရည်မှန်း၍ ဥပ္ပါတသန္တိစေတီတော်အား ဆီမီး ၉၀၀၀ ဖြင့် ထွန်းညှိပူဇော်ခြင်း၊ နေပြည်တော်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ ဝတ်အသင်းအဖွဲ့များ၊ ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များက ဗုဒ္ဓဒေသနာတော်များရွတ်ဆိုပူဇော်ခြင်း၊ ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းဆက်ကပ်လှူဒါန်း၍ ဒါနသီလ၊ ကုသိုလ်ပုညပြုကြသူများ၊ သမထ၊ ဝိပဿနာဘာဝနာပွားများကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

အလားတူ ပျဉ်းမနားမြို့ရှိ ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်၌လည်း ပျဉ်းမနားမြို့ သံလမ်းကျောင်းတိုက်ဆရာတော်နှင့် ဘုရားပွဲတော်ကျင်းပရေးနာယက အဖွဲ့ဝင် ဆရာတော်လေးပါးတို့ ကြီးမှူး၍ အကြိမ်(၁၄၀)မြောက် ဆုတောင်းပြည့် လောကမာရဇိန် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကျင်းပကာ ဆရာတော် သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြပြီး သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်ကြသူများ၊ ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်ပုည ဆည်းပူးကြသူများ၊ မိသားစုအလိုက် ဘုရားဖူးကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဓာတုစယ (ဓာတ်ပေါင်းစု)စေတီတော်နှင့် စေတီတော်ပရိဝုဏ်အတွင်းရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ ပျဉ်းမနားမြို့ရှိ သမိုင်းဝင် ဘုရားကိုးဆူစေတီ၊ ကိုးခန်းကြီးဘုရားနှင့် လှေခွင်းတောင်စေတီတော်တို့၌ သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်ကြသူများ၊ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ပုည ဆည်းပူးကြသူများ၊ မိသားစုအလိုက် ဘုရားဖူးကြသူများဖြင့် စည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

တပေါင်းလပြည့်နေ့ ညတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၌ ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်လိုဏ်တော်အတွင်းရှိ မဟာမဏိမယ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူနှင့် မဟာဆုတောင်းပြည့်ဘုရားကြီးတို့အား ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာကျင်းပ

နေပြည်တော် မတ် ၂၆

နေပြည်တော်ရှိ ဥပ္ပါတသန္တိ ကုန်းတော်ပြင်၌ တည်ထားကိုးကွယ်ထားသည့် ဥပ္ပါတသန္တိစေတီတော်၏ လိုဏ်တော်အတွင်းရှိ မဟာမဏိမယ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူနှင့် မဟာဆုတောင်းပြည့်ဘုရားကြီးတို့အား ပဉ္စမအကြိမ် ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ ကျင်းပသည်။

သမ္မတရုံးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် မဟာမဏိမယ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်း ပူဇော်စဉ်။

(သတင်းစဉ်)

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဇမဟာရဋ္ဌဂုရု၊ အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုတော်မူသော ဆရာတော် သံဃာတော်များ ချီးမြှင့်တော်မူကြပြီး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်နှင့် တာဝန်ရှိသူများ၊ ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများက စေတီတော်လိုဏ်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာမဏိမယ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူနှင့် စေတီတော်ရင်ပြင်အရှေ့မြောက်ထောင့် ဂန္ဓကုဋိတိုက်ကျောင်းဆောင်တော်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာဆုတောင်းပြည့်ဘုရားကြီးတို့အား ရွှေကြာသင်္ကန်းတော်၊ မြသပိတ်တော်ဖြင့် ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့်ရေချမ်းတော်တို့ကို ဆက်ကပ်လှူဒါန်း ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက မဟာမဏိမယ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူနှင့် မဟာဆုတောင်းပြည့်ဘုရားကြီးတို့အား ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ကုသိုလ်တော်မင်္ဂလာဆည်းပူးခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံမှ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များနှင့် ဧည့်ပရိသတ်တို့က ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

တပေါင်းလပြည့်နေ့ ရန်ကုန်မြို့၌ ကုသိုလ်ကောင်းမှုပြုသူများ အထူးများပြား

တပေါင်းလပြည့်နေ့က ရွှေတိဂုံစေတီတော်၌ ဘုရားဖူးပြည်သူများ၊ ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၆

ယနေ့သည် တပေါင်းလပြည့်နေ့ဖြစ်သည့် အားလျော်စွာ ရန်ကုန်မြို့ရှိ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်း၊ ကန်များ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ သမထ၊ ဝိပဿနာ ဘာဝနာ တရားပွားများ အားထုတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

သိင်္ဂုတ္တရ ကုန်းတော်ပေါ်ရှိ ရွှေတိဂုံစေတီတော် (၂၆၀၁)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို တပေါင်းလဆန်း ၆ ရက်မှ ယနေ့ တပေါင်းလပြည့်နေ့အထိ ၁၀ ရက်တိုင်တိုင် ကျင်းပခဲ့သည်။ ယနေ့ တပေါင်းလပြည့်နေ့ နံနက် ၅ နာရီတွင် စေတီတော်ရင်ပြင် ရာဟုထောင့်ရှိ အောင်မြေ၌ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

နံနက် ၉ နာရီတွင် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ စေတီတော်ဂေါပကအဖွဲ့နှင့် အလှူရှင်တို့က ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ရေစက်ချ မင်္ဂလာအခမ်းအနားကို ကျင်းပကာ အနုမောဒနာ တရားနာကြားပြီး အမျှပေးဝေကြသည်။

ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ (၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်နှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် ရှေးဦးစွာ အရုဏ်တက်ချိန်၌ ဆရာတော် သံဃာတော်များက စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး စေတီတော်ဂေါပကအဖွဲ့ဝင်များက ဆွမ်း၊ သစ်သီး၊ မုန့်မျိုးစုံတို့ဖြင့် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး ညနေ ၄ နာရီတွင် ပင့်သံဃာအပါး ၁၃၀ နှင့် သီလရှင် အပါး ၃၀ တို့အား ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။

သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၌ နံနက်ပိုင်းတွင် နှစ်စဉ်ကျင်းပမြဲ ဖြစ်သော တပေါင်းလပြည့် မြတ်ဗုဒ္ဓပြည်တော်ဝင်အခါတော်နေ့ကို ဂေါပကအဖွဲ့က ကြီးမှူးကျင်းပပြီး ညပိုင်းတွင် ဆီမီး ၅၀၀၀ ဖြင့် စေတီတော်အား ထွန်းညှိပူဇော်ကြသည်။

ထို့အတူ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၊ ဆူးလေစေတီတော်၊ စွယ်တော်မြတ်စေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ မဟာဝိဇယစေတီတော်၊ ကိုးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ငါးထပ်ကြီးစေတီတော်၊ ကျိုက္ကစံ စေတီတော်၊ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၊ ဥက္ကလာပစေတီ၊ မယ်လမုဘုရား၊ ကျိုက္ကလို့၊ ကျိုက္ကလဲ့၊ သန်လျင်ကျိုက်ခေါက်စေတီတော်၊ ပါဒကြီး၊ ခရမ်းမြို့ သွန်းဘုရားကြီး အပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီပုထိုးများ၌ ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်ပုည ပြုကြသူများဖြင့် အထူးများပြားလျက်ရှိသည်။

ထို့အပြင် ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဗုဒ္ဓပူဇနိယ ပွဲတော်များ၊ သဲပုံစေတီများ၊ မြတ်ဗုဒ္ဓ ပြည်တော်ဝင်အခါတော်နေ့ ပူဇော်ပွဲများကို ကျင်းပလျက်ရှိကြရာ ဘုရား၊ ပုထိုး၊ စေတီတို့၌ ကုသိုလ် ပုညသံများဖြင့် စည်ဝေလျက်ရှိသည်။

(သတင်းစဉ်)

မိတ္ထီလာမြို့ရှိ ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

ယာယီကယ်ဆယ်ရေး စခန်းများ၌ ယာယီ ခိုလှုံလျက် ရှိကြသော ဒုက္ခ သည် များအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ် လှူဒါန်းပွဲတွင် ပြည်သူ့ လွှတ်တော် ကိုယ် စား လှယ် ဦးဌေးဦး မန္တလေးတိုင်း ဒေ သ ကြီး ဝန် ကြီး ချုပ် ဦးရဲမြင့်ထံ လှူဒါန်း ပစ္စည်း များ ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၆

မိတ္ထီလာမြို့၌ ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေး စခန်းများ၌ ယာယီခိုလှုံလျက်ရှိကြသော ဒုက္ခသည်များအတွက်အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် မိတ္ထီလာမြို့ ဆက်သွယ်ရေး ဝန်ထမ်းရိပ်သာညွှန့်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦး၊ မိတ္ထီလာမြို့မှ မြို့မိမြို့ဖများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များတက် ရောက်ကြသည်။ ရှေးဦးစွာ အလှူရှင်များ ကိုယ်စား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦးက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် စေတနာရှင်ပြည်သူများက တန်ဖိုးငွေကျပ် ၄၁၄ သိန်း တန်ဖိုးရှိ ဆန်အိတ် ၈၀၀၊ ကုလားပဲ အိတ် ၂၀၀၊ ဆီပိဿာ ၂၂၀ နှင့် မုန့်ကြွပ်အထုပ် ၂၀၀၀၀ ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ နတ်စင်တစ်ရာ ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာတေဇအားအမှူးထား၍ တပည့်ဒါယကာ၊ ဒါယိကာမများက လှူဒါန်းသည့် ငွေကျပ် ၁၁ သိန်းနှင့် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ လက်ဖက်နှင့် ပဲကြမ်းအထုပ်များကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာနမှ ငွေကျပ် ၁၈ သိန်းတန်ဖိုးရှိ ပုဆိုးအထည် ၃၀၀၊ အမျိုးသမီးဝတ်လုံချည် ၃၀၀၊ စပို့ရှပ် အထည် ၃၀၀ နှင့် သောက်ရေသန့်ဘူး ၁၈၀၀ တို့ကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံသည်။

ဆက်လက်၍ မိတ္ထီလာမြို့၌ တာဝန်ထမ်းဆောင်နေသော တပ်မတော်သားများအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များနှင့် စေတနာရှင်များက လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀ ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးက ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးက လက်ခံသည်။

ယင်းနောက် တောင်သာမြို့နယ် သံဃနာယကအဖွဲ့၊ တောင်သာမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်သာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တောင်သာမြို့နယ်မှ မြို့မိမြို့ဖများက လှူဒါန်းသည့် ငွေကျပ် ၁၁ သိန်းနှင့် ငွေကျပ်လေးသိန်းတန်ဖိုးရှိ ဆန်အိတ်ခြောက်အိတ်၊ ထန်းလျက် ငါးသေတ္တာနှင့် ဆီပိဿာ ၂၀ ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားပြီး လှူဒါန်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး မိတ္ထီလာမြို့ကယ်ဆယ်ရေးစခန်းများရှိ ဒေသခံပြည်သူများအား လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၂၆

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက မိတ္ထီလာမြို့ ကယ်ဆယ်ရေးစခန်းများရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုးသည် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့်အတူ နံနက် ၈ နာရီတွင် မိတ္ထီလာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကယ်ဆယ်ရေးစခန်း၌ နယ်မြေခံ တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန ဆေးကုသရေးအဖွဲ့တို့မှ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး (ယာပုံ) ဒေသခံပြည်သူများအား ရင်းရင်း နှီးနှီးနှုတ်ဆက်အားပေးသည်။

ထို့နောက် သာသနာ့ဝေပုလ္လကျောင်းဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကယ်ဆယ်ရေးစခန်းရှိ ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးသည် သာသနာ့ဝေပုလ္လကျောင်း ကယ်ဆယ်ရေးစခန်းရှိ ဒေသခံပြည်သူများအား တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့က ဆေးကုသပေးနေမှုများနှင့် နယ်မြေခံတပ်မတော်သားများက ဒေသခံပြည်သူများ၏နေအိမ် ရပ်ကွက်များသို့ တပ်မတော်မော်တော်ယာဉ်များဖြင့် ပစ္စည်းများသယ်ယူ ရွှေ့ပြောင်းရာတွင် ကူညီဆောင်ရွက် ပေးနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိတ္ထီလာမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

နေပြည်တော် မတ် ၂၆

မိတ္ထီလာမြို့ပေါ်၌ ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များ၏ ကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အစားအသောက်သန့်ရှင်းရေး၊ ကူးစက်ရောဂါများ ဖြစ်ပွားမှုရှိမရှိ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိရေးနှင့် အညစ်အကြေး စနစ်တကျစွန့်ပစ်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဖြည့်ဆည်းဆောင်ရွက်

ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝင်းမြင့်သည် မန္တလေးပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းနှင့် ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားသည့် မိတ္ထီလာမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ခရိုင်အားကစားခန်းမ၊ သာသနဝေပုလ္လကျောင်းတိုက်၊ ပထမကျော်မွှာစရိယတိုက်သစ်နှင့် သမန်းကုန်းကျောင်းတိုက်တို့သို့ သွားရောက်၍ ဒုက္ခသည်များအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ညှိနှိုင်းဖြည့်ဆည်း

ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် လှည့်လည်ကြည့်ရှုစဉ်အတွင်း ကယ်ဆယ်ရေးစခန်းများတွင် ဆေးအဖွဲ့ များတာဝန်ချိန်အတွင်း စနစ်တကျ တာဝန်ထမ်းဆောင်ရေး၊ အိမ်သာနှင့် ရေလိုအပ်ချက် ဖြည့်ဆည်းပေးရေး၊ သတင်းအချက်အလက်များ အချိန်မီ ရရှိနိုင်စေရေးအတွက် ဆက်သွယ် ပူးပေါင်းဆောင်ရွက်ရေး၊ ကူးစက်မြန်ရောဂါများ ဖြစ်ပွားမှုရှိမရှိ စောင့်ကြပ် ကြည့်ရှုမှုလုပ်ငန်းများ အားဖြည့် ဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

မိတ္ထီလာမြို့၌ ယာယီဖွင့်လှစ်ထားသောကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအတွက် စေတနာရှင်ပြည်သူများကအလှူငွေနှင့် ထောက်ပံ့ပစ္စည်းများလှူဒါန်းပြီး သန့်ရှင်းရေးစုပေါင်းဆောင်ရွက်

နေပြည်တော် မတ် ၂၆

မိတ္ထီလာမြို့၌ ယခုအခါ လုံခြုံရေးတာဝန်ကျသူများ၊ တပ်မတော်သားများနှင့် တာဝန်သိပြည်သူများ၏ နေ့ ညလုံခြုံရေးဆောင်ရွက်မှုကြောင့် ဒေသခံပြည်သူများ စိုးရိမ်ကြောင့်ကြမှု မရှိတော့ဘဲ ၎င်းတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို ပုံမှန်ဆောင်ရွက်လျက်ရှိကြသည်။

မိတ္ထီလာမြို့ပေါ်တွင် ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းငါးခု၌ ဒုက္ခသည် ၇၀၀၀ ကျော်၊ ဘုန်းတော်ကြီးကျောင်းတိုက် ၁၆တိုက်၌ ဒုက္ခသည် ၃၀၀၀ ကျော် ခိုလှုံလျက်ရှိကြပြီး တာဝန်ရှိသူများက ဒုက္ခသည်များ၏ နေထိုင်မှုနှင့်စားသောက်မှုကိစ္စရပ်များ အဆင်ပြေချောမွေ့အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများကလည်း အလှူငွေနှင့်ပစ္စည်းများ လာရောက်လှူဒါန်းပြီး ကယ်ဆယ်ရေး စခန်းများအတွင်း သန့်ရှင်းရေးများ စုပေါင်းလုပ်ဆောင်လျက်ရှိကြသည်။ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဌေးဦးနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းနှင့်ဝမ်းတော်ပြည့် ကျောင်းတိုက်တို့သို့သွားရောက်၍ ဒုက္ခသည်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး အားပေးစကား ပြောကြားကြသည်။

အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များသည် မိတ္ထီလာမြို့ရှိ ခရိုင်အားကစားခန်းမ၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း၌စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ယမန်နေ့ မွန်းလွဲပိုင်းမှ ယနေ့ မွန်းလွဲပိုင်းအထိ မိတ္ထီလာမြို့ ဆက်သွယ်ရေးဝန်ထမ်းရိပ်သာ၌ ဖွင့်လှစ်ထားသည့် အလှူငွေနှင့် ပစ္စည်းလက်ခံဌာနသို့ စေတနာရှင်ပြည်သူများ၊ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများက လာရောက်လှူဒါန်းလျက်ရှိကြရာ Peace Myanmar အဖွဲ့ နှင့် Grand Wynn Co., Ltd. တို့က ခေါက်ဆွဲခြောက်ထုပ် ၃၀၀၀၊ သောက်ရေသန့်ဘူး ၂၀၀၀၊ မုန့်မျိုးစုံ ၈၁၆ ထုပ်နှင့် အဝတ်အထည် ၁၆ ထုပ်၊ ပေါင်းလောင်း(၂) မေတ္တာဖြူအသင်းက ခေါက်ဆွဲခြောက်ထုပ် ၂၃၄၀၊ သောက်ရေသန့် ၆၄၈ ဘူး၊ ဆန် ၁၅ အိတ်၊ ဆီပိသာ ၃၀ နှင့် အဝတ်အထည်ကိုးထုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးကန့်ဘလူ လူမှုဆောင်ရွက်ရေးအဖွဲ့က ခေါက်ဆွဲခြောက်ထုပ် ၆၉၀၊ သောက်ရေသန့်ဘူး ၁၁၁၀၊ ဆန်သုံးအိတ်၊ အဝတ်အထည် ၁၁ ထုပ်၊ ရေခွက် ၃၅၇ ခုနှင့် ဆပ်ပြာခွက် ၂၄၀၊ ဦးမင်းအောင်(သီရိမင်္ဂလာရပ်ကွက် မိတ္ထီလာမြို့)က သောက်ရေသန့် ၁၀၃၂ ဘူး၊ အချိုရည် ၄၈၆ ဘူးနှင့် အဝတ်အထည်တစ်ထုပ်၊ တောင်သာမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ စေတနာရှင်ပြည်သူများနှင့် သံဃာတော်များက ငွေကျပ် ၁၁၁၀၀၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၁၀၀၀၊ ဆန်ခြောက်အိတ်၊ ဆီပိသာ ၂၀ နှင့် ထန်းလျက်ပိဿာ ၅၀၊ စက်မှုဝန်ကြီးဌာနက သောက်ရေသန့်ဘူး ၁၈၀၀ နှင့် အဝတ်အထည် သုံးထုပ်၊ ဦးရွှေကြည်-ဦးအောင်ထွေး မိသားစုတို့က ဆေးဝါးမျိုးစုံသေတ္တာ ၅၀၀၊ ဆည်မြောင်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးက ငွေကျပ် ၆၉၉၀၀၀၊ အဝတ်အထည်ရှစ်ထုပ်၊ ဇွန်းအချောင်း ၅၀၀ နှင့် ပန်းကန်အချပ် ၇၅၀၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မုန့်မျိုးစုံအထုပ် ၂၀၀၀၀၊ ဆန်အိတ် ၈၀၀၊ ဆီပိသာ ၂၂၀၀ နှင့် ဆေးဝါးမျိုးစုံသေတ္တာ ၂၀၀၊ Save the Children က ခေါက်ဆွဲခြောက်ထုပ် ၉၀၆၀ နှင့် သောက်ရေသန့် ၅၅၆၈ ဘူးတို့ကို လှူဒါန်းကြပြီး မတ် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် အလှူငွေ လှူဒါန်းခဲ့မှုအရ ဦးတင်ဦး ပျော်ဘွယ်မြို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ငွေကျပ် ၁၀ သိန်း၊ သော်တာဝင်း ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ် နှစ်သိန်း၊ ဒေါ်နီလာဝင်း အောင်ဆန်းရပ်ကွက် မိတ္ထီလာမြို့က ငွေကျပ်တစ်သိန်း၊ ကျင်းလုံမြန်မာကုမ္ပဏီလီမိတက်က ငွေကျပ် ၄၀၅၀၀၀၀ တို့ဖြစ်ကြောင်း ထပ်မံသိရသည်။

သို့ဖြစ်၍ မတ် ၂၃ ရက် နံနက်ပိုင်းမှ မတ် ၂၆ ရက် မွန်းလွဲပိုင်းအထိ စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၁၁၂၈၉၀၀၀ ဖြစ်ကြောင်း သိရှိရသည်။ စေတနာရှင်ပြည်သူများသည် မိတ္ထီလာမြို့ဆက်သွယ်ရေးဝန်ထမ်းရိပ်သာ၌ ဖွင့်လှစ်ထားသည့် အလှူငွေနှင့် ပစ္စည်းလက်ခံဌာနသို့ အလှူငွေနှင့်ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိသကဲ့သို့ ကယ်ဆယ်ရေးစခန်းများနှင့် ဘုန်းတော်ကြီးကျောင်းတိုက်များသို့လည်း ကိုယ်တိုင်ကိုယ်ကျ သွားရောက်၍ ဒုက္ခသည်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦးနှင့် အဖွဲ့ဝင်များ ဒုက္ခသည်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

သစ်တောသစ်ပင် တို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလေ့တိုး

အုတ်ဖိုမြို့၌ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုတွင် ပါဝင်ခဲ့သည်ဟု ယူဆရသူ ငါးဦးအား ဖော်ထုတ်ဖမ်းဆီး အရေးယူထား

နေပြည်တော် မတ် ၂၆

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အိုးသည်ကုန်းအုပ်စု၌ ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုတွင် ပါဝင်ခဲ့သည်ဟု ယူဆရသူ ငါးဦးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထိန်းသိမ်းထားရှိကြောင်း သိရသည်။

အုတ်ဖိုမြို့နယ် အိုးသည်ကုန်းအုပ်စု၌ မတ် ၂၄ ရက် ညပိုင်းတွင် ဆူပူလိုသူလူတစ်စုက ဘာသာရေးအဆောက်အအုံ၊ ဈေးဆိုင်၊ လူနေအိမ်အချို့အား လောက်လေးခွများ၊ ခဲများဖြင့်ပစ်ပေါက်ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြသဖြင့် တာဝန်ရှိသူများက လူစုခွဲခဲ့ရကြောင်း၊ ယင်းဖြစ်စဉ်တွင် ဦးဆောင်ပါဝင်ခဲ့သည်ဟု ယူဆရသူ ငါးဦးအား မတ် ၂၅ ရက်မွန်းလွဲပိုင်းတွင် မင်းလှရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းထားကြောင်း၊ အုတ်ဖိုမြို့နယ်နှင့် မင်းလှ မြို့နယ်အပါအဝင် အခြားနေရာ ဒေသများ၌ ဆူပူအကြမ်းဖက်မှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် ထိန်းသိမ်းထားသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

တိုင်းရင်းသားတို့ တပ်မတော်

☆ အရေးတော်ပုံ၊ ဒုက္ခကြုံတိုင်း
ဆုံဝိုင်းယှဉ်ကာ၊ အကြောင်းနာဖြင့်
စဉ်လာကြီးမား၊ တိုင်းရင်းသားတို့
မွေးဖွားမြတ်မော်၊ တပ်မတော်ကြီး
ရည်မျှော်လေးနက်၊ ပြည်သူ့ဘက်မှ
မပျက်ရပ်တည်၊ သမိုင်းရှည်ခဲ့
တိုင်းပြည်ရန်စွယ်၊ အန္တရာယ်ကို
ဖယ်ရှားချက်ချင်း၊ အသက်နှင်းထား
သွေးရင်းညီနောင်၊ လက်တွဲဆောင်ရွက်
လှူဘောင်လောက၊ ငြိမ်းချမ်းရမည်
သာစွရွှေပြည်၊ ခေတ်သစ်ဆီသို့
ညီညာတူသွား၊ ပြည်သူများနှင့်
ကြိုးစားလှမ်းကိုင်၊ တို့ပန်းတိုင်တည့်
နိုင်ငံ့ဂုဏ်ဒြပ်၊ ဂန္ထဝင်တပ်မတော်
ရပ်တည်မော်ကွန်းထိုးခဲ့တကား. . .။

(၆၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလျက်....

ပျဉ်းမနားမြင့်လှိုင်

ကြို့ပင်ကောက်မြို့နယ်၊ အုတ်ဖိုမြို့နယ်နှင့် မင်းလှမြို့နယ်တို့၌ ပုဒ်မ ၁၄၄ ထုတ်ပြန်

နေပြည်တော် မတ် ၂၆

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်နှင့် မြို့ပေါ်ရပ်ကွက်နယ်နိမိတ်အတွင်း မတ် ၂၅ ရက် ည ၁၁ နာရီခွဲခန့်တွင် ဆူပူဖျက်ဆီးလိုသူတို့က နေအိမ်၊ ဆိုင်ခန်းနှင့်ဘာသာရေး အဆောက်အအုံများကို ဖျက်ဆီးလုပ်ဆောင်လာကြသဖြင့် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးကို ထိခိုက်စေသည့်အပြင် ပဋိပက္ခရှုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားလာနိုင်သဖြင့် မြို့ပေါ်ရပ်ကွက် နယ်နိမိတ်အတွင်း စုဝေးခြင်း၊ ဟောပြောခြင်း၊ စီတန်းလမ်းလျှောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ တိုက်တွန်းခြင်း၊ ဆန္ဒပြခြင်း၊ ဆူပူခြင်း၊ ရှုန်းရင်းဆန်ခတ် ပြုခြင်းများ မပြုလုပ်ရန်၊ ညနေ ၆ နာရီမှ နံနက် ၆ နာရီအတွင်း လမ်းပေါ်မထွက်ရန် စသည်ဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ တားမြစ်မိန့်ထုတ်ပြန်ထားကြောင်း၊ ယင်းအမိန့်ကို ယနေ့ညနေ ၃ နာရီတွင် ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့အတူ အုတ်ဖိုမြို့နယ်တွင်လည်း မတ် ၂၄ ရက် ည ၉ နာရီ ၄၅ မိနစ်မှစတင်၍ ဆူပူအကြမ်းဖက်လိုသူများက နေအိမ်၊ ဆိုင်ခန်း၊ ဘာသာရေးအဆောက်အအုံများအား ဖျက်ဆီးလုပ်ဆောင်လာသဖြင့် အုတ်ဖိုမြို့နယ် မြို့ပေါ်(၆)ရပ်ကွက်နှင့် ကျေးရွာ အုပ်စု ၅၄ အုပ်စုအား ယနေ့ ညနေ ၃ နာရီတွင် ပုဒ်မ ၁၄၄ ထုတ်ပြန်၍ တားမြစ်မိန့်ထုတ်ပြန်လိုက်ကြောင်း သိရသည်။

သတင်းထုတ်ပြန်

အလားတူ မင်းလှမြို့နယ် လက်ပံရေကျော်ကျေးရွာအုပ်စု တာတွေ့ ကျေးရွာနှင့်စစ်ကွင်းကျေးရွာတို့၌ လည်း ဆူပူအကြမ်းဖက်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြသဖြင့် ပုဒ်မ ၁၄၄ ထုတ်ပြန်၍ တားမြစ်မိန့်ထုတ်ပြန်လိုက်ကြောင်း၊ အဆိုပါတားမြစ်မိန့်ကို ယနေ့ ညနေ ၄ နာရီတွင် ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ နိုင်ငံတော်သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ လုပ်ဆောင်နေသည်ဖြစ်ရာ ယင်းလုပ်ငန်းများကို ထိခိုက်မည့် အကြမ်းဖက်မှုများ၊ ဘာသာရေး အစွန်းရောက်မှုများကို ရှောင်ရှားကြပါရန် သတင်းထုတ်ပြန်ရေးအဖွဲ့က ပြည်သူများသို့ မတ်၂၅ ရက်တွင် သတင်းထုတ်ပြန်၍ တိုက်တွန်းထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောင်းပါး

(၇၈)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

ငါ့နိုင်ငံတော် ငါ့နိုင်ငံသား ငါ့တပ်မတော်အတွက် ငါ၏အသက်ကို ပေးအပ်ပါ၏

အောင်မြတ်ကျော်

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့သည် ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေသော နွေရာသီ၌ ဥသြသံတို့ တွန်ကျူးလျက် ပိတောက်ဖူးတို့ ယိမ်းနွဲ့ကခုန်ဟန်ဖြင့် အတာသင်္ကြန်ကိုကြိုဆိုနေသော အချိန်ကာလပင်ဖြစ်သည်။ ထိုနေ့သည် မြန်မာနိုင်ငံ၏ သမိုင်းဝင်နေ့တစ်နေ့အဖြစ် မော်ကွန်းတင်ခဲ့သည်မှာ (၇၈)နှစ်မြောက် တပ်မတော်နေ့ဖြစ်သော ယနေ့ အချိန်ကာလအထိပင် ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီး၌ အမိနိုင်ငံအတွက် တပ်မတော်နေ့၊ လွတ်လပ်ရေးနေ့ဟူ၍ ရှိကြသည်။ အသက်၊ သွေး၊ ချွေးဖြင့် ပေးဆပ်၍ ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့သော နေ့သည် မြန်မာနိုင်ငံ၏ သမိုင်းဝင်ကမ္ပည်းတင်ခဲ့သော တပ်မတော်နေ့ပင် ဖြစ်သည်။

မြန်မာ့သမိုင်းနှင့် မြန်မာ့တပ်မတော်သမိုင်းတွင် ပထမ၊ ဒုတိယ၊ တတိယ မြန်မာနိုင်ငံတော်အဖြစ် အင်အားတောင့်တင်းသော မင်းဧကရာဇ်နိုင်ငံကို ထူထောင်နိုင်ခဲ့သော်လည်း နိုင်ငံအတွင်းသို့ ဥရောပတိုက်သားများရောက်ရှိလာပြီး ၁၉ ရာစုမှစ၍ နယ်ချဲ့တို့ခြေရှုပ်လာမှုများကြောင့် တည်ငြိမ်အေးချမ်းမှု ယိုယွင်းလာခဲ့၍ အင်္ဂလိပ်၊ မြန်မာ စစ်ပွဲသုံးကြိမ်ဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအားလုံး လက်လွတ်ဆုံးရှုံးကာ နိုင်ငံတစ်ခုလုံး နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရသည်။

ဗြိတိသျှလက်အောက် မြန်မာနိုင်ငံ၏ နှစ်ပေါင်း(၁၀၀)ကျော် အချိန်ကာလများသည် တိုင်းပြည်၏ အမှောင်ကျဆုံး အချိန်ကာလများဟု ဆိုနိုင်သည်။ မြန်မာတိုင်းရင်းသားတို့သည် နယ်ချဲ့လက်အောက်တွင် နေရခြင်းထက် သေခြင်းက မြတ်သည်ဟုဆိုကာ မြန်မာတစ်မျိုးသားလုံး ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် နယ်ချဲ့တို့အား သေသည်အထိ တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ ခေတ်မီတပ်မတော်တစ်ရပ်မရှိဘဲ မျိုးချစ်စိတ်တစ်ခုတည်းဖြင့်သာ တော်လှန်တိုက်ပွဲဝင်ခဲ့သော မြန်မာတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုသည် နှစ်ပေါင်း(၁၀၀)ကျော် ကြာမြင့်ခဲ့သည်။

နောက်ပိုင်းတွင် ပြင်းထန်လာခဲ့သော အမျိုးသားရေးတိုက်ပွဲများကို အခြေခံ၍ နယ်ချဲ့ကို တော်လှန်တိုက်ပွဲဝင်ရန်အမျိုးသားတပ်မတော်တစ်ရပ်ရှိဖို့ လိုအပ်ကြောင်း သိရှိလာခဲ့ပြီးနောက် သခင်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်သည် ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ယူ၍ တပ်မတော်ကို စတင်ဖွဲ့စည်းခဲ့သည်။

နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန် ကြိုးပမ်းရာမှ ဖက်ဆစ်ဂျပန်နှင့် ပေါင်းမိခဲ့သည်။ ဖက်ဆစ်ဂျပန်တို့သည် မြန်မာနိုင်ငံကို သိမ်းယူပြီးနောက် မြန်မာနိုင်ငံနှင့် တိုင်းရင်းသားလူထုအပေါ် စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ကာ လွတ်လပ်ရေးအတုဖြင့် လှည့်စားခဲ့သည့်အတွက် ဖက်ဆစ်ဂျပန်ကို တော်လှန်ရန် အားထုတ်ခဲ့ရပြန်သည်။

၁၉၄၅ခုနှစ် မတ်လ ၂၇ရက်နေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့ပြီး တိုင်းရင်းသားပေါင်းစုံနှင့် လူတန်းစားအလွှာအသီးသီးတို့ ပါဝင်ခဲ့မှုကြောင့် ဖက်ဆစ်ဂျပန်ကို မြန်မာ့မြေပေါ်မှ အပြီးသတ် တိုက်ထုတ်နိုင်ခဲ့ပြီး လုံးဝလွတ်လပ်ရေးရရှိရေးအတွက် အင်္ဂလိပ်အစိုးရထံမှ နိုင်ငံရေး နည်းလမ်းများဖြင့် တောင်းဆိုခဲ့သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ပါလီမန်ဒီမိုကရေစီအစိုးရက တိုင်းပြည်ကို အုပ်ချုပ်ခဲ့သည်။ ထိုစဉ်က အာဏာရပါတီသည် တိုင်းပြည်အရေးထက် မိမိပါတီအာဏာတည်တံ့ရေးကိုသာ ဦးစားပေးခဲ့ပြီး တိုင်းရင်းသားလူမျိုးစုများကို ပစ်ပယ်ကာ အစွန်းရောက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ခြင်းကြောင့် ပြည်တွင်းရောင်စုံ သောင်းကျန်းမှုများ ကျယ်ပြန့်လာကာ တပ်မတော်နှင့် ပြည်တွင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ဒဏ်ရာရသည်အထိ အမိမြေပေါ်၌ သွေးခင်းခဲ့ကြသည်မှာ ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့သည်။

၁၉၄၅ ခုနှစ်တွင် နိုင်ငံ၏ ၇၅ ရာခိုင်နှုန်းသည် သောင်းကျန်းသူအဖွဲ့အစည်း အသီးသီးလက်ဝယ်သို့ ကျရောက်ခဲ့သည်။ မန္တလေးမြို့ တစ်ခြမ်းနှင့်ရန်ကုန်မြို့အစွန်အဖျား ဒေသများကို သောင်းကျန်းသူများက သိမ်းပိုက်ထိန်းချုပ်ထားခဲ့ပြီး ၁၉၄၉ ခုနှစ် တိုင်းပြည်၏ အခြေအနေမှာ တစ်ပြည်လုံးစစ်မီးရှိန်မြင့်ခဲ့သော အဆိုးရွားဆုံးကာလများ ဖြစ်ခဲ့သည်။

တိုင်းပြည်ကနုနု မုန်တိုင်းက ထန်ထန် ဖြစ်နေသော အချိန်ကာလအတွင်း တိုင်းပြည်နှင့်လူမျိုးအပေါ် ထာဝရသစ္စာစောင့်သိသော တပ်မတော်သည် ရုပ်ပိုင်းဆိုင်ရာအရ တွက်ဆလျှင် ရန်သူထက် အဆမတန် အင်အားနည်းပါးသော်လည်း ကြီးမားသော သူရသတ္တိ၊ ဇွဲလုံ့လတို့ဖြင့် အသက်သွေးချွေးပေါင်းများစွာ ပေးဆပ်၍ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ကာကွယ်စောင့်ရှောက်ပေးခဲ့ရသည်။

ပြည်တွင်းသောင်းကျန်းမှုများကို အန်ခဲ၍ ချေမှုန်းနေခဲ့ရသော တပ်မတော်သည် ပြည်ပကျူးကျော်သူ တရုတ်ဖြူတို့၏ ထိပါးနှောင့်ယှက်မှုအန္တရာယ်ကို ကြံ့ကြံ့ခံရင်ဆိုင်ချေမှုန်းခဲ့သော စစ်ဆင်ရေးကြီးများသည် နိုင်ငံ၏ စစ်မက်ရေး သမိုင်းတွင် ကမ္ပည်းထိုးမှတ်ကျောက်တင်ရသော ဂုဏ်ဝင် တိုက်ပွဲကြီးများအဖြစ် သမိုင်းတင်ခဲ့သည်။

၁၉၅၂-၅၃ ခုနှစ်ပိုင်းတွင် ပြည်တွင်းသောင်းကျန်းမှု စစ်မီးရှိန်လျော့နည်းခဲ့သော်လည်း အာဏာရပါတီအတွင်း အကွဲကွဲအပြားပြား ဖြစ်ကာ အုပ်စုဖွဲ့မှုနှင့် အုပ်စုအတွင်း ပဋိပက္ခများ ကျယ်ပြန့်စွာဖြစ်ပေါ်ခဲ့သည့်အပြင် အာဏာရပါတီ၏ ခါးပိုက်ဆောင်တပ်များနှင့် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိပါးနှိပ်စက်မှုဒဏ်ကို ပြည်သူများ ခါးစည်းခံခဲ့ရသည်။

နောက်ဆုံးတွင် လူတစ်စုအဖွဲ့အစည်းတစ်ရပ်၏ အကျိုးစီးပွားအတွက် နိုင်ငံတော်၏အမာခံအင်အားနှင့် အမျိုးသားရေးအင်အားတစ် ရပ်ဖြစ်သော တပ်မတော်ကို အခြား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အားပြိုင်ထိန်းချုပ်ကာ ဖြိုခွဲပစ်ရန်အထိ ကြံစည်လုပ်ဆောင်လာခဲ့သည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးသည် ၁၉၄၈-၄၉ ခုနှစ် အခြေအနေများသို့ ပြန်လည်ဦးတည်လာသောကြောင့် အမျိုးသားရေး အကျိုးစီးပွားကို ပြန်လည်ဖော်ဆောင်ရန်အတွက် တပ်မတော်က နိုင်ငံတော်ကိုအခြေခံဥပဒေနှင့်အညီ တာဝန်ယူထိန်းသိမ်းပေးခဲ့ရသည်။

မြန်မာ့နိုင်ငံရေး အင်အားစုများ အချင်းချင်း မညီမညွတ်ပြိုကွဲနေမှုများကို အခွင့်ကောင်းယူ၍ တိုင်းရင်းသား လူမျိုးစုခေါင်းဆောင်အချို့က ပြည်နယ်တောင်းဆိုမှု ခွဲထွက်ခွင့်နှင့် ခြိမ်းခြောက်လျက် ဖက်ဒရယ်မှု တောင်းဆိုမှုများ ပေါ်ပေါက်လာခဲ့ပြီး ပြည်ထောင်စုကြီး ပြိုကွဲတော့မည့် အက်ကြောင်းများကြောင့် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်တွင် တပ်မတော်က နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ထိန်းသိမ်းတာဝန်ယူခဲ့ရပြန်သည်။

လွတ်လပ်သော မြန်မာနိုင်ငံ၏ ဒုတိယမြောက် အခြေခံဥပဒေသည် နိုင်ငံတော်အား ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြင့် အကောင်အထည်ဖော်ကာ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ပင်မတာဝန်အဖြစ် ထမ်းဆောင်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် ရပ်ကွက်အတွင်း ခိုက်ရန်ဖြစ်ပွားမှု တစ်ခုမှ အစပြုကာ မြေပေါ်မြေအောက်ရှိ အဖွဲ့အစည်းများနှင့် မသမာသူ နိုင်ငံရေးသမားအချို့က နိုင်ငံအတွင်း မတည်မငြိမ်ဖြစ်အောင် ယာယီဖြစ်ပေါ်နေသော အခြေအနေများကို လက်ညှိုးထိုးကာ ပုံကြီးချဲ့ ဝါဒဖြန့်ခဲ့ကြသည်။ အစိုးရ၊ တပ်မတော်နှင့် ပြည်သူအင်အားစုကြီးအတွင်း အထင်အမြင်လွဲမှားမှု၊ ယုံမှားသံသယဖြစ်မှုများ ဖြစ်ပေါ်လာစေရန်အတွက် နည်းလမ်းမျိုးစုံ အသုံးပြု သွေးထိုးလှုံ့ဆော်ခဲ့ကြသည်။

မင်းမဲ့စရိုက်ဆိုးများ နေရာအနှံ့ ဖြစ်ပွားနေချိန်တွင် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်သည် လုံခြုံမှုမရှိသော အခြေအနေသို့ ဆိုက်ရောက်ခဲ့ပြီး နိုင်ငံကို မည်သူ၊ မည်ဝါ၊ မည်သည့်အဖွဲ့အစည်းကမှ မထိန်းနိုင်တော့သည့် အခြေအနေများနှင့် လူသတ်၊ လုယက်၊ မိုက်ကြေးခွဲ၊ ဗိုလ်ကျအနိုင်ကျင့်ဝါဒီများ စိုးမိုးနေချိန် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထိပါးဆုံးရှုံးတော့မည့် အခြေအနေများကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်အတွက် တပ်မတော်သည် အခက်အခဲအကျပ်အတည်းနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ကိုသိလျက်နှင့် မုန်တိုင်းကိုမမှု အန်တုကာ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ထိန်းသိမ်းတာဝန်ယူပေးခဲ့ရသည်။

နိုင်ငံအတွင်း ဆူပူအကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေချိန်တွင် တပ်မတော်အနေဖြင့် ရှေ့တန်းတပ်စခန်းများအား အင်အားအနည်းငယ်မျှဖြင့် တပ်စခန်းထိန်းနှင့် ဝန်းကျင်နယ်မြေစိုးမိုးရေး တာဝန်များကို ထမ်းဆောင်စေခဲ့ပြီး အင်အားတချို့ကို ထုတ်နုတ်ကာ ရန်ကုန်မြို့နှင့်အခြားမြို့ကြီးများတွင် လုံခြုံရေးတာဝန်ယူဆောင်ရွက်ခဲ့ရသည်။

ထိုသို့သော အခြေအနေများတွင် နိုင်ငံတွင်းဖြစ်ပွားလျက်ရှိသော အခင်းအကျင်းကို အခွင့်ကောင်းယူလျက် ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယန်းဒေသရှိ တပ်မတော်စခန်းများအား ဗကပတို့သည် အင်အား ၂၀၀၀ ကျော်ခန့်ဖြင့် အင်အားသုံး တိုက်ခိုက်ခဲ့ကြသည်။ မိုင်းယန်းဒေသကို သိမ်းယူပြီး ၎င်းမှတစ်ဆင့် နယ်ပယ်ချဲ့ထွင်ရန် အကြံကြီးခဲ့ကြသည်။

သို့သော် တပ်မတော်၏တန်ပြန်တိုက်စစ်၊ ထိုးစစ်အောက်တွင် ဗကပတို့ ရည်ရွယ်ချက်ပျက်ပြားခဲ့ပြီး အထိအခိုက်အကျအဆုံးများစွာဖြင့် ဆုတ်ခွာသွားခဲ့ကြသည်။ မိုင်းယန်းဒေသတိုက်ပွဲတွင် တိုက်ပွဲကြီး (၁၄)ကြိမ်၊ တိုက်ပွဲငယ် (၂၃)ကြိမ်၊ လုံ့စွပ်ထိုးတိုက်ပွဲ အကြိမ် (၃၀) ဖြစ်ပွားခဲ့ပြီး တပ်မတော်မှ အရာရှိ စစ်သည် (၅၁) ဦး နိုင်ငံအတွက် အသက်ပေးလှူခဲ့သည်။

အလားတူ အရှေ့တောင်တိုင်း စစ်ဌာနချုပ်နယ်မြေ၊ ကရင်ပြည်နယ်အတွင်းရှိ မဲသဝေါဒေသကို တောတွင်းလက်နက်ကိုင် အဖွဲ့ကြီးတစ်ဖွဲ့သည် အင်အား ၁၀၀၀ ကျော်ခန့်ဖြင့် ဝိုင်းပတ်တိုက်ခိုက်ခဲ့ကြသည်။၎င်းဒေသတွင် တိုက်ပွဲပေါင်း (၈၅) ကြိမ်ဖြစ်ပွားခဲ့ပြီး တပ်မတော်မှ အရာရှိစစ်သည် ၁၄၅ ဦး နိုင်ငံအတွက် အသက်ပေးလှူခဲ့သည်။

လူ့ဘဝတွင် အသက်ခန္ဓာ တည်မြဲရေးသည် အရေးကြီးဆုံးဟု ဆိုသော်လည်း တပ်မတော်သားတို့သည် အမိနိုင်ငံနှင့် အမိတပ်မတော်အတွက် မိမိ၏အသက်ကို မငဲ့ကွက်ဘဲ ပေးလှူခဲ့မှုသည် တပ်မတော်နှင့် တပ်မတော်သားတို့၏ အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်းနှင့် တုနှိုင်းမဲ့သော ဂုဏ်ဒြပ်များပင်ဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ထိန်းသိမ်းရယူပြီးချိန်မှစ၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ဦးစွာဆောင်ရွက်ခဲ့သည်။ တည်ငြိမ်အေးချမ်းမှု ရှိလာသည်နှင့်အမျှ ယိုယွင်းခဲ့သော နိုင်ငံကို မူလအခြေအနေမှသည် ပြုပြင်ပြောင်းလဲတိုးတက်လာသည့် အဆင့်သို့ တစ်ဆင့်ချင်းဆောင်ရွက်ခဲ့သည်။ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် တောတွင်း လက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံတော်၏ နိုင်ငံရေး အင်အားစုများဖြစ်ကြောင်း၊ တိုင်းပြည်၏ နိုင်ငံရေးအင်အားစုများ အကွဲကွဲအပြားပြား ဖြစ်နေမည်ဆိုပါက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရန် အခက်အခဲများဖြစ်နိုင်ကြောင်း၊ မညီမညွတ်ဖြစ်ကာ တိုက်ခိုက်ခဲ့ကြသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၌ အိမ်နီးချင်းနိုင်ငံများ၏ နောက်တွင် ကျန်ရစ်ခဲ့ကြောင်း၊ အသိတရားများဖြင့် ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ကာ တောတွင်း လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲလျက် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဇောင်းပေးဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

ပြည်သူလူထု၏ အကျိုးစီးပွားကို ထာဝစဉ် ကာကွယ်စောင့်ရှောက်ခဲ့သော တပ်မတော်သည် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဖျက်သိမ်းပေးခဲ့ပြီး သမိုင်းပေးတာဝန်အရ ဈေးကွက်စီးပွားရေး စနစ်ပေါ်တွင် အခြေခံကျသည့် စည်းကမ်းရှိသော ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်စေနိုင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်တစ်ခုကို ဖော်ဆောင်ရန် ဖြစ်လာခဲ့သည်။

ထို့ကြောင့် အနာဂတ်မြန်မာနိုင်ငံတော် ရေရှည်အကျိုးရှိပြီး ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် မရှိမဖြစ် လိုအပ်သည့်အတွက် တပ်မတော်သည် ရေရှည်ရည်မှန်းချက်ဖြင့် ၁၉၉၃ ခုနှစ်မှစ၍ အမျိုးသားညီလာခံကို ခေါ်ယူကျင်းပပေးခဲ့သည်။ အဆိုပါ ညီလာခံတွင် နိုင်ငံရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဥပဒေရေးရာ စသည့် ရှုထောင့်မျိုးစုံမှ အတွေ့အကြုံကြွယ်ဝသည့် ပုဂ္ဂိုလ်များ ပါဝင်သကဲ့သို့ နိုင်ငံတော်အတွင်းရှိ မြို့နယ်များမှ တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်ရေးဆွဲခဲ့ကြရာ ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် အမျိုးသားညီလာခံ အောင်မြင်စွာပြီးစီးခဲ့ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲ၍ ပြည်သူ့ဆန္ဒခံယူကာ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဒီမိုကရေစီ အစိုးရသစ်ကို စတင်ထူထောင်ခဲ့သည်။

တပ်မတော်သည် နိုင်ငံတော်အတွင်း မည်သည့်အစိုးရက မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်စီးပွားရေးစနစ်ကို ကျင့်သုံးစေကာမူ ထာဝရတောင့်တင်းခိုင်မာပြီး အမျိုးသားရေးအပေါ် ဘယ်တော့မှ သစ္စာမဖောက်သည့် နိုင်ငံတော်ကာကွယ်ရေးအဖွဲ့အစည်းဖြစ်သည်။ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ထိန်းသိမ်းတာဝန်ယူခဲ့ရသည့် အခြေအနေများကို ပြန်လည်လေ့လာမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေအရပင်ဖြစ်စေ၊ နိုင်ငံတော်၏ အရေးအရာအတွက် တာဝန်ရှိသော အဖွဲ့အစည်းများ၏ ကျင့်ဝတ်အရပင်ဖြစ်စေ၊ နိုင်ငံတော်အတွင်း ဖွဲ့စည်းထားအပ်သော တပ်မတော်တိုင်းသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားနှင့် နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တာဝန်ယူ ဆောင်ရွက်ရစမြဲဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

တပ်မတော်၏သမိုင်းကို ပြန်လည်လေ့လာမည်ဆိုပါက တပ်မတော်သည် ပြည်သူနှင့်လက်တွဲ၍ တစ်သွေးတစ်သားတည်း ရပ်တည်ကာ နိုင်ငံတော်၏လွတ်လပ်ရေးကို ရယူပေးခဲ့ပြီး လွတ်လပ်ရေးရပြီးနောက် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အခက်အခဲကြီး လေးရပ်ဖြစ်သည့် ၁၉၄၈-၄၉ ခုနှစ် ပြည်တွင်းရောင်စုံသောင်းကျန်းမှု၊ ၁၉၅၈ ခုနှစ် နိုင်ငံရေးပါတီ အကွဲအပြဲအန္တရာယ်၊ ၁၉၆၂ ခုနှစ် ပြည်ထောင်စုမှ ပြည်နယ်များ ခွဲထွက်မည့်အန္တရာယ်၊ ၁၉၈၈ ခုနှစ် ဒီမိုကရေစီတောင်းဆိုဆန္ဒပြမှုအပေါ် ဖြစ်ပွားခဲ့သော ဆိုးကျိုးရလဒ်များဖြစ်သည့် တိုင်းပြည်ပျက်စီးပြီး အချုပ်အခြာအာဏာ ဆုံးရှုံးရတော့မည့် အန္တရာယ်များ၊ ခေတ်အဆက်ဆက် သမိုင်းပေး တာဝန်များအပြင် သမိုင်း၏လိုအပ်ချက်အရ ပြည်သူလူထုအပေါ် ကျရောက်လာသော သဘာဝ ဘေးအန္တရာယ်များ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများတွင်လည်း ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာ ထိပါးစော်ကားလာမှုများနှင့် ကြုံတွေ့ရတိုင်းတွင်လည်း တိုင်းပြည်နှင့် လူမျိုးအပေါ် ထာဝရသစ္စာစောင့်သိရှိသေသော တပ်မတော်သည် ပြည်သူများဘက်မှ မားမားမတ်မတ် ရပ်တည်ကာ ကာကွယ်စောင့်ရှောက်ခဲ့ခြင်းများကို တွေ့ရမည်ဖြစ်သည်။

ပြည်ထောင်စု တိုင်းရင်းသားစုံလင်စွာဖြင့် ဖွဲ့စည်းထားအပ်သော ပြည်ထောင်စုတပ်မတော်သည် နိုင်ငံတော်၏မူဝါဒဖြစ်သောပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေးနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၆)၊ အပိုဒ်ခွဲ(စ)တွင် ဖော်ပြပါရှိသော နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်မှ ပါဝင်ထမ်းဆောင်လျက်ရှိသည့်အပြင် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာသော ပြည်တွင်းပြည်ပ အဖျက်သမား၏ အန္တရာယ်ဟူသမျှကိုလည်း နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအားတို့ဖြင့် ပူးပေါင်း ကာကွယ်စောင့်ရှောက်သွားမည် ဖြစ်ပြီး **“ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏ အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါကြောင်း”** ဟု အသက်ကိုပင် ပဓာနမထား စွန့်လွှတ်စွန့်စားသော ခိုင်ကျည်သောစိတ်၊ မွန်မြတ်သောစိတ်တို့ဖြင့် သစ္စာစကားဆိုထားကြသော တပ်မတော်သားများ ဖြစ်ပါကြောင်း (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုရေးသား တင်ပြလိုက်ရပါသည်။

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ် တော်ရ ဦးနန္ဒအား ဘွဲ့တံဆိပ် တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

အဆိုပါ မဟာမင်္ဂလာအခမ်းအနားများသို့ ဒုတိယသမ္မတများ ဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးဒေါ်နန်းရွှေမူန်၊ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊

အပ်နှင်း

ဒုတိယသမ္မတ ဦးညဏ်ထွန်း သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ ဦးလှထွန်းအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ၂၀၁၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မဟာမင်္ဂလာအခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင် စတင်ကျင်းပရာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ မဟာမင်္ဂလာအခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဗန်းမော်ကျောင်းတိုက်ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒစရိယ မွန်ပြည်နယ် မော်လမြိုင်မြို့ မဟာရင်ပရိယတ္တိ စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တအာဒိစ္စက သမ္မောဒနီယဩဝါဒကထာကို ချီးမြှင့်ဖတ်ကြားတော်မူသည်။

ယင်းနောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် မွန်ပြည်နယ် မော်လမြိုင်မြို့ ကတိုးကျေးရွာ မဟာရင် ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တအာဒိစ္စနှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပိန္နဲတောရပ်ကွက် ဇေယျဝတီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒဝံသတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ကွမ်းခြံရပ်ကွက် ဒဟတ္တောကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဇာတသာရနှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မဟာအောင်မြေရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသရတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မိုးထိတိုက်စည်သာကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏနှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပိန္နဲတောရပ်ကွက် ဇေယျဝတီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအရိန္ဒမတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ ဦးတိုးတိုးအောင်အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သိုက်ကုန်းရွာ သိုက်ကုန်းကျောင်းစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဉာဏဒီပ၊ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်ကျောင်းတိုက် ရွှေဘုံသာတိုက်ကျောင်းဆရာတော် ဘဒ္ဒန္တဝါယမနှင့် ရှမ်းပြည်နယ် တာချီလိတ်မြို့ ဝမ်းကောင်းရပ်ကွက် ထေရဝါဒ တောင်တန်းသာသနာပြု ဗဟိုကျောင်းဆရာတော် ဘဒ္ဒန္တရေဝတတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်းက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသုံးပါး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသုံးပါး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသုံးပါး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး သုံးပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာကမ္မဋ္ဌာနာစရိယ၊ ဂန္ထဝါစကပဏ္ဍိတ၊ ကမ္မဋ္ဌာနာစရိယနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ

စာမျက်နှာ ၈ ကော်လံ ၁ သို့

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး သုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ ဦးညိုဝင်းအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ ဦးမျိုးညွှန့်အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ သုဇာတသာရအား ဘွဲ့တံဆိပ်တော် ဆပ်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်က အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လယ်တီရပ်ကွက် ဓမ္မမေဒနီကျောင်းတိုက်မှ ဆရာကြီး ဒေါ်ပညာဝတီ၊ စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက် ဇေယျသိဒ္ဓိချောင်မှ ဆရာကြီးဒေါ်မွေ့သီရိနှင့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိတော်မူသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက် သမိဒ္ဓေါဒယချောင်မှ ဆရာကြီး ဒေါ်ပညာသိဂ္ဂီ၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်က ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ မော်လမြိုင်သီလရှင်စာသင်တိုက် ဧမြို့ချောင်မှ ဆရာကြီး ဒေါ်ခေမာစာရီ၊ နီပေါနိုင်ငံ ကတ္တမန္ဒူမြို့ Swayumbu ရပ်ကွက် Kimdol ကျောင်း သီလရှင်ဆရာကြီး ဒေါက်တာ ဒေါ်ဓမ္မဝိဇယနှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲနယ်မြေ စက်မှုဇုန်ကွက်သစ် ပရဟိတသာသနဝေပုလ္လကာရီ သီလရှင်စာသင်တိုက် ဆရာကြီး ဒေါ်ဂန္ဓသာရီတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူနေစဉ်။ (သတင်းစဉ်)

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် ကယားပြည်နယ် လွိုင်ကော်မြို့ လောဓမ္မရပ်ကွက် မဟာဓမ္မဝိဟာရီသီလရှင်သင် (အမျိုးသမီး)ပညာရေးကျောင်းဆရာကြီး ဒေါ်ထေရညာဏီနှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက် အမှတ်(၂၅) ရတနာသိဂ္ဂီ (ပရဟိတ) သီလရှင်သင်ပညာရေးကျောင်းဆရာကြီး ဒေါ်ဣန္ဒသိဂ္ဂီတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် သာသနာ့နုဂ္ဂဟဘွဲ့နှင့် သာသနာပြုဘွဲ့တံဆိပ်တော်ရရှိကြသူများအား ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ရာ ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသည့် အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း Medam မီဒန်းမြို့ JI. SUMOTO, No (201,203,205)နေ မစ္စတာတွန်ဂါရီယိုဂျို အန်ကာစာနှင့် သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ရရှိကြသည့် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ အနော်ရထာလမ်း မြို့မရပ် အမှတ်(၁)နေ ဦးနန္ဒ၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရှမ်းပွဲရွှေဘုန်းရှိန်ရပ် အမှတ် ၆၅၃/၁၆ နေ ဦးကျော်ဝင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဒေါင်းမကျေးရွာနေ ဦးစိုးနိုင်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိကြသည့် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ ကျောက်မြောင်းရပ်ကွက် ဗိုလ်ချုပ်လမ်း အမှတ်(၂)နေ ဦးတိုးတိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်ရပ်ကွက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ယုဇနကွန်ဒိုတာဝါ အခန်းအမှတ်-၅၀၇၊ အမှတ် ၆၉ နေ ဒေါက်တာလှဝင်းအောင်နှင့် သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိကြသည့် မွန်ပြည်နယ် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း အရှေ့ရှမ်းကုန်းရပ် မောင်ကလေးလမ်း အမှတ် ၄၆ နေ ဦးချစ်စိန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ တမာမြိုင်ရပ်ကွက် အောင်မင်္ဂလာလမ်း အမှတ် တ-မ-န (၁၇၉) နေ ဦးကျောက်ခဲတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂) ရပ်ကွက် ရွှေတောင်ကြားလမ်း အမှတ် ၃၉/ဘီ နေ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက် နှောင်ရိုးလမ်း အမှတ် အေ/၃၉ နေ ဦးသန်းဝင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ သိမ်ကုန်းရပ်ကွက် အောက်လမ်းမကြီး အမှတ် ၅၄၁ နေ ဦးလှထွန်းနှင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ရိပ်သာလမ်း အောင်မြင့်မိုရ်ရေခဲစက်ပိုင်ရှင် ဦးမောင်ယုတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်းနှင့် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့က သုဓမ္မမဏိဇောတဓရ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိကြသူများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်က အဂ္ဂမဟာသီရိသုဓမ္မသိဂ္ဂီ ဘွဲ့တံဆိပ်တော်ရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၁၀)ရပ်ကွက် အင်းလျားရိပ်သာလမ်း အမှတ် ၆/ကနေ ဒေါ်မြရင်၊ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ထိန်ကန်ရပ်ကွက် အမှတ်(၄)နေ ဒေါ်အေးအေးချိုနှင့် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် (၄) ရပ်ကွက် ၁၉ လမ်း အပေါ်ဘလောက် အမှတ် ၁၅၂/၁၅၄ နေ ဒေါ်နန်းမောက်လောဝ်ဆိုင်နှင့် သီဟ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့ ဆရာ... ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူနေစဉ်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အဘိဓဇအဂ္ဂမဟာသဒ္ဓမ္ම... ဆရာတော် ဘဒ္ဒန္တဉာဏဒီပအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဦးစီပို့(ခ)ဦးစုဖူးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ အပ်နှင်းစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် အဂ္ဂမဟာသီရိသုဓမ္မသိဂ္ဂီ ဘွဲ့ရ ဒေါ်မြရင်အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ အပ်နှင်းစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်... ဘွဲ့ရ ဒေါက်တာနီလာသိန်းအား ဘွဲ့တံဆိပ်တေ... အပ်နှင်းစဉ်။

ပြည်တွင်းသတင်း

...ဒေါ်နန်းရွှေမှုန်တို့ ဆရာတော် သံဃာတော်များအား

(သတင်းစဉ်)

...တိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ ...လျှုဒါန်းစဉ်။

(သတင်းစဉ်)

...တိုင်းဒေသကြီး ...(၁၀)ရပ်ကွက် ...မ်း အမှတ် ၆/ ...လေးတိုင်းဒေသ ... ထိန်ကန်ရပ် ...ဒေါ်အေးအေးချို ...ကြီး လသာမြို့ ...၃ လမ်း အပေါ် ...၅၂/၁၅၄ နေ ...ဝ်ဆိုင်နှင့် သီဟ သုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ် ဝါးတန်းလမ်း အမှတ် ၂၅၃ နေ ဒေါ်ခင်ရှိန်၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်(၇) ရပ်ကွက် "စိန်ဂေဟာ" သီရိမင်္ဂလာရိပ်သာ အမှတ် ၂၅/အီးနေ ဒေါ်ခင်ခင်စိန်နှင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်

...ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့် သီဟသုဓမ္မသိင်္ဂီ ...သိန်းအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ

(သတင်းစဉ်)

၈၃လမ်း× လမ်း ၂၀၊ အမှတ် ခ/၃၆ နေဒေါ်ခင်လှသင်းတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်က သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ရရှိကြသည့် မကွေးတိုင်းဒေသကြီး မကွေးမြို့ ကန်သာရပ်ကွက် ကန်သာ ၁၄ လမ်း အမှတ် စီ-၂-၃၄၆ နေ ဒေါက်တာနီလာသိန်း (မျက်စိအထူးကုဆရာဝန်ကြီး)၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ် (၂) ရပ်ကွက် ဖိုးစိန်လမ်း အမှတ် ၂၇/ကနေ ဒေါ်ခင်လှဲ့လှဲ့ဝင်း(ခ) ဒေါ်လှဲ့လှဲ့ဝင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် (ဆ-၁၂) ရပ်ကွက် ခိုင်ရွှေဝါလမ်းကြားနှင့် မနော်ဟရီလမ်းကြား ၆၈ လမ်း အမှတ် ၄၅/၄၆ နေ ဒေါ်ငြိမ်းငြိမ်း(ခ) ဒေါ်ငြိမ်းငြိမ်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၇)ရပ်ကွက် ၃၉ လမ်းနှင့် ကုန်သည်လမ်းထောင့် အောက်ဘလောက် တိုက်အမှတ် ၅၀၆ အခန်း (အေ-၂) နေ ဒေါ်ဥမ္မာမြင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၁၅) ရပ်ကွက် ဘုရင့်နောင်လမ်း သီရိမွန်အိမ်ရာ အမှတ် W-66 နေ ဒေါ်စန္ဒာဝင်းနှင့် သုဓမ္မသိင်္ဂီဘွဲ့ရရှိသည့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၈၁×၈၂ လမ်းကြား ၂၉လမ်းကြား အမှတ် ၁၂၇/၁ နေ ဒေါ်အုန်း(ခ) ဒေါ်တင်အုန်း (ဦးသိန်းမောင်ရွှေဆိုင်)တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၏ဇနီး ဒေါက်တာဒေါ်မြင့်ဌေးတို့က သုဓမ္မသိင်္ဂီဘွဲ့ရရှိကြသူများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ခြောက်ထပ်ကြီးတိုက်သာသနာ့နုဂ္ဂဟကျောင်း ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကြီးတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ မြို့နယ်များမှ ဘာသာရေးဝတ်အဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကစေတနာရှင်အလှူရှင်များက သတ်မှတ်နေရာအသီးသီးမှ ဆွမ်းဆန်စိမ်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို သဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူကြသည်။

ယင်းသို့ လောင်းလှူကြရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီးဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌဦးမြသိန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများနှင့် စေတနာရှင်ပြည်သူများသည် ဉပ္ပါတသန္တိစေတီတော် တောင်ဘက်မုခ်အဝင်လမ်းနှင့်စေတီတော်ပတ်လမ်းတစ်လျှောက်တို့ရှိ သတ်မှတ်နေရာအသီးသီးမှ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို စည်ကားသိုက်မြိုက်စွာ သဒ္ဓါကြည်ဖြူ လောင်းလှူပူဇော်ကြရာ ကြီးကျယ်ခမ်းနားလှစွာသော အလှူဒါနအောင်ပွဲသဘင်မှ ကောင်းချီးနမော် သာခုခေါ်သံများ ဉပ္ပါတသန္တိစေတီတော်ပရိဝုဏ်၌ ဘဝင်လှုံ့လျက်ရှိသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးညဏ်ထွန်း အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဉာဏအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော်အား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး ဒေါ်ပညာဝတီအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့် ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး ဒေါ်ဂန္ဓသာရီအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၇-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	မြဝတီအဖွင့်
၇း၀၂	နိုင်ငံတော်သီချင်း
၇း၀၃	တရားတော်
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၃	အမျိုးသားရေးတေးကဗျာ
၈း၀၆	ဇာတ်လမ်းတို

ညပိုင်း

၄း၀၀	မြဝတီအဖွင့်
၄း၀၈	မျိုးချစ်တပ်မတော်
၄း၁၅	အမျိုးသားရေးတေးကဗျာ
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၆	အမျိုးသားရေးတေးကဗျာ
၇း၀၀	(၆၈)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း **ကြယ်စင်မော်ကွန်း**(ပထမပိုင်း)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
-	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
-	မြဝတီရုပ်မြင်သံကြားသတင်း
-	(၆၈)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း **ကြယ်စင်မော်ကွန်း** (ဒုတိယပိုင်း)(ဇာတ်သိမ်း)

စစ်ပင်ကွင်းကျေးရွာ နွေစပါးရိတ်သိမ်းပွဲကျင်းပ

ရန်ကုန် မတ် ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာရှိ အထူးအထွက်တိုး ပုလဲသွယ် နွေစပါးစိုက်ခင်း ၁၀ ဧက ရိတ်သိမ်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယမန်နေ့နံနက် ၇ နာရီခွဲတွင် သွားရောက်ပြီး ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ပုလဲသွယ်စပ်မျိုးနွေစပါးရိတ်သိမ်းမှုနှင့် တောင်သူပညာပေးပြခန်းတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် သန်လျင်မြို့နယ် မဟာအတုလသဒ္ဓမ္မရံသီ သာသနဗိမာန်တော်ကြီး၌ ကျင်းပသည့် သုသာန်မြေမီးသင်္ဂြိုဟ်စက်နှင့် အအေးတိုက်ဖြစ်မြောက်ရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်အား နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၂၆

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်အား UNOCHA မှ Ms. Helevo Nozono ဦးဆောင်သည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ နိုင်ငံတကာကြက်ခြေနီကော်မတီနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ အဖွဲ့ဝင် ၁၃ ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၅ ရက် နံနက် ၁၁ နာရီခွဲတွင် မိတ္ထီလာမြို့ရှိ မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံစဉ် မိတ္ထီလာမြို့ရှိ ကယ်ဆယ်ရေးစခန်းများ၌ လုံခြုံရေး ဦးစားပေးဆောင်ရွက်နေမှု၊ ကျန်းမာရေး၊ စားဝတ်နေရေး၊ ကယ်ဆယ်ရေးပစ္စည်းများ ဝေငှပေးနေမှု၊ တည်ငြိမ်အေးချမ်းသွားလျှင် ဒုက္ခသည်များ မိမိတို့နေအိမ်သို့ ပြန်လည်နေနိုင်ရေးဆောင်ရွက်ပေးသွားမည့်အစီအစဉ်နှင့် ကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသော အိမ်ထောင်စုစာရင်း ကောက်ယူနေမှု အခြေအနေများကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

အသည်းရောဂါဆိုင်ရာ ပညာပေးဟောပြောပွဲ မန်းတွင်ကျင်းပ

မန္တလေး မတ် ၂၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေး) ရတနာပုံခန်းမ၌ မတ် ၂၄ ရက် နံနက် ၁၀ နာရီက Unico Overseas Development လီမိတက် (ဟောင်ကောင်)နှင့် Fortune အင်တာနေရှင်နယ်လီမိတက် (မြန်မာ)တို့ ပံ့ပိုးကူညီကျင်းပသော အသည်းရောဂါဆိုင်ရာ ပညာပေးဟောပြောဆွေးနွေးပွဲကို ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပါမောက္ခ ဒေါက်တာသံစစ်နှင့် ပါမောက္ခ ဒေါက်တာအောင်ကြီးတို့က သဘာပတိအဖြစ်ဆောင်ရွက်ကြပြီး Fortune အင်တာနေရှင်နယ်လီမိတက်မှ ဒါရိုက်တာအောင်ခိုင်သန်းနှင့် Unico Overseas Development လီမိတက်မှ ဒေသဆိုင်ရာဒါရိုက်တာ မစ္စတာ Thomas wong တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အသည်းရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာ ညိုမိခိုင်သန်းလှိုင်က အသည်းရောဂါဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်ကုထုံးများနှင့် ဗဟုသုတအတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ရန်ကုန်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ အသည်းရောဂါ အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဝင်းနိုင်က အသည်းရောဂါဝေဒနာရှင်များအတွက် နောက်ဆုံးပေါ် ကုထုံးကုကွက်ရောဂါ သက်သာရာသက်သာကြောင်းဆိုင်ရာများအကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ကျော်ကျော်ဝင်း

မန္တလေးကန်တော်ကြီးပန်းခြံ၌ လူကုန်ကူးမည့်အဖွဲ့ဖမ်းဆီးမိ

မန္တလေး မတ် ၂၆

မန္တလေးလူကုန်ကူးမှုတားဆီးနှိမ်နင်းရေး(အထူး)အဖွဲ့မှ ဒုတိယရဲမှူးမျိုးဇင်နှင့် တပ်ကြပ်ကြီးညီညီမြင့်မောင်တို့သည် နယ်မြေခံအမာခံသတင်းပေးများ၏ သတင်းပေးချက်အရ မိန်းကလေးနှစ်ဦးရှာခိုင်းသည့် လူကုန်ကူးသောအဖွဲ့ကို မန္တလေးချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးပန်းခြံအတွင်း လက်ရဖမ်းဆီးရမိခဲ့သည်။

ပြောဆိုစည်းရုံး

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီက မဟာမုနိဘုရားကြီးအရှေ့မုခ် လက်ဖက်ရည်ဆိုင်တွင် လူကုန်ကူးရန် ချိန်းဆိုထားကြောင်း သတင်းရရှိသဖြင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးမှ ညီညီမြင့်မောင်၊ အမှတ်(၁၀) ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ဒုတိယရဲအုပ်စိုးသိန်း၊ နယ်ထိန်းတပ်ကြပ်ပါလေး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး(အထူး)အဖွဲ့ခေါင်းဆောင် ဒုတိယရဲမှူးမျိုးဇင်နှင့်အတူ ပူးပေါင်း၍သွားရောက်စစ်ဆေးခဲ့ရာ လူကုန်ကူးအဖွဲ့မှ မအေးအေးအောင်တို့အဖွဲ့က မသဲသဲနှင့် မနန်းခင်တို့အား တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ်လေးလ၊ ငါးလလုပ်ကိုင်ရမည်ဖြစ်ကြောင်း ပြောကြားပြီး တစ်ဦးလျှင် လစာငွေကျပ် ၃၅၀၀၀၀ ပေးမည်ဖြစ်ကြောင်း၊ မိန်းကလေးနှစ်ဦးအား မိမိတို့နှင့်အတူ တစ်ပါတည်းခေါ်ဆောင်သွားမည်ဟု ပြောဆိုစည်းရုံးခဲ့ကြောင်း သိရှိခဲ့ရသည်။

အရေးယူထား

မတ် ၂ ရက် မွန်းလွဲ ၁ နာရီတွင် သံလျက်မှော်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ ရပ်ကွက်ဆယ်အိမ်မှူးများနှင့်အတူ ရပ်ကွက်လူကုန်ကူးမှုစောင့်ကြည့်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ အမှတ်(၁၀)ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်နှင့်အတူ ပူးပေါင်းအဖွဲ့များသည် သံလျက်မှော် တောင်ရပ်ကွက် ကန်တော်ကြီး လူထုအပန်းဖြေပန်းခြံအတွင်းရှိ ထမင်းဆိုင်နှင့် ကော်ဖီဆိုင်တို့တွင် စောင့်ကြပ်ကြည့်ရှုနေရာ လူကုန်ကူးအမာခံသတင်းပေးများနှင့် တွေ့ဆုံပြီး လူကုန်ကူးအဖွဲ့က မသဲသဲ(ခ)မမြတ်မွန်နှင့် မနန်းခင်တို့အား ငွေအပေးအယူလုပ်ပေးနေစဉ် လက်ရဖမ်းဆီးပြီး ၄င်းမိန်းကလေးနှစ်ဦးအား တရုတ်နိုင်ငံသို့ ခေါ်ဆောင်သွားကာ တရုတ်ဇနီးမယားအဖြစ် ရောင်းစားရန်အတွက် လာရောက်၍ ငွေပေးခေါ်ဆောင်ခြင်းဖြစ်ကြောင်း ပြောဆိုသောကြောင့် လူကုန်ကူးအဖွဲ့မှ မစန္ဒာဝင်း(ခ) မငယ်တာ၊ မအေးအေးအောင်(ခ) မအေးအေးခိုင်နှင့်ကိုစောမြတို့ သုံးဦးကို အမှတ်(၁၀) ရဲစခန်း စခန်းမှူးရဲအုပ်သန်းဇော်ဦးက အရေးယူထားကြောင်း သိရှိရသည်။

(ဝ၄ဝ)

မင်းဘူး(စကု) ရေတွင်းကုန်း-ဆင်လမ်းကြီး ကျေးလက်မြေသားလမ်းသစ်ဖွင့်ပွဲ ကျင်းပ

မင်းဘူး မတ် ၂၆

(၆၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းဘူး(စကု) မြို့နယ် ရေတွင်းကုန်း-ဆင်လမ်းကြီး ကျေးလက်မြေသားလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၈နာရီက ကျင်းပသည်။

အခမ်းအနားတွင် မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးက မြေသားလမ်းသစ်ဖောက်လုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မြေသားလမ်းသစ်ကို တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ မြေသားလမ်းသစ်တစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လမ်းသစ်သည် မူလက လမ်းအူကြောင်းသာရှိပြီး ချုံနွယ်များ ပိတ်ဖုံးနေသဖြင့် သွားလာ၍မရသော လမ်းတစ်လမ်းဖြစ်ကာ ကျေးရွာသူ ကျေးရွာသားများ သွားလာရေးလွယ်ကူစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၇၉သိန်းဖြင့် လမ်းအရှည် နှစ်မိုင်ကို တစ်ကြောင်းထိုးမြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာသူ ကျေးရွာသားများကလည်း လမ်းအရှည် ၁ မိုင် ၄ ဖာလုံခန့်ကို ကိုယ့်အားကိုယ်ကိုးမြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့၍ ယခုအခါ ဆင်လမ်းကြီးကျေးရွာနှင့် ရေတွင်းကုန်းကျေးရွာများမှ ကျေးလက်ပြည်သူများသည် မင်းဘူးမြို့သို့ သွားလာရာတွင်လည်းကောင်း၊ ကုန်စည်ပို့ဆောင်ရာတွင်လည်းကောင်း အချိန်ကုန်သက်သာပြီး ပိုမိုမြန်ဆန်စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

တင်ထွန်းဦး

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

မုံရွာ မတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးသာအေးနှင့် အိန္ဒိယကောင်စစ်ဝန်ချုပ် Dr.Madan Mohan Setthi၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မတ် ၂၀ ရက်နံနက်ပိုင်းက စစ်ကိုင်းမြို့နယ် သာဇင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ မြသရဖူခန်းမ၌ကျင်းပသော လယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းကြံခိုင်မှုသင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ် Dr.Madan Mohan Setthi က ရိတ်သိမ်းခြွေလှေ့စက်များ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကျော်ကျော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသာအေးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့နယ် ဆားတောင်ကျေးရွာ သီတဂူပြဟ္မာအာယု ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသောလူနာများအား ကြည့်ရှုအားပေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝက်လက်မြို့နယ် ထန်းကြီးကျေးရွာ၊ စစ်ကိုင်းမြို့နယ် ကျောင်းဖြူကျေးရွာနှင့် တလိုင်းကျေးရွာဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ဝက်လက်မြို့နယ် ရေလယ်မှော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ကျောက်မြောင်းမြို့နယ်ခွဲ ဧရာဝတီမြစ်ကူးတံတား(ရတနာသိဃ်) တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကာ တံတားသံပေါင်များတပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ယင်းမြို့နယ်ခွဲ အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ခင်ဦးမြို့နယ် သင်ပေါင်းကျေးရွာ၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အညာသီဟတောဘုရား ပြန်လည်ပြုပြင်နေမှုနှင့် ဘုရားပွဲတော်ကျင်းပရေး၊ ဈေးဆိုင်ခန်းများဖွင့်လှစ်ရောင်းချနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(တိုင်းဒေသကြီးပြန်/ဆက်)**

ဂက်(စ်) ထည့်ရာမှ ပေါက်ကွဲသေဆုံး

ရွှေကူ မတ် ၂၆

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျွန်းတော်ဘုရား တပေါင်းပွဲကျင်းပနေသည့်ကာလအတွင်း မတ် ၂၃ ရက် မွန်းလွဲ ၂ နာရီ ခန့်က ဧရာဝတီမြစ်ကမ်းဘေး၌ ဂက်(စ်) ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ မောင်နိုင်ဇင်ကို (၁၅)နှစ်သည် ဘုရားပွဲတော်အတွင်း မိုးပျံပူဖောင်းတွင် ထည့်သွင်းရန်အတွက် ဧရာဝတီမြစ်ကမ်းဘေး၌ မိဘများမသိခင် တစ်ယောက်တည်း ဂက်(စ်)ထည့်ရာ ရုတ်တရက် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

ပေါက်ကွဲမှုကြောင့် မောင်နိုင်ဇင်ကိုမှာ ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ပြီး ဆေးရုံသို့ တင်ပို့ခဲ့သော်လည်း ရရှိဒဏ်များဖြင့် ဆေးရုံရောက်ပြီး မကြာမီ သေဆုံးခဲ့ကြောင်း သိရှိရသည်။

လဘန်အောင်(ကချင်မြေ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း
နယူးလိုက် အော့ဖ်မြန်မာသတင်းစာ ထုတ်ဝေခြင်းလုပ်ငန်းအား အကျိုးတူပက်စပ်ဆောင်ရွက်ရန် အဆိုပြုလွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေလျက်ရှိသော The New Light of Myanmar နေ့စဉ်ထုတ်သတင်းစာအားအဆင့်အတန်းပိုမိုကောင်းမွန်သော သတင်းစာအသွင် ပြောင်းလဲထုတ်ဝေနိုင်ရန်အတွက် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်နိုင်ရေး အကျိုးတူဖက်စပ်ဆောင်ရွက်ရန် အဆိုပြုလွှာ ခေါ်ယူအပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းရာတွင်-

(က) ပြည်တွင်းလုပ်ငန်းရှင်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များပါဝင်ရမည်-
- (၁) လုပ်ငန်းရှင်/ကုမ္ပဏီအမည်နှင့် နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်အမှတ်၊
- (၂) လုပ်ငန်းရှင်/ကုမ္ပဏီ၏ နောက်ခံသမိုင်းအကျဉ်းချုပ်၊
- (၃) ကုမ္ပဏီဆိုင်ရာ အထောက်အထားများနှင့် ငွေရေးကြေးရေးဆိုင်ရာအထောက်အထားများ၊
- (၄) အနီးကပ်ဆုံးလက်မှတ်ရပြည်သူ့စာရင်းကိုင်မှ အတည်ပြုထားသည့်ဘဏ္ဍာရေးရှင်းတမ်း(၂) နှစ်စာ၊
- (၅) လက်ရှိဒါရိုက်တာအဖွဲ့ဝင်များစာရင်း၊
- (၆) အများဆုံးထည့်ဝင်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုပမာဏ၊
- (၇) အကျိုးအမြတ်ခွဲဝေရယူလိုသည့် ပမာဏ၊
- (၈) သီးခြားတင်ပြလိုသည့်အချက်အလက်အထောက်အထားများ၊

(ခ) ပြည်ပလုပ်ငန်းရှင်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များ ပါဝင်ရမည်-
- (၁) လုပ်ငန်းရှင်/ကုမ္ပဏီအမည်၊ပတ်စ်ပို့အမှတ်၊
- (၂) လုပ်ငန်းရှင်/ကုမ္ပဏီ၏နောက်ခံသမိုင်းအကျဉ်းချုပ်၊
- (၃) နိုင်ငံခြားကုမ္ပဏီဆိုင်ရာ အထောက်အထားများ၊
- (၄) ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများ၊
- (၅) လက်ရှိ ဒါရိုက်တာအဖွဲ့ဝင်များစာရင်း၊
- (၆) အများဆုံးထည့်ဝင်နိုင်မည့် ရင်းနှီးမြှုပ်နှံမှု ပမာဏ၊
- (၇) အကျိုးအမြတ်ခွဲဝေရယူလိုသည့် ပမာဏ၊
- (၈) သီးခြားတင်ပြလိုသည့် အချက်အလက်အထောက်အထားများ၊

၃။ အဆိုပြုလွှာတင်သွင်းမည့် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များနှင့်ကုမ္ပဏီများအနေဖြင့် အကျိုးတူဖက်စပ်ဆောင်ရွက်ရန် အဆိုပြုလွှာအား ပြန်ကြားရေးဝန်ကြီးဌာန၊သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ရုံးအမှတ်(၇)နေပြည်တော်သို့ (၂၅-၄-၂၀၁၃)ရက်နေ့နောက်ဆုံးထား၍ ပေးပို့နိုင်ရန်ခေါ်ယူအပ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၂၀၁၁၉၂၊ ၀၆၇-၄၁၂၁၂၃နှင့် ၀၆၇-၄၁၂၁၂၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဆောင်းပါး

ချင်းမိုင်မြို့မှ သာသနာ့အောင်ပွဲ ခြိမ့်ခြိမ့်သဲ

ဦးထွန်းထွန်းဦး(သဒ္ဓမ္မဇောတိကဓဇ)

ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် မတ် ၁၀ ရက်က ကျင်းပသော ဝပ်ဆိုင်းမွန်း မြန်မာကျောင်းမှ ဆရာတော် ဦးအာသဘ၏ အန္တိမစျာပနပွဲကို အကြောင်းပြု၍ ထိုင်းနှင့်မြန်မာဗုဒ္ဓဘာသာဝင်များ အတူလက်တွဲပြီး အကောင်းဆုံးသော သာသနာပြုပွဲကြီးကို ဆင်နွှဲနိုင်ခဲ့ကြပေသည်။ ထိုနေ့သည်ကား ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် လွန်စွာကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှသည့်နေ့ထူး နေ့မြတ် အချိန်အခါသမယတစ်ခု ဖြစ်ခဲ့ရပါသည်။

ထိုင်းနှင့်မြန်မာတို့သည် ရှေးခေတ် နှစ်ပေါင်းများစွာကစ၍ သာသနာရေး ဘာသာရေးများကို အတူလက်တွဲလုပ်ဆောင်ခဲ့ကြသော လွန်စွာရင်းနှီးသည့် အိမ်နီးချင်းမိသားစုနိုင်ငံများ ဖြစ်ခဲ့ကြသည်။ သာသနာရေးဆက်သွယ်မှုများသည် တစ်ခါတစ်ရံတွင် နှစ်ကာလရှည်လျားလာသည်နှင့်အမျှ သွေးအေး၍သာမန် အနေအထား၌ပင်ရှိခဲ့သော်ငြားလည်း ယခုနှစ် ယခုအချိန်၌ကား ထိုင်းနှင့် မြန်မာသာသနာဆက်ဆံရေးတို့သည် အလွန်တိုးတက်ကောင်းမွန်လာပြီး ချစ်ကြည်ရင်းနှီးမှု အရှိန်အဟုန်အမြင့်မားဆုံးအချိန်သို့ ရောက်ရှိခဲ့သည်။

ထိုသို့ရရှိခဲ့သည့်အကြောင်းတစ်ခုမှာ ချင်းမိုင်မြို့ရှိ ဝပ်ဆိုင်းမွန်းမြန်မာ ကျောင်းမှစ၍ အခြေခံပါသည်။ ဝပ်ဆိုင်းမွန်း မြန်မာကျောင်းမှ ဆရာတော် ဦးအာသဘ၏ စျာပနအခမ်းအနားကြီးကို တစ်နှစ်ကျော်ကြာစီစဉ်၍ ခမ်းနား ကြီးကျယ်စွာကျင်းပနိုင်ရန် နိုင်ငံတော်အစီအစဉ်ဖြင့် မြန်မာသံရုံးအသိုင်းအဝိုင်း နှင့်ချင်းမိုင်ရှိ မြန်မာမိသားစုများက ကြိုတင်ညှိနှိုင်းစီစဉ်ခဲ့ကြခြင်းဖြစ်သည်။ မြန်မာပရိသတ်များက မြန်မာဆရာတော်စျာပနအတွက် မြန်မာဆန်စွာ၊ ခမ်းနားကြီးကျယ်စွာ ကျင်းပလိုကြသဖြင့် မြန်မာနိုင်ငံမှ ပန်းအလှ မြန်မာမှု ပညာရှင်များကို ကြိုတင်ပို့လွှတ်ကာ မြန်မာလက်ရာဖြစ်သည့် ကရဝိက်ဖောင် တော်၊ လောင်တိုက်၊ ပြာသာဒ်တော်များကို ခမ်းခမ်းနားနား လှလှပပစီမံပြုလုပ် ခဲ့ကြပါသည်။ မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာများကို ကမ္ဘာကသိအောင် ဖော်ထုတ်ပြသရာလည်း ရောက်ပါသည်။

ထိုနေ့က ချင်းမိုင်မြို့မှ မြန်မာ့ရိုးရာအနုပညာလက်ရာများကို ထိုင်းလူမျိုး များသာမက ကမ္ဘာတစ်ဝန်းမှ ကမ္ဘာလှည့်ခရီးသည်များပင် လာရောက်လေ့လာ ကြည့်ရှုခဲ့ကြသည်အထိ ဖြစ်ခဲ့ပါသည်။ ထိုနေ့က ဧည့်ခံဖျော်ဖြေသည့် မဲဆောက် မြို့မှ စိန်မြကျော်မြန်မာမင်္ဂလာဆိုင်းအဖွဲ့၏ လက်စွမ်းကလည်း နားဝင်ပီယံ ဘဝင်ညံသည်အထိ ဖြစ်ခဲ့ပါ၏။ ဘုန်းကြီးပျံပိုချင်းနှင့် ကရဝိက်ဖောင်တော်ပေါ်မှ ယိမ်း သမ လှပျိုဖြူလေးများ၏ ကိန္နရာကနေသည့်သဏ္ဌာန်၊ လှေလှော်ဟန်နှင့် လှေလှော်ရေခင်းသီချင်းသံတို့ကား မြန်မာ့အနုပညာ သင်္ဂါရရသကို နိုင်ငံခြား သားတို့၏ နှလုံးသားထဲအရောက် ထိုးဖောက်ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။ ရောက်လာသူသတင်းဌာနများကလည်း တက်ကြွအံ့သြစွာဖြင့် တစ်နေကုန် မှတ်တမ်းတင်ကြပါသည်။ ဤမျှခမ်းနားကြီးကျယ်သော ပွဲကြီးကို ထိုင်းနိုင်ငံမှ ဒုတိယသာသနာပိုင်ဆရာတော်ကြီး စုမ်ဒိပ်ဖရဗုဒ္ဓဇိနဝုမ် ကိုယ်တိုင်ကြွရောက် ချီးမြှင့်သဖြင့် ထိုင်း၊ မြန်မာပရိသတ်များ ပို၍စိတ်ဝင်စားခဲ့ကြပါသည်။

ထိုင်းနိုင်ငံသာသနာရေးဝန်ကြီးဌာနမှ အကြီးအကဲများနှင့်အတူ ချင်းမိုင် မြို့တော်ဝန်တက်ရောက်၍ ရပ်ကွက်၊ မြို့နယ်၊ တိုင်းအဆင့်ထိ သံဃနာယက စသော အာဏာပိုင်အဖွဲ့အစည်းအသီးသီးနှင့် တာဝန်ရှိသူများကလည်း ပါဝင်လက်တွဲကာ အထူးကြပ်မတ်ဂရုစိုက်ပေးကြပါသည်။ ထိုင်းမြန်မာ နှစ်နိုင်ငံ သာသနာတာဝန်ပွဲတော်ကြီး ခမ်းနားကြီးကျယ်စွာနှင့် အောင်မြင်စွာကျင်းပနိုင် ရေးအတွက် တာဝန်ရှိသူများက စည်းကမ်းရှိရှိစီစဉ်ခဲ့ကြပေသည်။ ဤပွဲတော် ကြီးသို့ မြန်မာနိုင်ငံမှ သာသနာ့ဦးသျှောင်ဆရာတော်ကြီးများ ကိုယ်တိုင်လည်း ကြွရောက်ချီးမြှင့်တော်မူခဲ့ကြပါသည်။

ကြွရောက်တော်မူကြသော ဆရာတော်ကြီးများမှာ နိုင်ငံတော် သံဃမဟာ နာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၊ တောင်ငူဆရာတော် ဘဒ္ဒန္တ ပဏ္ဍာဝံသ (အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ)၊ စစ်ကိုင်းဆရာတော် ဘဒ္ဒန္တ ဓမ္မာနန္ဒ (အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့ဒုတိယဥက္ကဋ္ဌ)၊ မိတ္ထီလာဆရာတော် ဘဒ္ဒန္တဝိဇ္ဇောဒယ (အဂ္ဂမဟာ ပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်)၊ ပီနန် ဆရာတော်ဘဒ္ဒန္တပညာဝံသ(အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ သီတဂူကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ(Ph.D., D.Litt အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ ဓမ္မဒူတဒေါက်တာအရှင် ဆေကိန္ဒ(ပါမောက္ခ မဟာဌာနမှူး ITBMU)၊ တိပိဋကမဟာဂန္ထာရုံကျောင်းတိုက် တိုက်အုပ်ဆရာတော် အရှင်ဉာဏိဿရ(မဟာဂန္ထဝါစက ပဏ္ဍိတ)နှင့် လူပုဂ္ဂိုလ် များဘက်မှ သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးစိုးဝင်း၊ သာသနာရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေ၊ သာသနာတော်ထွန်းကားပြန့် ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝင်းထွန်းတို့ တက်ရောက် ကြသည်။

ဥက္ကဋ္ဌဆရာတော်ကြီး ဦးဆောင်သောအဖွဲ့သည် မတ် ၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူး လေယာဉ်ဖြင့် စတင်ထွက်ခွာပြီး ချင်းမိုင်မြို့သို့ မွန်းလွဲ ၂ နာရီတွင် ရောက်ရှိကြ သည်။ ချင်းမိုင်လေဆိပ်အပြင်ဘက်တွင် ပရိသတ်များက ကနုတ္တဒန်ထီးဖြူ သာသနာ့အလံများ ဝေ့ယမ်းကြိုဆိုလျက်ရှိကြပြီး လေယာဉ်ပေါ်မှ ဆင်းသည် နှင့်တစ်ပြိုင်နက် ဓမ္မဒူတလူငယ်များအဖွဲ့မှ ဆရာတော်ကြီးများကို ထီးဖြူမိုး၍ ကြိုဆိုခဲ့ကြသည်။ ချင်းမိုင်လေဆိပ်တစ်ခုလုံး ကနုတ္တဒန်ထီးဖြူများ ဖွေးဖွေး လှုပ်၍ သာသနာ့အောင်လံများ၏ ရောင်ခြည်တော် ခြောက်သွယ်များက လွှမ်းသွားရပါသည်။

လေဆိပ်တွင် မြန်မာသံမှူးကြီးအဖွဲ့နှင့် ချင်းမိုင်အုပ်ချုပ်ရေးမှူးကိုယ်တိုင် ဆရာတော်ကြီးများကိုကြိုဆိုပြီး ဝပ်ဆိုင်းမွန်းမြန်မာကျောင်းသို့အရောက် အခမ်း အနားဖြင့် ပင့်ဆောင်ကြပါသည်။ မတ် ၉ ရက်နေ့တွင် စံကျောင်းချအခမ်းအနားကို စည်ကားစွာကျင်းပပြီး ညပိုင်းတွင် သီတဂူဆရာတော်က တရားရေအေးတိုက် ကျွေးပေးတော်မူပါသည်။ မတ် ၁၀ ရက် နံနက် ၈ နာရီတွင် အခမ်းအနား စတင်ပါသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ကြီးထံမှ ငါးပါးသီလခံယူပြီး လျှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကာသီတဂူ ဆရာတော်က သံဝေဂ ကထာအနုမောဒနာတရားဟောကြားကာ ရေစက်ချပြီး နံနက်ပိုင်းအစီအစဉ်ကို ခေတ္တရပ်နား၍ ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြပါသည်။ မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၆ နာရီအတွင်း ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်ပြီးသည်အထိ အခမ်းအနားကို အစီအစဉ် (၂၄) ရပ်ဖြင့် အခမ်းအနားမှူးအဖြစ် ဦးထွန်းထွန်းဦး (သဒ္ဓမ္မဇောတိကဓဇ)မှ စီမံ ဆောင်ရွက်ပါသည်။ တစ်နေကုန် ထိုင်း၊ မြန်မာနှစ်ဘာသာဖြင့် နှစ်နိုင်ငံ လက်တွဲကျင်းပသည့် စျာပနအခမ်းအနားပွဲကြီးသည် ကြက်ပျံမကျ စည်ကားလှပြီး လွန်စွာမှတင့်တယ်လှပါပေသည်။

အခမ်းအနားကို တက်ရောက်လာကြသူအားလုံးတို့မှာလည်း ယနေ့တွင် ထိုင်းမြန်မာသာသနာ့ဦးသျှောင်ဆရာတော်ကြီးများကို တစ်နေရာတည်းမှာပင် ယခုကဲ့သို့ စုံညီစွာ အားပါးတရဖူးမြော်ခွင့်ရကြသဖြင့် အချို့ အဘိုး၊ အဘွား များမျက်ရည်ကျသည်အထိ ပီတိဖြာဝေခဲ့သည်ကို ကိုယ်တိုင်မြင်တွေ့ခဲ့ရပါသည်။ ရှေးယခင်က ဤပွဲကြီးများကို တစ်သက်တစ်ခါကြုံရလိမ့်မည်ဟု မထင်မှတ်ခဲ့ကြ။ ယခုနွေဂိမှာန်ပြောင်း လတပေါင်းတွင် ချင်းမိုင်ရောက် မြန်မာများကံထူး၍ ဖူးမြော်ရသဖြင့် သေသူကိုမှ "တ" ရပေသည်တကား။

ထိုပွဲတွင် ကနေဒါနိုင်ငံနှင့် ထိုင်းနိုင်ငံသာသနာပြုဆရာတော် ဦးနန္ဒဝံသ (ဓမ္မာစရိယ၊ ဓမ္မကထိက၊ နိုင်ငံခြားသာသနာပြု)နှင့် စင်ကာပူ မြန်မာကျောင်း သာသနာပြု ကျောင်းထိုင်ဆရာတော်ဦးတိလောကသီရိ (မဟာသဒ္ဓမ္မဇောတိက ဓဇ)၊ အမေရိကန်နိုင်ငံမှ မြန်မာဆရာတော်များလည်း ပါဝင်တက်ရောက် အားပေးကြပါသည်။ ထို့ကြောင့် ယခုပွဲကြီးသည် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓ ဘာသာဆရာတော်ကြီးများနှင့် နှစ်နိုင်ငံသာသနာရေးဝန်ကြီး ဌာနလူကြီးများ ရင်းနှီးစွာတွေ့ဆုံ၍ ဘုရားရှင်၏ဗုဒ္ဓသာသနာတော်မြတ်ကြီးကို ကြည်ညို လေးမြတ်သော စိတ်ဓာတ်ဖြင့် "သမဂ္ဂါနံတပေါသုခေါ" ဟူသော ဘုရားဟော ဒေသနာအရ ကြုံတောင့်ကြုံခဲ ညီညွတ်စွာ အတူယှဉ်တွဲကျင်းပခွင့်ရသည့် သမိုင်းတွင်သည့် စျာပနပွဲကြီးပင် ဖြစ်ပါသည်။

ထိုနေ့က သီတဂူဆရာတော်ကြီး ဟောသည့်တရားတော်ကလည်း "သာ သနာ့တာဝန်ဆိုသည်မှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ဆည်းကပ်ကြသည့် သာသနာဝင်အားလုံးတွင်ရှိကြောင်း၊ ကိုးကွယ်ရုံသာမက သာသနာတော် တိုးတက်ပြန့်ပွားရေးအတွက် ကာကွယ်စောင့်ရှောက်ရန် ပရိုတက်ရှင်း (Protection)၊ ပရိုမိုးရှင်း (Promotion)၊ ပရိုဗိုကေးရှင်း (Provocation)ဆို သည့် "P"သုံးလုံး၏အဓိပ္ပာယ်ကို နားလည်သဘောပေါက်ပြီး လူတိုင်းထိထိ ရောက်ရောက်မြင့်မြတ်သော သာသနာပြုစိတ်ဓာတ်ဖြင့် လူတိုင်းဝိုင်းဝန်း လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ ယခုလည်း ထိုင်းနိုင်ငံတွင် နှစ်ပေါင်း ၃၉ နှစ်ကျော်ကြာ သာသနာပြုလျက်ရှိသော ပခုက္ကူခရိုင်၊ မြစ်ခြေမြို့ဇာတိဖွား (မဟာဝိသုတာရာမ)ကျောင်းတိုက်ကြီးတွင် ပညာသင်ကြားခဲ့သည့် "သိရီပဝရ ဓမ္မာစရိယဒီဃဘာဏက " ဘွဲ့ရ၍ နိုင်ငံတော်၏ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ဖြင့် ချီးမြှင့်ခြင်းခံရကာ ထိုင်းနိုင်ငံတွင် ပရိယတ္တိ စာပေများသင်ကြားပေးနေပြီး ယမိုက်ကျမ်းကို ထိုင်းဘာသာပြန်ဆိုပြုစုနေသည့် သက်တော်(၆၇) နှစ်၊ သိက္ခာတော် (၄၇) ဝါရှိ ဆရာတော် ဦးကောဏ္ဍညသည် ဤကျောင်းတိုက်ကြီးကို ဆက်လက်တည်တံ့ထိန်းသိမ်းစောင့်ရှောက်ရန် ဘုန်းကြီးအနေဖြင့် မေတ္တာရပ်ခံပါကြောင်း၊ ဤအရှင်သည် ထိုင်းမြန်မာ သာသနာရေးအတွက် အသင့်လျော်ဆုံးပုဂ္ဂိုလ်ဖြစ်သဖြင့် ဘုန်းတော်ကြီးများ ဝမ်းမြောက်ဝမ်းသာစွာ လက်ခံကြိုဆိုပါကြောင်း၊ အနာဂတ် ထိုင်းမြန်မာနှစ်နိုင်ငံ ၏ သာသနာတိုးတက်ပြန့်ပွားရေးအတွက် ဘုန်းကြီးတို့ များစွာအားတက်မိ ကြောင်း"စသည်တို့ကို ထည့်သွင်းဟောကြားတော်မူခဲ့ပါသည်။

ယခုအခါ နိုင်ငံခေါင်းဆောင်လူကြီးများ၏ ကူညီစောင့်ရှောက်မှုဖြင့် ခက်ခက်ခဲခဲပြန်လည်ရရှိခဲ့သည့် မြန်မာကျောင်းကို ရေရှည်သမိုင်းအဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်မှာ လွန်စွာအရေးကြီးလှပါသည်။ ထိုင်းနိုင်ငံ ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဝင်းနှင့် ထိုင်းနိုင်ငံရောက်မြန်မာ သံဃာတော်များ၊ မြန်မာပရိသတ် ဒါယကာ၊ ဒါယိကာမများကလည်း မိမိတို့ ပြန်လည်ထိန်းသိမ်း ဆည်းကပ်ကိုးကွယ်ခွင့်ရခဲ့ကြသည့် ထိုင်းနိုင်ငံအတွင်း ရှိ တစ်ခုတည်းသာ ကျန်ရှိနေသော မြန်မာကျောင်းသို့ ကြွရောက်စောင့်ရှောက် သီတင်းသုံးမည့် ဆရာတော်ကို ကြည်ညိုစိတ်ထားတဖွားဖွားဖြင့် စောင့်မျှော် လျက်ရှိကြပေသည်။

မည်သို့ပင်ဆိုစေကာမူ ဝပ်ဆိုင်းမွန်းမြန်မာကျောင်းကို အကြောင်းပြုပြီး ပြန်လည်ရရှိလာခဲ့သော ထိုင်းမြန်မာနှစ်နိုင်ငံတို့၏ လက်တွဲဆင်နွှဲခွင့်ရရှိခဲ့ သည့် စျာပနပွဲကြီးသည် ထိုင်းနှင့်မြန်မာသမိုင်းတွင်စွာအနာဂတ်သာသနာ စက်ချီလင်းစေရန်အတွက် ကြီးမားသော သာသနာ့အင်အားကြီး တစ်ရပ်ဖြစ်ပါ သည်။ ဤကဲ့သို့ နိုင်ငံတော်နှင့် နိုင်ငံတော်သံဃမဟာနာယက သာသနာ့ ဦးသျှောင်ဆရာတော်များ၏ သာသနာပြုစိတ်ဓာတ်နှင့် ကြိုးစားသာသနာပြု ဆောင်ရွက်မှုများကြောင့် ယခုအခါ ထိုင်းနိုင်ငံတွင် သာသနာ့သမိုင်းနှင့် ဘဝ သမိုင်း၊ မရိုင်းစေရန်၊ စိတ်မာန်မချ၊ မာနမပါ၊ တို့စွမ်းရာဖြင့်၊ တို့သာသနာ၊ တို့ပြည်ရွာကို၊ သာယာစေမှု၊ လုံ့လပြုအံ့ဆိုသည့် သီတဂူအဓိဋ္ဌာန်အတိုင်း ကမ္ပည်းမော်ကွန်း စိုက်ထူနိုင်ခဲ့ပါပြီ။ ထိုင်းနိုင်ငံတွင် သာသနာလမင်းကြီး အသစ်တစ်ဖန် ထွန်းလင်းခဲ့လေပြီတကား။ မြတ်စွာဘုရားရှင်သည် နေ့ညမလပ်အခါခပ်သိမ်း တန်ခိုးတော်အနန္တတို့ဖြင့် တင့်တယ်တော်မူသကဲ့သို့ ယခုအခါ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ ဝပ်ဆိုင်းမွန်းမြန်မာကျောင်းမှ မြန်မာ့ သာသနာမှသည် ကမ္ဘာ့သာသနာဆီသို့ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကျေးဇူးတော်တို့ ကြောင့် နေ့ညမလပ် အခါခပ်သိမ်း တင့်တယ်ထွန်းလင်းနေမင်းရောင်ဝါ သာသနာ ကမ္ဘာပျံ့နှံ့ခဲ့ပြီတကား။ ။

ပြည်တွင်းသတင်း

ကယားပြည်နယ်အစိုးရအဖွဲ့က အမှတ်(၂)ကရင်နီဒုက္ခသည်စခန်းရှိ မီးဘေးသင့်တိုင်းရင်းသားများသို့ ငွေကျပ် သိန်း ၁၀၀ ထောက်ပံ့လှူဒါန်း

လွိုင်ကော် မတ် ၂၆

မတ် ၂၂ ရက် ညနေပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့သော ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင် ခွန်ရုံးမြို့နယ်အတွင်းရှိ အမှတ် (၂)ကရင်နီ ဒုက္ခသည်စခန်း မယ်စလင်းမှ မီးဘေးသင့်သူများသို့ မတ် ၂၃ ရက်တွင် ကယားပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် သိန်း ၁၀၀ ကို လွှဲပြောင်းပေးပို့ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

မီးလောင်မှုသတင်းကို မတ် ၂၃ ရက် နံနက် ၉ နာရီက သိသည်နှင့် အချိန်မဆိုင်းဘဲ ကယားပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့လှူဒါန်း ငွေကျပ် သိန်း ၁၀၀ အပြင် ပြည်သူလူထုမှလှူဒါန်းသော စောင်၊ ခြင်ထောင်၊ အဝတ်အထည်မျိုးစုံနှင့် နီပွန်ဖောင်ဒေးရှင်းမှ ကယားပြည်နယ်ရှိ ပြည်သူလူထုသို့ ထောက်ပံ့လှူဒါန်းထားသော ဆန်အိတ်များအနက် ဆန်အိတ် ၅၀၀ ကိုလည်း Myanmar Peace Centre မှ တာဝန်ရှိသူများနှင့် ဆက်သွယ်ညှိနှိုင်းကာ ပေးပို့လှူဒါန်းထားပြီး ပြည်သူများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများကလည်း စုပေါင်း၍ မီးဘေးကယ်ဆယ်ရေး ပစ္စည်းများ ထပ်မံထောက်ပံ့လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကယားပြည်နယ် အစိုးရအဖွဲ့သည် ထိုင်းနိုင်ငံဒုက္ခသည်စခန်းများသို့ ရောက်ရှိနေကြသည့် တိုင်းရင်းသားများအား နေရပ်သို့ ပြန်လည်အခြေချနေထိုင်ရန် ဖိတ်ခေါ်ကမ်းလှမ်းလျက်ရှိနေပြီး နေရပ်သို့ ပြန်လာသည့် တိုင်းရင်းသားများအား စားဝတ်နေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင် ခွန်ရုံးမြို့နယ်အတွင်းရှိ အမှတ်(၂)ကရင်နီဒုက္ခသည်စခန်းတွင် တစ်ရပ်ကွက်လျှင် အိမ်ခြေ ၁၀၀၀ ကျော် ရပ်ကွက်လေးရပ်ကွက်ရှိပြီး မတ် ၂၂ ရက် ညနေ ၄ နာရီက ရပ်ကွက်အမှတ် (၁)နှင့် ရပ်ကွက်အမှတ် (၄)တို့တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်ခြေ ၄၀၀ ကျော် မီးလောင်ဆုံးရှုံးပြီး လူဦးရေ ၃၀ ကျော်သေဆုံးကာ ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြကြောင်း၊ အဆိုပါ ဒုက္ခသည်စခန်းတွင် ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်အတွင်းမှ မြန်မာတိုင်းရင်းသားများ အများဆုံး ပြောင်းရွှေ့နေထိုင်နေကြခြင်းဖြစ်ကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လွိုင်ကော်)**

နိုင်ငံတော်အလံလေးများသစ်လွင်စေချင်

သတင်း - ကိုကြီးတင်
ဓာတ်ပုံ - မြင့်အောင်(စက်မှုဆေးဝါး)

(၆၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မထသ လက်အောက်ခံ လိုင်းကားများသည် မတ် ၂၆ ရက် နံနက်မှ စတင်ကာ လိုင်းကား၏ထိပ် ညာဘက်အခြမ်းတွင် နီစိမ်းဝါ နိုင်ငံတော်အလံနှင့် ကား၏ထိပ် ဘယ်ဘက်အခြမ်းတွင် တပ်မတော်အလံငယ်လေးများကို လွှင့်ထူမောင်းနှင်နေကြသည်ကို တွေ့မြင်လာရသည်။

စာရေးသူသိသည်မှာ မထသ လက်အောက်ခံ ယာဉ်လိုင်းများအနေဖြင့် နိုင်ငံတော်အလံကို လွတ်လပ်ရေးနေ့တွင် တစ်ကြိမ်၊ ပြည်ထောင်စုနေ့တွင်တစ်ကြိမ်၊ ယခုကဲ့သို့ တပ်မတော်နေ့တွင် တစ်ကြိမ် ဂုဏ်ပြုလွှင့်ထူကြသည်ကို လေ့လာတွေ့ရှိမိခဲ့သည်။

လိုင်းကားများ၌ နိုင်ငံတော်အလံကို တစ်နှစ်တွင် သုံးကြိမ်တည်းသာ လွှင့်ထူမောင်းနှင်ခြင်း ဖြစ်ပါသည်။ သို့ပါသော်လည်း လိုင်းကားအတော်များများတွင် ယနေ့တွေ့မြင်လိုက်ရသော အလံငယ်များမှာ အရောင်အဆင်းအလွန်မှုန်မှိုင်းပြီး ဟောင်းနွမ်းနေသည်ကို တွေ့မြင်ခဲ့ရသည်။

နိုင်ငံတော်ကိုယ်စားပြု အလေးအမြတ်ထားသည့် အလံတော်ကို ဤသို့ဖြစ်သလို ညွန့်ကြားချက်အရသာပါလျှင်ပြီးရောဆိုသည့်သဘောမျိုး အချို့ရရာဝါးခြမ်းပြားငယ်များဖြင့် တပ်ဆင်ခြင်းကိုတွေ့မြင်ရသည်မှာ များစွာဝမ်းနည်းဖွယ်ကောင်းလှပေသည်။ မြို့တော်၏ အင်္ဂါရပ်နှင့်လည်း ညီညွတ်မှုမရှိသည့်အပြင် ယနေ့ မြို့ကြီးပေါ်၌ ဥဒဟိုသွားလာလေ့လာနေကြသော နိုင်ငံခြားသားဧည့်သည်များလည်းရှိရာ ၎င်းတို့အမြင်၌ အရောင်အဆင်းမှေးမှိန်၍ ဟောင်းနွမ်းနေသော အလံများကိုကြည့်ကာ နိုင်ငံတော်အလံပေါ်၌အထင်သေး အမြင်သေးစိတ်များ ဝင်သွားမည်ကို စိုးရိမ်မိပါသည်။

သို့ပါ၍ နောင်ဤကဲ့သို့သော နေ့ထူးရက်မြတ်များတွင် နိုင်ငံတော်အလံကို တပ်ဆင်ခွင့်ကြုံလာပါက ယာဉ်များအား သက်ဆိုင်ရာမှ သစ်လွင်သော နိုင်ငံတော်အလံကို သပ်ရပ်သောအလံတိုင်လေးများဖြင့် လွှင့်ထူမောင်းနှင်နိုင်ကြစေရေး ကြပ်မတ်ပေးသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

မော်လမြိုင်၌ ရဲတပ်သားသစ်သင်တန်းဆင်း

မော်လမြိုင် မတ် ၂၆

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ အမှတ်(၁၅)ရဲတပ်ရင်း စစ်ရေးပြကွင်းတွင် မတ် ၁၅ ရက်က ၂/၂၀၁၂ ရဲတပ်သားသစ် သင်တန်းဆင်းပွဲ အခမ်းအနားကိုကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်ကိုယ်စား မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေဝင်း တက်ရောက်ပြီး သင်တန်းဆင်း မိန့်ခွန်းပြောကြားသည်။

ထို့နောက် အစီအစဉ်အရ ရဲမှူးကြီးမျိုးဆွေဝင်းသည် သင်တန်းဆင်းရဲတပ်သားသစ်များ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းသားများကို လိုက်လံကြည့်ရှုစစ်ဆေးပြီးနောက် ထူးချွန်ဆုရ သင်တန်းသားလေးဦးအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် တပ်သားသစ်များက ပြည်နယ်ရဲတပ်ဖွဲ့မှူးအား စစ်ရေးပြကွင်းမှ ချီတက်အလေးပြုရာ ပြည်နယ်ရဲတပ်ဖွဲ့မှူးက အလေးပြုခြင်းကိုခံယူပြီး သင်တန်းဆင်းတပ်ဖွဲ့ဝင်များ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ကာ မိသားစုများ၏ လိုအပ်ချက်များကို ဖြည့်စွက်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မင်းဦး၊ အမှတ် (၁၅)ရဲတပ်ရင်းမှူး ဒုတိယရဲမှူးကြီး မြင့်နိုင်နှင့် သင်တန်းအုပ်ချုပ်သူ အရာရှိကြီးများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသားမိဘများနှင့် သင်တန်းဆင်း ရဲတပ်သားသစ် ၁၅၀ တက်ရောက်ကြသည်။ **ကျော်သန်း(မော်လမြိုင်)**

နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းများ အားကစားဝန်ကြီးဌာနသို့ ဆက်သွယ်ရန်ဖိတ်ကြားထား

နေပြည်တော် မတ် ၂၆

အာရှအားကစားပြိုင်ပွဲ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် (ရွှေ၊ ငွေ၊ ကြေး) ဆုတံဆိပ်ရရှိခဲ့ကြသူများအား အားကစားဝန်ကြီးဌာနအနေဖြင့် ဂုဏ်ပြုနိုင်ရေးနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် တစ်တပ်တစ်အား ပါဝင်ကူညီ ဆောင်ရွက်နိုင်စေရေးအတွက် နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်ရရှိခဲ့ကြသူများအနေဖြင့် အမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ရရှိခဲ့သည့် ဆုတံဆိပ်အမျိုးအစား၊ အားကစားနည်း၊ ပြိုင်ပွဲခုနှစ်၊ အားကစားပြိုင်ပွဲ အမည်တို့ကို ဖော်ပြ၍ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Gold Camp ဖုန်း ၀၆၇-၄၂၂၁၃၆၊ ၀၆၇-၄၂၂၆၁၈ နှင့် ဖက်စ် ၀၆၇-၄၂၂၁၃၇ တို့သို့ ဆက်သွယ်စာရင်းပေးပို့ကြပါရန်နှင့် အားကစားဝန်ကြီးဌာနမှ ဆက်သွယ်ခေါ်ယူပါက လာရောက်နိုင်ကြပါရန် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နှင့် ၁၃ ရက်ထုတ် သတင်းစာများမှတစ်ဆင့် ဖိတ်ကြားထားသည်။

ယနေ့အထိ ဆက်သွယ်အကြောင်းကြားခဲ့သူ ၂၆၂ ဦးတို့အား အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဧပြီ ၅ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ အခမ်းအနားဖြင့် ချီးမြှင့်မည်ဖြစ်သည်။ တွေ့ဆုံရက်တွင် နံနက် ၁၀ နာရီအရောက် နေရာယူ၍ အားကစားသမားဟောင်းကြီးများ စုံညီစွာ မိတ်ဆုံတွေ့ဆုံနိုင်ရေး စီစဉ်ထားပါသဖြင့် တက်ရောက်ပါရန် လေးစားစွာဖြင့် ထပ်မံနှိုးဆော်ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်

ရန်ကုန် မတ် ၂၆

ဧရာဝတီမြစ်ကူး ဗိုလ်မြတ်ထွန်းတံတားရေလမ်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၁)နှင့်(၁၂) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၀)နှင့်(၁၁) အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်းအခြေအနေအရရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၃ ခုနှစ် မတ် ၂၉ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၂)နှင့် (၁၃) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၁) နှင့်(၁၂) အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့်ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၆၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၅၅ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲတွန်းရေယာဉ်များတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းအဖွဲ့ဝင်များသို့ ဖိတ်ကြားလွှာ

မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းအဖွဲ့အစည်းမှ (၂)နှစ်တစ်ကြိမ်ကျင်းပသော နှစ်ပတ်လည်အစည်းအဝေးနှင့် အသင်းအမှုဆောင်သစ် ရွေးကောက်ပွဲပြုလုပ်ရန်အတွက် ကျင်းပသောညစာစားပွဲကို အမှတ် ၄၉၊ ပြည်လမ်း၊ (၆)မိုင်ခွဲ၊ လှိုင်မြို့နယ်၌ ၂၀၁၃ခုနှစ် မတ်လ ၃၁ရက် (တနင်္ဂနွေနေ့) ည ၇း၃၀နာရီတွင် ပြုလုပ်မည်ဖြစ်ပါ၍ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းအဖွဲ့ဝင်များအားလုံး (ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း
အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းအဖွဲ့အစည်း
ဖုန်း-၀၉-၅၅၀၀၄၂၄၊ ၀၉-၇၃၀၇၅၇၁၅၊ ၀၉-၄၃၁၁၉၆၆၃

အဌမအကြိမ်မြောက် **ကမ္ဘာ့ကျောက်ကပ်နေ့** အထိမ်းအမှတ်အဖြစ် **အသက်အတွက် ကျောက်ကပ်ဖျက်ဆီးခြင်းများ တားဆီးထား** ဆောင်ပုဒ်ကို ရည်ညွှန်း၍ အောက်ပါအစီအစဉ်အတိုင်း ဟောပြောပွဲကျင်းပမည်ဖြစ်ပါ၍ ဆေးလောကမိသားစုနှင့် စိတ်ပါဝင်စားသူများ လာရောက်နားထောင် ဆွေးနွေးနိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၃၁-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉ နာရီမှ ၁၁ နာရီအထိ
နေရာ - သူနာပြုတက္ကသိုလ်

(ဆေးလောကမိသားစုများ)

၃၀-၃-၂၀၁၃ ရက် (စနေနေ့)တွင် ကန်တော်ကြီးအတွင်း လမ်းလျှောက်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆေးလောကမိသားစုများ လာရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

စုရပ်-မြန်မာနိုင်ငံဆရာဝန်အသင်း၊ နံနက် ၆ နာရီ

သတင်းဆောင်းပါး

ရန်ကုန်စက်မှုဇုန်များ၏ စွန့်ပစ်ပစ္စည်းများမှ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် ပညာရှင်တစ်ဦး၏အမြင်

ရန်ကုန်　　မတ်　　၂၆

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများနှင့် ရေဆိုးများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သန့်စင်မှုစနစ်များ ပြုလုပ်ရန် တိုက်တွန်းပြောကြား စစ်ဆေးအရေးယူမှုများ ရှိခဲ့ပြီး စက်မှုဇုန်လုပ်ငန်းရှင်အများစုကလည်း ယခုကဲ့သို့လေထု၊ ရေထုညစ်ညမ်းကာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့်နည်းလမ်းများကို စျေးနှုန်းအသက်အသာဆုံးနှုန်းထားဖြင့် ဆောင်ရွက်လိုကြကြောင်း သိရှိရသည်။ ထို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား အသိပညာပေးဝေနေသူ၊ လက်ရှိရေဆိုးသန့်စင်စနစ် ရေသန့်စနစ်များကို အကောင်အထည်ဖော်ခဲ့သူနည်းပညာရှင်တစ်ဦးဖြစ်သည့် Myanmar Water Engineering Co.,Ltd. ၏ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ဝင်းအား မြန်မာ့အလင်းမှ တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

မေး ။ ။ လက်ရှိစက်မှုဇုန်တွေရဲ့ လုပ်ငန်းလည်ပတ်နေတဲ့ပုံစံနဲ့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအခြေအနေကိုသိပါရစေ။

ဖြေ ။ ။ အဓိကကတော့ စက်ရုံတစ်ရုံရဲ့စတင်တည်ဆောက်စဉ်က အသုံးပြုတဲ့ ရင်းနှီးမြှုပ်နှံမှုအခြေအနေပေါ်မူတည်ပါတယ်။ ကျွန်တော်တို့ဆီမှာက စက်မှုဇုန်တွေ စတင်ပေါ်ပေါက်လာပြီး စက်ရုံတွေတည်ဆောက်ကြတဲ့အခါမှာ နိုင်ငံတကာ စံချိန်စံညွှန်းနဲ့ကိုက်ညီတဲ့ စက်ရုံတွေ အတော်ကိုနည်းပါးပြီး အများစုက ရင်းနှီးမြှုပ်နှံမှု ပမာဏ၊ စက်ရုံမြေနေရာအနေအထားနဲ့ ချိန်ညှိကြပြီး လုပ်ကိုင်နေကြရတဲ့ အနေအထားဖြစ်ပါတယ်။ အသုံးပြုနေတဲ့စက်ပစ္စည်းကိရိယာအများစုကလည်း အသစ်တွေထက် အခြားနိုင်ငံမှာ အသုံးပြုပြီးသား စက်ရုံသုံးပစ္စည်းတွေများတယ်။ အခုနောက်ပိုင်းမှာ စက်ရုံသစ်တွေအများကြီးပေါ်ပေါက်လာပြီး အရည်အသွေးပိုင်းဆိုင်ရာမှာ တိုးတက်လာပေမယ့် ယခင်အခြေအနေအတိုင်း မပြောင်းလဲဘဲရှိနေတဲ့ စက်ရုံတွေ အများကြီးလည်း ရှိနေပါသေးတယ်။ အဲဒီတော့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု၊ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုတွေကတော့ ရှိနေပါတယ်။ အဲဒီအတွက်ပဲ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကနေ ကြီးကြပ်ပြီး ထွက်ရှိလာတဲ့ စွန့်ပစ်ပစ္စည်းတွေကို စစ်ဆေးတာတွေ၊ လိုအပ်တဲ့ End Pipe Solution စနစ်ဖြစ်တဲ့

၂၀၁၃ ခုနှစ်အတွင်း ပိုမိုတိကျသည့် စစ်ဆေးမှုများ ပြုလုပ်စစ်ဆေးသွားရန်ရှိ (မန်နေဂျင်း ဒါရိုက်တာ ဦးခင်မောင်ဝင်း)

နောက်ဆုံးစွန့်ပစ်မှုတွေကို နည်းနိုင်သမျှ အနည်းဆုံးဖြစ်အောင်ဆောင်ရွက်ဖို့ ဖိအားတွေ ပေးလာရတာပါ။

မေး ။ ။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ လမ်းညွှန်မှုအပေါ် လုပ်ငန်းရှင်တွေရဲ့ဆောင်ရွက်မှုအခြေအနေတွေကို သိပါရစေ။

ဖြေ ။ ။ စက်ရုံတစ်ရုံကို တည်ဆောက်တယ်ဆိုရင် နိုင်ငံတကာကနေ အသိအမှတ်ပြုတဲ့ ISO Series တွေရှိပါတယ်။ ရိုးရိုးစက်ရုံတွေအတွက် အစပိုင်းမှာ ISO 9001 အသိအမှတ်ပြုလက်မှတ်တွေ သတ်မှတ်ထားပြီး နောက်ပိုင်းမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ပါ အသိအမှတ်ပြုထားတဲ့ I SO 1400 လက်မှတ်တွေကိုရယူနိုင်တဲ့စက်ရုံတွေကတော့ အကောင်းဆုံးစက်ရုံတွေဖြစ်လာမှာပါ။ ဒါပေမယ့် စက်မှုဇုန်တွေမှာရှိတဲ့ စက်ရုံအများစုကတော့ လိုက်နာဖို့အားနည်းနေပါတယ်။ စည်ပင်ကလိုက်နာဖို့အတွက် လမ်းညွှန်မှုပေးတာက လုပ်ငန်းရှင်တွေအတွက်တော့ ဖိအားတစ်ခုရလိုက်သလိုပါပဲ။ မလိုလားအပ်တဲ့ စွန့်ပစ်ပစ္စည်းတွေကိုစနစ်တကျလုပ်နိုင်ဖို့အတွက် ကုန်ကျစရိတ်က အလွန်ကိုများပြားလွန်းတော့ လိုက်နာကျင့်သုံးဖို့အတွက် အခက်အခဲတွေဖြစ်လာကြတယ်။

မေး ။ ။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းပါးအောင်နဲ့ စက်ရုံလုပ်ငန်းရှင် အများစုလိုက်နာကျင့်သုံးနိုင်အောင် နှစ်ဦးနှစ်ဖက်ဆောင်ရွက်နိုင်မယ့် နည်းလမ်းများရှိပါသလားဆရာ။

ဖြေ ။ ။ စက်ရုံတစ်ရုံရဲ့ပြီးပြည့်စုံတဲ့ အခြေအနေမှာ စွန့်ပစ်အခြေအနေအထိ အကျုံးဝင်ပါတယ်။ နိုင်ငံတော်အနေနဲ့ Program တစ်ခုကို ချမှတ်ပေးသင့်တယ်လို့ ဆရာ့အနေနဲ့ ထင်မြင်မိတယ်။Win -Win Solution လို့ ခေါ်ပါတယ်။ ပထမဆုံးနိုင်ငံတကာက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်တွေ၊ ပြည်တွင်းနည်းပညာရှင်တွေနဲ့ စက်ရုံပညာရှင်တွေကို စုစည်းပြီး လက်ရှိစက်မှုဇုန်တွေက စက်ရုံတွေရဲ့ အခြေအနေကို အရင်ဆုံးလေ့လာသင့်ပါတယ်။ နောက်တစ်ခုက စက်ရုံတစ်ခုချင်းစီရဲ့ Management System ထဲမှာ Environment Management System ကို ထည့်သွင်းအသုံးပြုနိုင်ဖို့အတွက် လိုအပ်တဲ့အလုပ်ရုံဆွေးနွေးပွဲတွေ ပြုလုပ်ပေးပြီး စွန့်ပစ်တဲ့ Waste တွေကို နည်းနိုင်သမျှအနည်းဆုံးဖြစ်အောင်၊ ထပ်ကာတလဲလဲ အသုံးပြုနိုင်အောင်နဲ့ ပြန်လည်ပြုပြင်သုံးစွဲနိုင်တဲ့အနေအထားရောက်အောင် အကြံဉာဏ်တွေပေးသင့်ပါတယ်။ အဲဒီလိုအပိုင်းတွေကို အကောင်အထည်ဖော်တဲ့နေရာမှာလည်း နိုင်ငံတော်နဲ့ လုပ်ငန်းရှင်တွေအားလုံးစုပေါင်းပြီး အကောင်အထည်ဖော်မှသာ ပွင့်လင်းမြင်သာတဲ့ဆောင်ရွက်မှုမျိုးကို ရရှိလာနိုင်မှာပါ။ ပထမဆုံးစက်ရုံတစ်ရုံချင်းစီရဲ့ ဆောင်ရွက်နိုင်တဲ့အတိုင်းအတာအလိုက် သန့်စင်မှုတွေပြုလုပ်ပေးမယ်၊ ထွက်ရှိလာမယ့် Waste တွေကို နည်းနိုင်သမျှအနည်းဆုံးဖြစ်အောင် Production System တစ်ခုချင်းအလိုက် စစ်ဆေးကြီးကြပ်ပြုပြင်လိုက်ကြဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်ဘက်ကလည်း Waste တွေထဲက အစိုင်အခဲတွေ၊ အညစ်အကြေးတွေကို အမှိုက်ကန်တွေထားပေးနေသလို ရေဆိုးတွေထွက်ရှိလာမယ့်အပေါ်မှာလည်း စက်မှုဇုန်တစ်ခုချင်းစီမှာ Central Waste Treatment Plant တစ်ခုစီတည်ဆောက်ပေးသင့်ပါတယ်။ ဥပမာပြောရရင် အရက်ချက်စက်ရုံတစ်ခုကနေထွက်ရှိတဲ့ Waste နဲ့ ဆပ်ပြာမှုန့်စက်ရုံကနေထွက်တဲ့ Wasteတွေချင်း မတူညီနိုင်ပါဘူး။ ရေဆိုးစနစ်မှာတော့ ထွက်ရှိလာတဲ့ Waste တွေရဲ့ယူနစ်ကို BOT စနစ်နဲ့ တိုင်းတာပြီး အီလက်ထရွန်နစ်တွေလို ပစ္စည်းတွေထုတ်တဲ့စက်ရုံတွေမှာတော့ အာဆင်းနစ်၊ ဆိုင်ယာနိုက်ကဲ့သို့သော Toxic Compound တွေပါတဲ့အတွက် COT စနစ်နဲ့ တိုင်းတာကြပါတယ်။ အဲဒါတွေအပေါ်မှာ တွက်ချက်ပြီး နိုင်ငံတော်အနေနဲ့ စက်ရုံတစ်ခုချင်းပြန်လည်သန့်စင်မယ့် BOT ပမာဏကိုခွဲခြားပေးပြီး ပိုလျှံထွက်ရှိလာမှုအတွက် စုပေါင်းသန့်စင်ပေးမယ့် Central Treatment တွေထားရှိပေးနိုင်မယ်ဆိုရင် သဘာဝပတ်ဝန်းကျင်ကို အပြည့်အဝကာကွယ်ပေးရာရောက်သလို လက်ရှိညွှန်ကြားထားတဲ့ စစ်ဆေးမှုစနစ်ထက်ပိုမိုပြီး အကျိုးရှိစေမယ်လို့ ထင်မြင်မိပါတယ်။

အဆိုပါ စနစ်များနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှလေထု၊ ရေထု၊ မြေထုအမှိုက်စနစ်များ ခွဲခြားထားပြီး လက်ရှိတွင်စစ်ဆေးမှုအပိုင်းများ ပုံမှန်အတိုင်းပြုလုပ်လျက်ရှိကာ ၂၀၁၂ ခုနှစ်အတွင်း စနစ်တကျ စွန့်ပစ်ခြင်းမရှိသည့် စက်ရုံပေါင်း ၂၃ ရုံခန့်တွေ့ရှိရကြောင်း သိရသည်။ စစ်ဆေးရာ စွန့်ပစ်ရေများအတွင်း ပီအိတ်ချ်အဆင့်စစ်ဆေးချက်များနှင့်ဓာတုပစ္စည်းများပါဝင်မှု၊ သတ္တုပါဝင်မှု၊ သတ္တုကြွင်းအနည်ပါဝင်မှုများကို အဓိကထား ဆောင်ရွက်လျက်ရှိနေပြီး ယခု ၂၀၁၃ ခုနှစ်အတွင်း ပိုမိုတိကျသည့် စစ်ဆေးမှုများ ပြုလုပ်စစ်ဆေးသွားရန်ရှိနေကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန်စုစုပေါင်း ၂၄ ခုခန့်ရှိပြီး လည်ပတ်နေသည့် စက်ရုံ ၃၅၆၂ ရုံရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရှိရသည်။ **(ခင်ရတနာ)**

နေကြာစေ့၏ အစွမ်းသတ္တိများ

လူတိုင်းနီးပါးကြိုက်နှစ်သက်ကြပြီး အလွယ်တကူဝယ်ယူစားသုံးနိုင်တဲ့နေကြာစေ့မှာ ဗီတာမင်အီး၊ ဗီတာမင်ဘီဝမ်း၊ ဗီတာမင်ဘီစစ်၊ မဂ္ဂနီစီယမ်၊ ဆယ်လီနီယမ်၊ ပိုလိတ်၊ ကော့ပါး၊ ဖော့စ်ဖောရပ်စ်နဲ့ ကယ်လိုရီအစရှိတဲ့ ဓာတ်တွေပါဝင်ပါတယ်။ နေကြာစေ့ကို မက္ကဆီကိုနဲ့ ပီရူးတို့မှာ စတင်စိုက်ပျိုးခဲ့တာဖြစ်ကြောင်း သိရပါတယ်။ နေကြာစေ့ လက်တစ်ဆုပ်စာ ပမာဏဟာ ဆာလောင်ခြင်းကို ပြေပျောက်စေနိုင်ပါတယ်။ နှလုံးရောဂါဖြစ်ပွားမှုကို ၃၀ ရာခိုင်နှုန်းလျှော့ချပေးနိုင်ပြီး လေသင်တုန်းဖြတ်ခြင်းမှ ကာကွယ်ပေးပါတယ်။ အူမကြီးကင်ဆာမဖြစ်အောင် ကူညီပေးပါတယ်။ မဂ္ဂနီစီယမ်ပါဝင်မှုကြောင့် ပန်းနာရင်ကျပ်ရောဂါ၊ ခေါင်းကိုက်၍ ပျို့အန်သောရောဂါနှင့် သွေးဖိအားမြင့်တက်ခြင်းများမဖြစ်အောင် တားဆီးပေးနိုင်ပါတယ်။ နေကြာစေ့မှာပါဝင်တဲ့ အဆီက ဝမ်းဗိုက်ရှိအဆီများကို လျှော့ချပေးတဲ့အတွက်ကြောင့် ဗိုက်ချပ်စေပါတယ်။ နေ့စဉ် နှစ်အောင်စ စားသုံးပေးလျှင် ခြောက်လအတွင်း ခါးအတိုင်းအတာ ၆ လက်မကျဆင်းနိုင်ကြောင်း သိရပါတယ်။ အဆီကို လောင်ကျွမ်းစေတဲ့မျိုးဗီဇကို နှိုးဆွပေးနိုင်ခြင်းကြောင့် ဖြစ်ပါတယ်။ သွေးကြောပျက်စီးမှုကို လျှော့ကျအောင် ကူညီပေးပြီး ဟော်မုန်းပမာဏကို မြင့်မားစေပါတယ်။ နေကြာစေ့ကို အရေပြားတွန့်ခြင်းမှ ကာကွယ်ပေးသည့်လိမ်းဆေးအဖြစ် ဖော်စပ်ရာတွင်လည်း အသုံးပြုနိုင်ကြောင်း ဖတ်မိသမျှဆေးပညာဆောင်းပါးများမှ ထုတ်နုတ်တင်ပြလိုက်ရပါတယ်။ **(ဇင်ဇင်မင်းလွင်)**

ပျောက်ဆုံးကြောင်း

ကျွန်မ မအေးလေးမီး ၉/မကန(နိုင်) ၁၄၁၅၇၅ ၏ ပတ်စ်ပို့စာအုပ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၈၈၂၉၄

အမည်ပြောင်း

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့၊ အမှတ်(၅)ရပ်ကွက်နေ ဦးတိုက်စိုး၏သား မောင်ထွန်းအောင်လင်း ၁၁/ဘသတ(နိုင်)၀၂၁၆၁၆ အား ယနေ့မှစ၍ မောင်သီဟကျော်ဟု ပြောင်းလဲခေါ်ပါရန်။

ရုံးခန်းပြောင်းရွှေ့ခြင်း

အိုင်အယ်လ်အို(ILO) ဆက်သွယ် ညှိနှိုင်းရေးအရာရှိရုံးအား

၂၀၁၃ခုနှစ် ဧပြီလ ၁ ရက်မှစ၍

အောက်ပါလိပ်စာသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

အမှတ်-၁(က)၊ ကန်ဘဲ့၊ သစ္စာလမ်း၊

ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

ဖုန်း-၀၁-၅၆၆၅၃၈၊ ၅၆၆၅၃၉၊ ၅၇၈၂၅၊ ၅၇၉၉၅၆

ဖက်စ်-၀၁-၅၆၆၅၈၂

Po Box 679



အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃၊ သမိုင်း၊ လူနေရပ်ကွက်အမှတ် ဖ-၅၀၊ မြေကွက်အမှတ် ၁၂/ခ၊ အိမ်အမှတ် ၁၂၇၊ မောရဝတီလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော နှစ် ၆၀မြေငှားဂရန်နှင့် ၄င်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော နှစ်ထပ်(R/C)တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ၁၁-၁၀-၂၀၁၂ရက်ကတည်းက မဂ္ဂျန်မီကိုထံမှ မြေနှင့် အိမ်အရောင်းအဝယ်သဘောတူကတိစာချုပ်အရ ဒေါ်ခင်စောလှလက်ဝယ်၌ တရားဝင် လက်ဝယ်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိနေပါ၍ ဒေါ်ခင်စောလှ၏ သဘောတူညီချက်မရှိဘဲ အထက်ပါနေအိမ်အား မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လွှဲပြောင်း၊ အငှားချထားခြင်း တစ်စုံတစ်ရာမပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်စောလှ ၁၂/ကမတ(နိုင်)၀၁၈၅၄၂
အမှတ် ၂၈၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

ဦးအောင်စိုး ၁/မကန(နိုင်)၀၉၉၅၉၇ နှင့် အများသိစေရန်ကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ သဒ္ဓမ္မဇောတိကကျောင်းတိုက်ဆရာတော် အရှင်ဓမ္မသာရ ၁၂/မရက(သ)၀၀၂၅၆၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ အရှင်ဓမ္မသာရမှ ဦးအောင်စိုးအား ရုံးလုပ်ငန်းနှင့် ပြောရေးဆိုခွင့်ကိစ္စများ ဆောင်ရွက်ရန် ၂-၂-၂၀၁၃ရက်တွင် ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခဲ့ပါသည်။ အထက်ပါကိုယ်စားလှယ်အား ယနေ့ ကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း ဦးအောင်စိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်ပပထွန်း LL.B
အထက်တန်းရှေ့နေ (စဉ်-၃၃၈၆၄)
အမှတ် ၁၅၆၀၊ မြစ်ငယ် ၁လမ်း၊ ရွှေကြာပင်ရပ်ကွက်၊
ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်



အားကစားသတင်း

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၆း၀၀ (၆၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

၈း၃၀ (၆၈)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၈း၄၅ တပ်မတော်နေ့ဂုဏ်ပြု ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော် ဆိုင်းဝိုင်းဖျော်ဖြေမှု အစီအစဉ်

ညပိုင်း

၄း၀၀ ရုပ်မြင်သံကြားအဖွင့်တေး

၄း၂၀ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(အရှေ့တိုင်း ပညာထူးပြု) (အရှေ့တိုင်းပညာ)

၆း၀၀ ညနေခင်းသတင်း

၆း၂၀ ရွှေရင်ခုန်သံ

၇း၀၀ ပြည်တွင်းသတင်း

၈း၀၀ ပြည်တွင်းသတင်း
-နိုင်ငံတကာသတင်းများ
-မိုးလေဝသအခြေအနေ
-Road to SEA Games (Yacthing-2)
ကျော်ကျော်ဗိုလ်၊ထွန်းထွန်း၊ မင်းသွေး၊ ဝေမင်းအောင်
-နိုင်ငံခြားဇာတ်လမ်းတွဲ

အချစ်ဆုံး

(အပိုင်း-၁၄၁)

၁၀း၀၀ ပြည်တွင်းသတင်း

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲ ယနေ့စတင်ကျင်းပမည်

နေပြည်တော် မတ် ၂၆

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ အကြိုအဖြစ် ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲကို မတ် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် Mount Pleasant စက်ဘီးကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲသို့ အိမ်ရှင်မြန်မာအပါအဝင် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဗီယက်နမ်နှင့် ဘရူနိုင်း စသည့် ပြိုင်ပွဲဝင် ခုနစ်နိုင်ငံမှ စက်ဘီးစီးကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲအမျိုးအစားများအဖြစ် BMX ၊ Cross Country နှင့် Down Hill ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး အမျိုးသား အမျိုးသမီးနှစ်မျိုးလုံး ပါဝင်မည်ဖြစ်သည်။

မတ် ၂၇ ရက် (ယနေ့)တွင် အမျိုးသား အမျိုးသမီး Cross Country ပြိုင်ပွဲကို စတင်ကျင်းပမည်ဖြစ်ပြီး မတ် ၂၈ ရက်တွင် ကျန်ပြိုင်ပွဲနှစ်မျိုးကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲအတွက် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၈ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကို မတ် ၂၈ ရက် ညနေ ၄ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

အင်္ဂလန်ယူ ၂၁ နိုင်ပြန်ပြီ

ယူ ၂၁ အင်္ဂလန်အသင်းနှင့် ဩစတြီးယားအသင်းတို့ ဥရောပချန်ပီယံရှစ်ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်က လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။ ဩစတြီးယားမှ ဂိုးသမား ရစ်ချတ်ဆရိဘင်ဂျာသည် နှစ်ကြိမ်တိုင် ပယ်နယ်တီဧရိယာအပြင်ဘက် ဂိုးထွက်ဖမ်းခဲ့သဖြင့် အနီကတ်ပြ ထုတ်ပယ်ခံရသည်။ ထို့အပြင် ပက်ထရစ်ဖာဂရပ်သည်လည်း နှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရ၍ ဩစတြီးယားအသင်းသည် ကိုးဦးတည်းဖြင့် ကစားခဲ့ရသည်။ အင်္ဂလန်အသင်းသည် ဇွန် ၅ ရက်နှင့် ၁၁ ရက်တို့တွင် အီတလီအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အင်ဒီမာရေး မိုင်ယာမီတွင်နိုင်ပွဲနွှဲ

ဗြိတိသျှနာမည်ကြီး တင်းနစ်ကစားသမားအင်ဒီမာရေးသည် မိုင်ယာမီ မာစတာတင်းနစ်ပြိုင်ပွဲတွင် ဂရီဂေါ်ဒီမီထရော့အား ၇-၆ (၇-၃)၊ ၆-၃ဖြင့် နိုင်ပြီး စတုတ္ထအကျော့ပြိုင်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ယူအက်စ် အိုးပင်းချန်ပီယံမာရေးသည် ပထမပိုင်းပွဲနှစ်ပွဲတွင် ရှုံးနေခဲ့ရာမှ ပြန်နိုင်ခဲ့ခြင်း ဖြစ်သည်။ ဒီမီထရော့က အမှားသုံးကြိမ်ပြုလုပ်မိရာမှ မာရေးအမှတ် အသာပြန်ရခဲ့ခြင်းဖြစ်သည်။ မာရေးသည် ယင်းပြိုင်ပွဲဖလားဆွတ်ခူးနိုင်ခဲ့ပါက ကမ္ဘာ့နံပါတ်နှစ်တင်းနစ်ကစားသမား ဖြစ်လာနိုင်သည်။

တိုက်ဂါးဝုဒ်ကမ္ဘာ့နံပါတ်တစ် ပြန်ဖြစ်ပြီ

ကမ္ဘာကျော်ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်သည် အမေရိကန်နိုင်ငံ၌ ကျင်းပသော အာနိုးပါးမား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရိုက်ချက်နှစ်ချက်အသာဖြင့် ဖလားဆွတ်ခူးခဲ့၍ ၂၀၁၀ အောက်တိုဘာလနောက်ပိုင်း ပထမဆုံးအကြိမ် ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမား ပြန်ဖြစ်လာသည်။ အသက် ၃၇ နှစ်ရှိ တိုက်ဂါးဝုဒ် **(အောက်ပုံ)**သည် ယင်းဖလားကို ဆွတ်ခူးလိုက်ခြင်းဖြင့် ဗြိတိသျှဂေါက်သီးကစားသမား ရိုရီမက္ကာရွိုင်း၏ ကမ္ဘာ့နံပါတ်တစ်နေရာကို ပြန်လည်ရယူနိုင်ခဲ့သည်။ တိုက်ဂါးဝုဒ် ယင်းဖလားဆွတ်ခူးလိုက်ခြင်းသည် ၇၇ လုံးမြောက် ပီဂျီအေဖလားကို ဆွတ်ခူးလိုက်ခြင်းလည်းဖြစ်သည်။ ၎င်းသည် ၂၀၁၃ ခုနှစ်အတွင်း တတိယမြောက်ဖလားအဖြစ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကောင်းမြတ်သူ - ရေးသားသည်

အကြိတ်အနယ် နွှဲနေတဲ့ ယူရို ယူ ၂၁ ခြေစစ်ပွဲများ

၂၀၁၅ ယူရို ယူ ၂၁ ဘောလုံးပြိုင်ပွဲခြေစစ်ပွဲတွေကို မတ် ၂၅ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ လူငယ်ကစားသမားတွေ ဖြစ်တာမို့ ပွဲစဉ်အစအဆုံး လျှင်လျှင်မြန်မြန်နဲ့ ကစားနိုင်ကြပြီး ပရိသတ်တွေ စိတ်တိုင်းကျခဲ့တဲ့ပွဲတွေဖြစ်ခဲ့ပါတယ်။ ဒီပွဲစဉ်တွေကနေပြီး ဘောလုံးမျိုးဆက်သစ်ကြယ်ပွင့်တွေ ထွက်ပေါ်လေ့ရှိတာမို့ ပရိသတ်တွေ အာရုံစိုက်စရာပွဲစဉ်တွေလည်း ဖြစ်နေပါတယ်။

စကော့တလန်နှင့် လူဇင်ဘတ်

အုပ်စု (၃)ရဲ့ စကော့တလန်တို့ကတော့ လူဇင်ဘတ်ကို ပွဲစတင်ကတည်းက ဖိအားပေးပြီး ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် လူဇင်ဘတ်တို့က ခုခံမှုကောင်းကောင်းနဲ့ ကစားခဲ့တာမို့ စကော့တလန်တို့ ပွဲချိန် ၄၅ မိနစ်ရောက်မှ ဝေါလ်ကာရဲ့သွင်းဂိုးနဲ့ အဖွင့်ဂိုး ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ လူဇင်ဘတ်ဟာ အုပ်စု (၃)မှာ အားအနည်းဆုံးအသင်းဖြစ်ပြီး ဒီပွဲမှာ ချေပဂိုးရရှိရေး ကြိုးစားခဲ့ပေမယ့် ပွဲချိန် ၆၆ မိနစ်မှာ ဝပ်က တစ်ဂိုးသွင်းယူခဲ့တာမို့ နှစ်ဂိုးရရှိခဲ့ပါတယ်။ ဆက်လက်ပြီး ထိုးဖောက်တိုက်စစ်ဆင်ကစားတဲ့အခါမှာလည်း လူဇင်ဘတ်ခံစစ်မှူးတွေက ဘောလုံးဟန့်တားဖျက်ထုတ်မှုတွေ မသေသပ်တာမို့ ပွဲချိန် ၈၄ မိနစ်မှာ တိုရေးက တစ်ဂိုးသွင်းယူပြီး ပွဲအပြီးမှာ စကော့တလန်တို့က သုံးမှတ်အပြည့်ရရှိခဲ့ခြင်း ဖြစ်ပါတယ်။ အုပ်စု (၃) မှာ နယ်သာလန်၊ စကော့တလန်၊ စလိုဗက်ကီးယား၊ ဂျော်ဂျီယာနဲ့ လူဇင်ဘတ်တို့ ပါဝင်နေတာဖြစ်ပါတယ်။

ဘယ်လ်ဂျီယံနှင့် ဆိုက်ပရပ်စ်

အုပ်စု (၉)ရဲ့ ဘယ်လ်ဂျီယံနဲ့ ဆိုက်ပရပ်စ်တို့ပွဲကတော့ ဘယ်လ်ဂျီယံတို့က တိုက်ခိုက်ရေးစိတ်ဓာတ်ပြင်းပြခဲ့တာမို့ ဒီပွဲကို အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဆိုက်ပရပ်စ်ဟာ ခြေစွမ်းကောင်းမွန်တဲ့ အသင်းဖြစ်ပြီး ဘယ်လ်ဂျီယံကို အခက်တွေ့အောင်တော့ ကစားနိုင်ခဲ့ပါတယ်။ ဘယ်လ်ဂျီယံအတွက် အဖွင့်ဂိုးကို ပွဲချိန် သုံးမိနစ်မှာပိုကူက သွင်းယူပေးခဲ့ခြင်း ဖြစ်ပါတယ်။

ဆိုက်ပရပ်စ် တိုက်စစ်မှူးတွေဟာ ချေပဂိုးရရှိရေးအတွက် မနားမနေကြိုးစားခဲ့ပေမယ့် ဘယ်လ်ဂျီယံ ဂိုးဧရိယာအတွင်းမှာ ဘောလုံးဆုံးရှုံးမှုတွေ များနေခဲ့ပါတယ်။ ပွဲချိန် ၅၅ မိနစ်မှာဘယ်လ်ဂျီယံတို့ ပယ်နယ်တီရရှိခဲ့ပြီး အဲဒီပယ်နယ်တီကို လက်စတိန်းက သွင်းယူခဲ့လို့ ဘယ်လ်ဂျီယံတို့ ဒုတိယ ဂိုးရရှိခဲ့ပြန်တယ်။ ပွဲချိန်ပြည့်တဲ့အထိ နှစ်သင်းစလုံးဂိုးထပ်ပြီးမသွင်းနိုင်ခဲ့ကြတာမို့ ပွဲအပြီးမှာ ဘယ်လ်ဂျီယံက နှစ်ဂိုးပြတ်နဲ့အနိုင်ရပြီး သုံးမှတ်အပြည့် ယူနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

အုပ်စု(၉) မှာအီတလီ၊ ဆားဘီးယား၊ ဘယ်လ်ဂျီယံ၊ ဆိုက်ပရပ်စ်နဲ့ မြောက်အိုင်ယာလန်အသင်းတွေ ပါဝင်နေပါတယ်။ ဒီအုပ်စုမှာဘယ်လ်ဂျီယံတို့ အခက်အခဲကြုံတွေ့ရနိုင်ပြီး ခြေကုန်ထုတ်ရမယ့်အနေအထားပါပဲ။

ယူရို ၂၀၁၅ အတွက် အုပ်စုတွေခွဲခြားထားတာကို ကြည့်ရင် အုပ်စု(၁)မှာအင်္ဂလန်၊ ဝေလ၊ ဖင်လန်၊ မော်လ်ဒိုဗာ၊ လစ်သူယေးနီးယားနဲ့ ဆန်မာရီနိုတို့ပါဝင်ပြီး အုပ်စု(၂)မှာ ရုရှား၊ ဒိန်းမတ်၊ ဆလိုဗေးနီးယား၊ ဘူလ်ဂေးရီးယား၊ အက်စတိုနီးယားနဲ့ အင်ဒိုရာအသင်းတွေ ပါဝင်ပါတယ်။ အုပ်စု(၃)မှာ နယ်သာလန်၊ စကော့တလန်၊ ဆလိုဗက်ကီးယား၊ ဂျော်ဂျီယာ၊ လူဇင်ဘတ်အသင်းတွေ ပါဝင်နေတာဖြစ်ပြီး အုပ်စု(၄)မှာ စပိန်၊ ဩစတြီးယား၊ ဟန်ဂေရီ၊ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား၊ အယ်လ်ဘေးနီးယားတို့ ပါဝင်ကြပါတယ်။ အုပ်စု(၅)မှာ ဆွစ်ဇာလန်၊ယူကရိန်း၊ ခရိုအေးရှား၊ လတ်ဗီးယားနှင့် လက်ချင်စတိန်းတို့ပါဝင်နေပါတယ်။

ပါဝင်နေ

အုပ်စု(၆)မှာ ဂျာမနီ၊ ရိုမေးနီးယား၊ မွန်တီနီဂရိုး၊ အိုင်ယာလန်နဲ့ဖာရိုးကျွန်းစုတွေပါဝင်နေပြီး အုပ်စု(၇) မှာ ဆွီဒင်၊ တူရကီ၊ ဂရိနဲ့ ပိုလန်တို့ ပါဝင်နေပါတယ်။ အုပ်စု(၈)မှာ အစ္စရေး၊ ပေါ်တူဂီ၊နော်ဝေ၊မက်ဆီဒိုးနီးယားနဲ့ အဇာဘိုင်ဂျန်တို့ပါဝင်နေပြီး အုပ်စု(၉)မှာအီတလီ၊ ဆားဘီးယား၊ ဘယ်လ်ဂျီယံ၊ ဆိုက်ပရပ်စ်နဲ့ မြောက်အိုင်ယာလန်တို့ ပါဝင်နေပါတယ်။ အုပ်စု(၁၀) မှာတော့ပြင်သစ်၊ ဘီလာရုစ်၊ အာမေးနီးယား၊အိုက်စလန်နဲ့ ကာဇက်စတန်တို့ပါဝင်နေတာ ဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက် ရေးသားသည်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

✤ ချယ်လ်ဆီးအသင်းခေါင်းဆောင် တယ်ရီက စာချုပ်သစ်ထပ်မံချုပ်ဆိုရေး စောင့်ဆိုင်းလျက်ရှိပြီး အသင်းမှထွက်ခွာရန်လည်း ဆန္ဒရှိနေသည်။

✤ ဘာမင်ဂမ်အသင်းမှ အသက် ၁၇ နှစ်အရွယ်ရှိ လူငယ်တိုက်စစ်မှူး အာသာကို မန်စီးတီးနှင့် အာဆင်နယ်တို့က ခေါ်ယူရန်ကြိုးစားလျက်ရှိသည်။

✤ ဝက်စ်ဟမ်းအသင်းသည် ဖူလ်ဟမ်တိုက်စစ်မှူး ဗီလ်ဖရစ်အား ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းဖြင့်ခေါ်ယူရန် ကြိုးစားနေသည်။

✤ မန်ယူအသင်းသည် စတုတ်မှ ဂိုးသမားဘီရိုဗစ်ကို ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။

✤ ဂျူဗင်တပ်စ်တိုက်စစ်မှူး ဗူစီနစ်အား မန်စီးတီးနှင့် အာဆင်နယ်တို့က ခေါ်ယူရန် အပြိုင်ကြိုးစားနေသည်။

✤ ဝက်စ်ဟမ်းနည်းပြ ဆမ်အလာဒိုက်စ်ကို စာချုပ်သစ်ထပ်မံချုပ်ဆိုရေး ဆွေးနွေးလျက်ရှိသည်။

✤ ချယ်လ်ဆီးအသင်းပိုင်ရှင် ရိုမန်အေဗရာမိုဗစ်ချ်က နည်းပြမော်ရင်ဟိုကို ချယ်လ်ဆီးအား ပြန်လည်ကိုင်တွယ်စေရန် ကြိုးစားလျက်ရှိသည်။

✤ ရက်ဒင်းအသင်းသည် ဆောက်သမ်တန်နည်းပြဟောင်း အက်ကင်စ်ကို နည်းပြတာဝန်ပေးရန် ဆွေးနွေးလျက်ရှိသည်။

✤ စပါးကွင်းလယ်ကစားသမား ဟိုလ်ဘိုင်က စပါးအသင်း၌သာ ဆက်လက်ကစားမည်ဖြစ်ကြောင်း၊ အသင်းမှထွက်ခွာမည်မဟုတ်ကြောင်း ပြောကြားသည်။

✤ မန်ယူဂိုးသမားဟောင်း ဗန်ဒါဆားက မန်ယူ၌ နည်းပြအဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ယူလိုကြောင်း ထုတ်ဖော်ပြောကြားသည်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

NATURAL BREEZE Travels & Tours

ကိုရီးယား April 12 ၈ည ၉ရက်

ငပလီ - မစလေးရှား April 12-13
ငန်စေတောင် - ပဏ္ဏရေး April 13-14
ချင်းရိုင်း - ချင်းရိုင်း - ရွှေကြိုင် April 21
မလေးရှား - ငပလီ - နန်းစေတောင် April 10

01 500734,09 73 211441 , 09 73 211442

အခန်းကျယ်ရောင်းမည်

Ph:09-5053076

ချိုးကော်ထီးရိုး(နေ့စဉ်) ချောင်းသာ/ငွေဆောင်

Ph: 209077, 09-731 67000
209388, 09-731 68000

Golden Brothers Travels

Asian Diary Travels & Tours

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ခင့်မြေးထူး၏ နိုင်ငံကူးလက်မှတ်အမှတ် ၅၉၇၁၉ မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၂၅၉၉၉

လှိုင်ကော်မြို့၌ အခြေခံအိမ်တွင်းမှု စက်ချုပ်သင်တန်းဆင်း

လှိုင်ကော် မတ် ၂၆

ကယားပြည်နယ် အခြေခံအိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းအမှတ်စဉ် ၅၅/၂၀၁၂ နှင့် အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ် ၃၄/၂၀၁၂သင်တန်းဆင်းပွဲကို မတ် ၂၂ရက် နံနက် ၈နာရီက အခြေခံအိမ်တွင်းမှု သက်မွေးလုပ်ငန်း သင်တန်းခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ကယားပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်၊ ကယားပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်ဦးကျော်လင်းမောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကယားပြည်နယ်အစိုးရအဖွဲ့လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်စိုးက အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းတွင် အဆင့်မြင့်စက်ချုပ်သင်တန်းထူးချွန်ဆု၊ အခြေခံအိမ်တွင်းမှုသင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများက ကျောင်းသူလေးများ၏ အိမ်တွင်းမှုလက်ရာများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်ပြန်/ဆက်)**

တပေါင်းပွဲတော် ဟိုပန်မြို့၌ စည်ကားစွာကျင်းပ

ဟိုပန် မတ် ၂၆

နယ်စပ်ဒေသ သာသနာတော်ထွန်းကားပြန့်ပွားရေး၊ နယ်မြေဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာရေးနှင့်ဆင်းရဲနွမ်းပါးကလေးများအား သာသနာ့ဝန်အကျိုးသယ်ပိုးနိုင်ရန် ရည်ရွယ်၍ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့ (၃၁)ဘုံဆုတောင်းပြည့်စေတီတော်မြတ်၌ ငွေရတုဗုဒ္ဓပူဇနိယပွဲတော်၊ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲတော်၊ စုပေါင်းရှင်ပြုရဟန်းခံပွဲတော်ကို မတ် ၁၇ ရက်မှ စတင်၍ ၁၁ ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နယ်စပ်ဒေသနေ ဦးအိုက်ဆုန်းက မိမိသားအား သာသနာ့ဝန်ကို ထမ်းခွင့်ရအောင် ကုသိုလ်ယူပေးသည့်အလှူ့ရှင်နှင့် ပွဲကော်မတီတို့၏ ကျေးဇူးကြောင့် ပြောမပြတတ်အောင် ဝမ်းသာကြောင်းပြောကြားသည်။ အဘက်ဘက်မှတိုးတက်လာသည့် သာသနိက အဆောက်အအုံများမြင်တွေ့ရသည့်အပြင် ဘာသာမခွဲခြားဘဲ ပေါင်းစည်းညီညွတ်မှုကို ဖော်ဆောင်သည့် တိုင်းရင်းသားရိုးရာအကပဒေသာများကို ကြည့်ရှုရသည့်ပရိသတ်တစ်ဦးထံမှ ဝမ်းသာပီတိဖြစ်ပါကြောင်း သိရသည်။

အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို လောက်ကိုင်ဒေသ၊ ပန်လုံဒေသ၊ ကွမ်းလုံဒေသ၊ ပန်ကောက်ဒေသ၊ ဟိုပန်ဒေသများမှ တောင်တန်းသာသနာပြု အရှင်သူမြတ်များ ကြွရောက်ကာ ငါးရက်တိုင်ပူဇော်ပွဲကျင်းပသည်။ အထူးဒေသမှ ဆင်းရဲနွမ်းပါးကလေးသူငယ်များ အပါအဝင် ရိုးရာရှင်လောင်းလှည့်လည်ပွဲကို သုံးရက်ကြာ ကျင်းပသည်။ ဒေသနေပြည်သူများ၏ ဆန္ဒနှင့်အညီ ရှမ်းတေးအဆိုတော်စိုင်းဟန်လျန်းအဖွဲ့ စင်တင်တေးဂီတဖျော်ဖြေပွဲ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပဒေသာကပွဲ၊ သီပေါမြို့မှ စိုင်းကာလိန်ဝမ်း ရှမ်းဇာတ်သဘင်တင်ဆက်ပွဲကို ၁၀ညတိုင်တိုင် ဖျော်ဖြေတင်ဆက်ကပြခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သာကေတ-လှိုင်သာယာ ခရီးသည်တင်ယာဉ်လိုင်းသစ် စတင်ပြေးဆွဲ

ရန်ကုန် မတ် ၂၆

သာကေတမြို့နှင့်လှိုင်သာယာမြို့ အကြား မတ် ၁၉ရက်မှ စတင် ပြေးဆွဲသော ခရီးသည်တင်ယာဉ်လိုင်းသစ်တွင် သက်ဆိုင်ရာမှ သတ်မှတ်ထားသော ခရီးစဉ်လိုက် ပိုင်းဖြတ်ကားခနှုန်းထားများ၊ မကျေနပ်လျှင် တိုင်ကြားရန် ဖုန်းနံပါတ်များ မပါရှိသည့်အတွက် မတ်၂၀ရက်တွင်ယင်းယာဉ်လိုင်းမှယာဉ်တစ်စီးပေါ်သို့ လမ်းခရီးမှ တက်စီးသော ခရီးသည်အချို့ စ-ဆုံးခရီးစဉ်ကားခ ငွေကျပ် သုံးရာ ပေးခဲ့ရသည်ဟုဆိုသည်။ အဆိုပါယာဉ်လိုင်းသည် ခရီးသည်သက်သာချောင်ချိရေးအတွက် ဝန်ဆောင်မှုပေးမည်ဆိုသော သတင်းစကား၊ ယာဉ်လုပ်သားများအား ဝင်ငွေအလိုက် လုပ်အားခမပေးဘဲ လစာနှုန်းထားပေး၍ အလုပ်လုပ်စေမည်ဆိုသော သတင်းစကား၊ သဘာဝခေတ်ငွေ့လုံလောက်စွာမရသဖြင့် ယာဉ်အင်အားအပြည့်အဝ ပြေးဆွဲနိုင်ခြင်းမရှိသေးသောသတင်းများ၊ သတင်းဂျာနယ်များတွင် ဖော်ပြပါရှိမှုကြောင့် ခရီးသည်များ မျှော်လင့်စောင့်စားနေကြသည်ဟုခရီးသွားများကဆိုသည်။

လှိုင်သာယာသို့ စတင်ပြေးဆွဲသည့်နေ့တွင် တစ်ရက်က အခမဲ့ပြေးဆွဲခြင်း၊ သောက်ရေသန့်ဘူးဝေငှခြင်းဖြင့် မိတ်ဆက်သော်လည်း ပြေးဆွဲချိန်တွင် သက်ဆိုင်ရာမှ သတ်မှတ်ထားသောခရီးစဉ်အလိုက် ပိုင်းဖြတ်ဇယားပါ ကားခနှုန်းများ ကောက်ခံမှုမရှိခြင်း၊ အထူးကားပုံစံဖြင့် စ-ဆုံးကားခတောင်းခံခြင်း၊ ခရီးစဉ်ပိုင်းဖြတ်ဇယားများ ခရီးသည်များ သိရှိရန် ပွင့်လင်းမြင်သာစွာကပ်ထားပြီး လိုက်နာမှုမရှိဘဲ ကားခပိုမိုကောက်ခံပါက တိုင်ကြားနိုင်ရန် ဖုန်းနံပါတ်များပါ မြင်သာစွာယှဉ်တွဲကပ်ထားပေးပါက ခရီးသည်များမှ ယုံကြည်အားကိုးသော ယာဉ်လိုင်းများဖြစ်လာမည်ဟု ခရီးသည်များကဆိုပါသည်။ ရန်ကုန်မြို့တော်အတွင်း တိုးချဲ့ပြေးဆွဲခွင့်ရရှိသော ယာဉ်ကြီးများအနေဖြင့် သက်ဆိုင်ရာမှ သတ်မှတ်ပေးထားသော ကားခနှုန်းထားအတိုင်းကောက်ခံခြင်းကို အလေးအနက်ထား လုပ်ဆောင်ခြင်းဖြင့် ရန်ကုန်မြို့တွင်းသွား ခရီးသွားများအပေါ် စေတနာစိတ်များဖြင့် ပြုလုပ်ပေးစေလိုသည်ဟု ခရီးသည်များက ဆိုပါသည်။ **(ခင်ဆိုင်)**

စားနပ်ရိက္ခာ အကူအညီအတွက် ဂျပန်က မြန်မာကို နှစ်ဆတိုးပေး

နေပြည်တော် မတ် ၂၆

ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား ယမန်နှစ်က စားနပ်ရိက္ခာ အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၁၀ သန်းပေးနေရာမှ ယခုနှစ်အတွက် ဒေါ်လာ ၂၀ သန်းအထိ ပေးအပ်လှူဒါန်းခဲ့ခြင်းအပေါ် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် ဒဗလျူအက်ဖ်ပက ကြိုဆိုလိုက်သည်။

အဆိုပါ တရားဝင်လှူဒါန်းခြင်းကို မတ် ၂၂ ရက်က နေပြည်တော်၌ ဂျပန်သံအမတ်ကြီး မိကီယိုဒူမာတာက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ဒဗလျူအက်ဖ်ပီ၏ ကြေညာချက်တွင် ဖော်ပြသည်။ အဆိုပါလှူဒါန်းမှုသည် လူပေါင်း ၂၅၀၀၀၀ အတွက် ခြောက်လစာ လိုအပ်သော စားနပ်ရိက္ခာများ ဝယ်ယူနိုင်လိမ့်မည်ဟု ဒဗလျူအက်ဖ်ပီ၏ ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။ ဂျပန်နိုင်ငံအနေဖြင့် ယခုနှစ်တွင် ဒဗလျူအက်ဖ်ပီမှတစ်ဆင့် ကမ္ဘာတစ်ဝန်းလုံးသို့ လှူဒါန်းငွေ အမေရိကန်ဒေါ်လာသန်း ၁၇၀ ကျော်ရှိသည်။ ၂၀၁၃ ခုနှစ်အတွင်း ဒုတိယအများဆုံးလှူဒါန်းသောနိုင်ငံဖြစ်သည်။

မောင်နွေသစ်

စာအောင်သံဃာတော်များနှင့် သီလရှင်များအား စာအောင်လက်မှတ်နှင့် ဆုနှင်းသဘင်ကျင်းပ

ပျော်ဘွယ် မတ် ၂၆

ဒုတိယအကြိမ်မြောက် ပျော်ဘွယ်မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိဓမ္မာနုဂ္ဂဟစာမေးပွဲ ၁၃၇၄ ခုနှစ် (၂၀၁၃)ခုနှစ် စာအောင်သံဃာတော်များ နှင့်သီလရှင်ဆရာလေးများအား စာအောင်လက်မှတ်ဆက်ကပ်ခြင်းနှင့် ဆုနှင်းသဘင် အခမ်းအနားကို မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ စာမေးပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဆရာတော် ဦးအာသဘက ဩဝါဒမြွက်ကြားသည်။

ဆက်လက်၍ ပထမလတ်တန်းဂုဏ်ထူးဖြင့်အောင် သုံးပါး၊ ပထမကြီးတန်း ရိုးရိုးအောင်တစ်ပါး၊ ပထမလတ်တန်း ရိုးရိုးအောင် ၁၁ ပါး၊ ပထမငယ်တန်း ရိုးရိုးအောင်တစ်ပါး၊ အခြေပြုမူလတန်း ရိုးရိုးအောင် ၂၅ ပါး စုစုပေါင်း ၄၁ ပါးအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များက စာအောင်လက်မှတ်ဆက်ကပ်ခြင်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။

(ဦးမင်းမင်းထွေး)

မြို့ပြနှင့်ကျေးလက် ဆက်သွယ်ရေး ကျေးလက်ကျောက်ချော လမ်းဖွင့်

ဖြူး မတ် ၂၆

(၆၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ဝဲကြီးနှင့်အိုးဘိုကုန်းဆက်သွယ်သော ကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၂ ရက် နံနက် ၉ နာရီက အိုးဘိုကုန်းရွာ လမ်းထိပ်ယာယီမုခ်ဦး၌ကျင်းပသည်။ အဆိုပါလမ်းကို ကျေးလက်နေပြည်သူများ ဆက်သွယ်သွားလာရေး လွယ်ကူချောမွေ့စေရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖြူးအုတ်ဖြတ်ကားလမ်းနှင့် ဆက်သွယ်သော ဝဲကြီး-အိုးဘိုကုန်းကျောက်ချောလမ်းသစ်ကို အရှည် ၂၁၆၅ ပေ၊ အကျယ် ၁၀ ပေ လမ်းသစ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

(ဖြူး-မြင့်ဦး)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့်အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

Maritime Management Institute (MMI) မှ

Advanced Certificate in Logistic & Supply Chain Management (တစ်လ)

ညနေပိုင်းသင်တန်းဖွင့်လှစ်မည်။

ဖွင့်လှစ်မည့်ရက် : ၆-၅-၂၀၁၃ (တနင်္လာနေ့)
အချိန် : ညနေ (၅) နာရီမှ (၇) နာရီ (တနင်္လာ မှ သောကြာနေ့အထိ)
လက်ခံမည့်ဦးရေ : (၂၀) ဦး
သင်တန်းကြေး : တစ်သိန်းကျော် (စာအုပ်စာတမ်း အခမဲ့)
ဖုန်းနံပါတ် : ၀၉၄၅၀၀၄၂၉၉၉၊ ၀၉၇၃၁၄၀၄၀၅၊

သင်တန်းလက်ခံပြီ။

ပါမောက္ခ ဦးတင်ရွှေ (ဓာတု)

၁။ ရန်ကုန်မြို့ပေါ်နှင့်အနီးတစ်ဝိုက် ကိုယ်ပိုင်အထက်တန်းကျောင်းကြီးများ၌ ဓာတ်ခွဲခန်း ထူထောင်ပေးမည်။ သင်ကြားပေးမည်။
၂။ (၉)တန်း၊ (၁၀)တန်း၊ နွေ(၂)လ ဓာတုဗေဒသင်တန်း 1st April စမည်။
၃။ Guide များ၊ ဆရာ ဆရာမများအတွက် ဓာတုဗေဒအရည်အချင်းဖြည့် ဆရာဖြစ် (၂)ပတ်သင်တန်း 16th June စမည်။
(လက်တွေ့ပြသခြင်းများ ပါဝင်မည်။)

ဖုန်း-၀၉-၄၃၁၁၂၀၂၃

လိုင်ပီအန်ဓမ္မတရားနာပွဲဖိတ်ကြားခြင်း

လိုင်ပီအန်အဖွဲ့ချုပ်မှ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၆၅)ကြိမ်မြောက် လိုင်ပီအန်ဓမ္မတရားနာပွဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ လှိုင်သာယာရပ်ကွက်တွင် ၂၀၁၃ခုနှစ် မတ် ၂၉ရက်မှ ဧပြီ ၁ရက်အထိ (၄)ရက်တိုင်တိုင် ဓမ္မတေးသရုပ်ဖော်အဆို အကများနှင့် တိုင်းရင်းသားရိုးရာ အဆို အကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ အသင်းသူ အသင်းသားများနှင့် စိတ်ဝင်စားသူများအား ဖိတ်ကြားအပ်ပါသည်။

လိုင်ပီအန်ပေါ်ကျင့်ဟော ဘာသာ သာသနာတော်အဖွဲ့ချုပ်
တီးတိန်မြို့၊ ချင်းပြည်နယ်
ဖုန်း-၀၇၀-၅၀၀၈၂

FAME
Aloeheal®
Herbal cracked heels cream
ခြေဖနောင့်ကွဲအက်ပျောက်ဆေး
0313 YR 006394
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
Wheatgrass
For rejuvenation
ဂျုံမြက်နုဆေး
TMR 009442 (1014)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified



“ချင်မြန်စွာပျောက်ကင်းသက်သာချင်သူများအတွက်”
တမ်းတော်ဆီနှင့် ဆေးဝါးတို့ဖြင့်
အချိုးကျ ဖော်စပ်ထားသော
ရွှေသပင်တမ်းတော်ဒဏ်ကျေလိမ်းဆေး ရှိပါတယ်။
အမှတ် (၁၉)၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ - ...

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)
Advanced ICT Engineer Training သင်တန်းများနှင့် Wireless and Mobile Computing
သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ သင်တန်း(လှိုင်)ရှိ India-Myanmar Center for Enhancement of Information Technology Skills(IMCEITS) သင်တန်းဌာနတွင် အောက်ဖော်ပြပါ သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်နေ့
၁။	Java Programming Course	၂၄ ပတ်	၂၇-၅-၂၀၁၃
၂။	MS.Net Programming Course	၂၄ ပတ်	၂၇-၅-၂၀၁၃
၃။	Wireless and Mobile Computing	၂၄ ပတ်	၂၇-၅-၂၀၁၃
၄။	Android Application Development	၈ ပတ်	၂၇-၅-၂၀၁၃
၅။	WinCE.Net Programming	၆ ပတ်	၁၂-၈-၂၀၁၃

၂။ အမှတ်စဉ် (၁)၊ (၂) နှင့် (၃) သင်တန်းများသည် မိမိ၏ ပရိုဂရမ်စွမ်းရည်ကို အခြေခံ၍ ကြိုက်နှစ်သက်ရာသင်တန်းကို ရွေးချယ်လျှောက်ထားနိုင်ပါသည်။ အဆိုပါ သင်တန်းများကို Software Program များအား မိမိကိုယ်တိုင် တာဝန်ယူရေးသားနိုင်ရန် သင်ကြားမည်ဖြစ်သည်။

၃။ အမှတ်စဉ် (၃)၊ (၄) နှင့် (၅) သင်တန်းများသည် Mobile Phone များပေါ်တွင် Mobile Application Program များကို ရေးသားနိုင်သည်အထိ စာတွေ့၊ လက်တွေ့ ပေါင်းစပ်သင်ကြားပို့ချပေးမည်ဖြစ်သည်။

၄။ အမှတ်စဉ်(၄) သင်တန်းအား IMCEITS သင်တန်းဌာနနှင့် ICTTI သင်တန်းဌာနတို့မှ Software Development (Java Programming) သင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၅။ အမှတ်စဉ်(၅) သင်တန်းအား IMCEITS သင်တန်းဌာနမှ MS.Net Programming သင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၆။ သင်တန်းများသည် အစိုးရ ရုံးပိတ်ရက်မှအပ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အချိန်ပြည့်သင်တန်းများဖြစ်သည်။

၇။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်-

(က) B.C.Sc/ B.C.Tech./ B.Tech(IT)/B.E(IT)/ B.Sc(Computer Science)/ M.C.Sc/ M.C.Tech/ M.I.Sc/ M.A.Sc/ M.E(IT)/ M.Sc(Computer Science)ဘွဲ့တစ်ခုခု ရရှိပြီးသူ(သို့မဟုတ်) နိုင်ငံတကာ အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခု မှ IT အထူးပြုဘွဲ့(သို့မဟုတ်) Computer Science ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။

(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲများကို အောင်မြင်စွာ ဖြေဆိုနိုင်သူဖြစ်ရမည်။

(ဃ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော ကတိခံဝန်ချက်များကို လက်မှတ်ရေးထိုးနိုင်သူဖြစ်ရမည်။

(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ ခွင့်ပြုအမိန့်စာ ပါရှိရမည်။

(စ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။

၈။ သင်တန်းလျှောက်ထားသူများသည် အောက်ပါအတိုင်း Online ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်-

နေ့ရက်	စာမေးပွဲ	အချိန်	နေရာ
၂၉-၄-၂၀၁၃	Online ဝင်ခွင့်စာမေးပွဲ	နံနက် ၉ နာရီမှ ၁၁ နာရီထိ	IMCEITS သင်တန်းဌာန၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာသင်တန်း(လှိုင်)

၉။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ သင်တန်း(လှိုင်)၊ IMCEITS သင်တန်းဌာနတွင် ၂၄-၄-၂၀၁၃ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၁၀။ အခြားသိရှိလိုသည်များရှိပါက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ သင်တန်း(လှိုင်)၊ IMCEITS သင်တန်းဌာန၊ ဖုန်း-၀၁-၆၅၂၅၄၂၊ ၀၁-၆၅၂၅၂၉၊ ၀၁-၆၆၂၃၂၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)
ICTTI Software Development, Network Development သင်တန်းများနှင့် Advanced Course
သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ သင်တန်း(လှိုင်)နှင့် ဂျပန်နိုင်ငံ (JICA)တို့ ပူးပေါင်းဖွင့်လှစ်မည့် ICTTI သင်တန်းဌာနတွင် အောက်ဖော်ပြပါ သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်နေ့
၁။	Software Development Course	၂၂ ပတ်	၂၇-၅-၂၀၁၃
၂။	Network Development Course	၂၂ ပတ်	၂၇-၅-၂၀၁၃
၃။	Mobile Phone System Development Course	၄ ပတ်	၂၇-၅-၂၀၁၃
၄။	Oracle Database 11g Course(SQL, PL/SQL and DBA)	၃ ပတ်	၁၀-၆-၂၀၁၃
၅။	Advanced Web Development Course(Web Design and PHP Web Development)	၅ ပတ်	၁-၇-၂၀၁၃
၆။	Advanced Server Course(Virtualization and LDAP)	၇ ပတ်	၈-၇-၂၀၁၃
၇။	Project Management Course	၄ ပတ်	၆-၈-၂၀၁၃
၈။	Cisco Learning Network Course(Routing & Switching and Voice)	၄ ပတ်	၂၆-၈-၂၀၁၃
၉။	Web and Cloud System Development Course	၄ ပတ်	၂-၉-၂၀၁၃
၁၀။	Java Framework-based Development Course(Spring 3)	၂ ပတ်	၃၀-၉-၂၀၁၃
၁၁။	Ruby on Rails Framework-based Development Course	၂ ပတ်	၁၆-၁၀-၂၀၁၃

၂။ အမှတ်စဉ် (၁) နှင့်(၂) သင်တန်းများတွင် မိမိကြိုက်နှစ်သက်ရာ သင်တန်းကို ရွေးချယ်လျှောက်ထားနိုင်ပါသည်။

၃။ အမှတ်စဉ် (၃) နှင့် (၉) သင်တန်းများအတွက် ICTTI သင်တန်းဌာနမှ Software Development သင်တန်းနှင့် IMCEITS သင်တန်းဌာနမှ Java Programming သင်တန်း တက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၄။ အမှတ်စဉ်(၄) သင်တန်းအတွက် Database အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၅။ အမှတ်စဉ်(၅) သင်တန်းအတွက် Programming အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၆။ အမှတ်စဉ်(၆) သင်တန်းအတွက် ICTTI Network Development သင်တန်း တက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၇။ အမှတ်စဉ်(၇) သင်တန်းအတွက် IT Professional အဖြစ် အသက်မွေးဝမ်းကျောင်းမှု သက်တမ်း အနည်းဆုံးငါးနှစ်နှင့် အထက်ရှိသူများ လျှောက်ထားနိုင်သည်။

၈။ အမှတ်စဉ်(၈) သင်တန်းအတွက် ICTT Network Development သင်တန်းတက်ရောက်အောင်မြင်ပြီး Cisco Networking အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၉။ အမှတ်စဉ်(၁၀) သင်တန်းအတွက် Programming နှင့် Framework အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၁၀။ အမှတ်စဉ်(၁၁) သင်တန်းအတွက် Java Programming နှင့် Framework အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၁၁။ သင်တန်းများသည် အစိုးရ ရုံးပိတ်ရက်မှအပ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အချိန်ပြည့်သင်တန်းများ ဖြစ်သည်။

၁၂။ သင်တန်းအောင်မြင်ပြီးဆုံးပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ သင်တန်း(လှိုင်)နှင့် ဂျပန်နိုင်ငံ(JICA)တို့မှ ပူးပေါင်း၍ လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချနိုင်သည့် နိုင်ငံတကာအဆင့်မီ အဆင့်မြင့်အောင်လက်မှတ်များ ပေးအပ်မည်ဖြစ်သည်။

၁၃။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်-

(က) B.C.Sc/ B.C.Tech./ B.Tech(IT)/B.E(IT)/ B.Sc(Computer Science)/ M.C.Sc/ M.C.Tech/ M.I.Sc/ M.A.Sc/ M.E(IT)/ M.Sc(Computer Science)(သို့မဟုတ်) နိုင်ငံတကာ အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ IT အထူးပြုဘွဲ့(သို့မဟုတ်) Computer Science ဘွဲ့ တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။ Network Development သင်တန်းအတွက် အဆိုပါဘွဲ့များအပြင် B.Tech(EC), B.E(EC), M.E(EC) ဘွဲ့တစ်ခုခု ရရှိပြီးသူ (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ Computer Hardware ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲများကို အောင်မြင်စွာ ဖြေဆိုနိုင်သူဖြစ်ရမည်။

(ဃ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော ကတိခံဝန်ချက်များကို လက်မှတ်ရေးထိုးနိုင်သူဖြစ်ရမည်။

(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ ခွင့်ပြုအမိန့်စာပါရှိရမည်။

(စ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။

၁၄။ သင်တန်းလျှောက်ထားသူများသည် အောက်ပါအတိုင်း Online ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်-

နေ့ရက်	စာမေးပွဲ	အချိန်	နေရာ
၂၉-၄-၂၀၁၃ နှင့် ၃၀-၄-၂၀၁၃	Online ဝင်ခွင့်စာမေးပွဲ	နံနက် ၉ နာရီမှ ၁၁ နာရီထိ	ICTTI သင်တန်းဌာန၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာသင်တန်း(လှိုင်)

၁၅။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ သင်းတန်း(လှိုင်)၊ ICTTI သင်တန်းဌာနတွင် ၂၄-၄-၂၀၁၃ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၁၆။ အခြားသိရှိလိုသည်များရှိပါက ICTTI သင်တန်းဌာန၊ ဖုန်း-၀၁-၅၂၂၄၂၉၊ ၀၁-၆၆၁၇၁၄၊ ၀၁-၆၅၂၅၄၂တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ်လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဂ/၃၆၂၅၊ Toyota Lexus၊ အမျိုးအစား S/W မော်တော်ယာဉ်လက်ဝယ်ရှိသူ ဦးစောလှကြိုင် ၃/မပန(နိုင်)၀၁၂၅၈၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅ဒီ၁၊ မြေကွက်အမှတ် Eastern Half of I, II နှင့် III-38၊ မြေကွက်တည်နေရာ အမှတ် ၈၉/၉၃၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်နှင့် အမှတ် ၄၅၃/၄၅၅၊ မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်းမြို့နယ် A.M.B Bindaneen အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် A.M.B Bindaneen ကွယ်လွန်သဖြင့် ဒေါ်မိုးမိုးလှ ၁၂/မဂတ(နိုင်)၀၆၇၂၆၈ က မြစ်တော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ ၁၇-၁-၂၀၁၃ ရက်စွဲပါ ပြည်ထဲရေးဝန်ကြီးဌာန၏ စာအမှတ် ၂၀၀/၂၉၄/ရေး၃ဖြင့် အမွေကြောင်းသက်ဝင်သူများအား အမွေဆက်ခံခွင့်ပြုကြောင်း ချမှတ်သည့်အမိန့်တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ်-၅၊ မြေတိုင်းရပ်ကွက်-၅၊ မြေကွက်အမှတ် ၅၉၉၊ ဧရိယာ ၀ဒသမ၁၁၀၈ဧက၊ နှစ် ၆၀ ဂရန်မြေပေါ်ရှိ အမှတ် ၅၉၉၊ ပုဂံ ၂၈လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးဌေးဝင်း ၉/ပသက(နိုင်)၀၁၂၇၇၂မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟိန်းသူကောင်း — **အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇)**

ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ မြေတိုင်းရပ်ကွက်(၁၈/၄)၊ မြေကွက်အမှတ် (၁၃၇၄)၊ သုခမိန်လမ်း၊ အမှတ် (၁၃၇၄)၊အကျယ်အဝန်း(ပေ၄၀×ပေ၆၀) ဦးခင်မောင်မြင့်အမည်ပေါက် မြေချပါမစ်မြေကွက်နှင့်နေအိမ်အား ကန့်ကွက်နိုင်ရန် ကြေညာခြင်း

အထက်လိပ်စာဖြစ်သည့် မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အမည်ပေါက် ဦးခင်မောင်မြင့်ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူပြီး ရောင်းချပိုင်ခွင့်ရရှိထားသူ ဦးမြင့်ဆွေ ၃/ဘအန(နိုင်)၁၅၇၆၉၃ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အဆိုပါ အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)
လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း အကျိုးဆောင် အထက်တန်းရှေ့နေ
အမှတ် (၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၉၃၂၂၉၄၁

ကန့်ကွက်နိုင်ပါကြောင်း

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် လေးထောင့်ကန်၊ မြေကွက်အမှတ် ၅၄၀၊ မြေကွက်တည်နေရာ အမှတ် ၅၉၇၊ ရိပ်သာလမ်း လေးထောင့်ကန်ရပ်ကွက်၊ သဃ်ာန်းကျွန်း ဦးစံဦး အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးစံဦးထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်သန်းသန်းအေး ၁၂/သဃက(နိုင်)၀၄၈၁၈၄က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၃၊ မြေကွက်အမှတ် ၄၂၇၊ မြေကွက်တည်နေရာ အမှတ် ၄၂၇၊ ဓမ္မာရုံလမ်း၊ ၁၆/၃ရပ်ကွက်၊ သဃ်ာန်းကျွန်း ဦးဘဇော်၊ ဦးမင်းအောင် အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးဘဇော်(ခင်ပွန်း)ကွယ်လွန်သဖြင့်ဒေါ်ကြည်ကြည်ဝင်း W/RGN-၀၀၁၇၅၃ က လည်းကောင်း၊ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမင်းအောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်အေးအေးသွယ်၁၂/သဃက(နိုင်)၀၂၄၀၂၉ က လည်းကောင်း တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်၊ မြေကွက်အမှတ် ၂၅ပေါ်တွင် ဆောက်လုပ်ထားသော လေးထပ်၊ ရစ်ခန်းတွဲ၊ ခေါင်းရင်းဘက်ခြမ်း၊ မြေညီထပ်၊ အကျယ်အဝန်း (၁၈ပေ× ပေ၅၀)၊ အမှတ် ၂၅၊ ကျောက်ကုန်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ (ကွယ်လွန်သူ)ဦးစိန်အောင်မင်းနှင့် ဒေါ်စိန်လေဒီ၊ ဒေါ်သိန်းခင်တို့၏သားသမီးများဖြစ်သော မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာအရ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်ညွန့်ညွန့်စိန် ၁၂/ကမတ(နိုင်)၀၄၁၄၆၃၊ ဦးကြည်ဝင်း ၁၂/ရကန(နိုင်)၀၅၁၅၇၇၊ ဒေါ်သန်းသန်းစိန် ၁၂/ရကန(နိုင်)၀၅၀၉၅၆၊ ဒေါ်စီစီစိန် ၁၂/ရကန(နိုင်)၀၅၁၀၄၃၊ ဒေါ်ခင်စန်းဌေး ၅/မရန(နိုင်)၀၃၇၅၈၈၊ ဦးအောင်ကိုမင်း YKN-၀၀၄၈၀၅၊ ၁၂/ရကန(နိုင်)၀၆၀၂၅၄၊ ဦးအောင်ကိုဝင်း ၁၂/ဒဂတ(နိုင်)၀၄၂၄၂၀ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နှင်းမြခိုင် (LL.B, LL.M) အထက်တန်းရှေ့နေ
အမှတ် ၂၇(A)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၈၈၃၈၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၄)လမ်း၊ အမှတ်(၁၄၀)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၉)၊ လူနေရပ်ကွက်အမှတ် (၉)၊ မြေကွက်အမှတ်(၁၄၀)၊ ဧရိယာ ပေ(၃၈× ၆၀) အကျယ်အဝန်းရှိ နှစ်၆၀ ဂရန်မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့/မြေဌာနတွင် ဦးညွန့်ရွှေနှင့် ဦးသန်းအောင်တို့မှ ပူးတွဲအမည်ပေါက်ပြီး ၄င်းမြေကွက်အနက် ဦးညွန့်ရွှေပိုင်ဆိုင်သောအစု ပေ(၁၇× ၆၀)အကျယ်အဝန်းရှိ မြေကွက်အမှတ် ၁၄၀/ခ နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးညွန့်ရွှေထံမှ သားဖြစ်သူဦးလွင်မိုး ၁၂/ဥကတ(နိုင်)၀၂၂၃၇၃ က အမွေဆက်ခံ ပိုင်ဆိုင်လာသောပစ္စည်းဖြစ်ပါသည်။ ၄င်းထံမှ ဒေါ်မေသကြိန် ၁၂/ဥကတ(နိုင်) ၁၇၁၉၂၆ က မှတ်ပုံတင်စာချုပ်အမှတ် ၃၃၆၈/၂၀၀၇ ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ပစ္စည်းဖြစ်၍ ၄င်းတစ်ဦးတည်းပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှိုင်(LL.B) — **တရားလွှတ်တော်ရှေ့နေ**

ဒေါ်ခင်မာနွယ်(LL.B, D.B.L) **ဒေါ်ငွေးငွေးဝင်း(LL.B, D.I.L)** — **အထက်တန်းရှေ့နေများ**

အမှတ်(၃/ခ)၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

ကြော်ငြာ

သီရိဝင်မိသားစုတတိယအကြိမ်မြောက်ရှင်အပါး (၁၀၀၀)မဟာရှင်ပြုအလှူတော် ရှင်သာမဏေလောင်းဖိတ်ကြားနှိုးဆော်လွှာ

သီရိဝင်မိသားစုတတိယကြိမ်မြောက် ရှင်အပါး (၁၀၀၀)မဟာရှင်ပြုအလှူတော်ပွဲကြီးကို ၂၀၁၃ခုနှစ်ဧပြီလ(၁၁၊၁၂)ရက်များတွင် ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အဆိုပါရှင်ပြုပွဲ အတွက်လိုအပ်မည့်ရှင်သာမဏေလောင်းများ ဖိတ်ခေါ်လျက်ရှိရာ အသက်(၈)နှစ်မှ (၁၅)နှစ်ကြားရှိ သားရတနာများအားထည့်သွင်းလိုပါက မိမိတို့နေထိုင် ရာဒေသအလိုက် အောက်ဖော်ပြပါပုဂ္ဂိုလ်များထံဆက်သွယ်စုံစမ်း အမည်စာရင်း ပေးသွင်းနိုင်ပါကြောင်းအသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ-(သာယာဝတီသုံးဆယ်)ဦးမင်းသိန်းနိုင်(ဖုန်း-၀၉၅၃၆၀၁၈၃)၊ ဦးဟန်ဝင်းအောင်(ခ)ဦးရွှေဘ(ဖုန်း-၀၉၄၂၃၆၆၁၉၄၂)။(လက်ပံတန်း)ဦးဝင်းသိန်း(ဖုန်း-၀၉၄၂၃၉၆၉၄၉၄၈)ဦးနိုင်ဝင်း(ဖုန်း-၀၉၄၉၃၁၆၃၄၃)။(စစ်ကွင်း)ဦးဝင်းနိုင်(ဖုန်း-၀၉၅၃၆၆၄၅)ဦးနေလင်း(အလက-ဥတိုရွာ)။(မင်းလှ) ဦးသက်ထွန်း(ဖုန်း-၀၅၃ ၃၀၃၁၆)။(အိုးသည်ကုန်း)ဦးမောင်မောင်စိုး(ဖုန်း-၀၉၅၃၆၆၃၅၈)၊ဦးခင်မောင်+ဒေါ်သောင်းတင်(လမ်းမတော်လမ်း)။(အေးမြသာယာ)ဦးခင်မောင်ဝင်း(ဖုန်း-၀၉၄၂၃၆၆၀၈၈၇) ၊ဦးစောဝင်းရွှေ(ဖုန်း-၀၉၄၂၃၆၇၉၁၉၀)။(မိုးညို+ရေကာင်း) ဦးသိန်းမြင့်စိုး(ဖုန်း-၀၉၄၂၃၇၀၈၅၀၈)။(အုတ်ဖို)ဦးခင်နွယ်(သီရိဝင်ကုသိုလ်ဖြစ်ဆေးခန်း)(ဖုန်း-၀၉၅၃၇၃၂၇၆)။(ကြို့ပင်ကောက်)ဦးစိန်ရွှေ (ဖုန်း-၀၅၃၅၀၂၈၃)ဦးဘုန်းမြင့်(ခ)ဦးဘိုကေ(ဖုန်း-၀၅၃ ၅၀၉၀၀)။(ဇီးကုန်း)ဦးကျော်ကျော်ဦး(ဖုန်း-၀၅၃ ၃၄၀၄၀)။(နတ်တလင်း)ဦးထွန်းထွန်း +ဒေါ်စန်းမြင့်ဦး (ဖုန်း-၀၉၅၃၆၃၁၂၃)၊ဦးခင်ဇော်ဦး(ဖုန်း-၀၉၅၃၆၈၁၀၇)။(ပေါင်းတည်)ဦးကိုလေး(ဖုန်း-၀၉၅၃၇၆၉၂)၊ဦးခင်မောင်ဇော်+ဒေါ်စိုးစိုးမိုး(ဖုန်း-၀၉၄၂၃၇၁၆၅၄)။(ဝက်ပုတ်)ဦးအောင်ဝင်း(ဖုန်း-၀၅၃ ၁၂၆၈၆)။(ရွှေတောင်)ဒေါ်တင်လှ(ဖုန်း-၀၅၃၅၅၃၅၂)၊ ဦးမြင့်စိုး(ဖုန်း-၀၉၄၂၃၆၉၂၃၅)။

မှတ်ချက်။ ရှင်ပြုပွဲကြီးတွင်ရိုးရာအစဉ်အလာအတိုင်းဆင်ရတနာ၊ မြင်းရတနာများဖြင့် ရှင်လောင်းလှည့်လည်ပါမည်။

ဂုဏပူဇာသဘင် ဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ မြို့မ(၂)ရပ်ကွက်၊ ထန်းတပင်လမ်း၊ ဇမ္ဗူထိပ်မဟာအတုလ ရွှေကျောင်းတိုက်ကြီး ပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တစန္ဒာသိရီဘိဝံသ (ပထမကျော်)သည် သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိသာသနဟိတအသင်းကြီးမှ ကြီးမှူးကျင်းပသော (၈၇)ကြိမ်မြောက် စာမေးပွဲကြီးတွင် ခုနစ်ဆင့်၊ ခုနစ်တန်းလုံးကို အပြီးတိုင် အောင်မြင်တော်မူပါသဖြင့် ၇-၃-၂၀၁၃ ရက်တွင် ယင်းအသင်းကြီးမှ ဆက်ကပ်အပ်သော ပိဋကတ္တယပါရဂူ ခံယူရရှိတော်မူပြီးဖြစ်ပါသည်။

ဒါယကာ၊ ဒါယိကာမအပေါင်းတို့ကလည်း ၃၁-၃-၂၀၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ထပ်ဆင့်ပြီး ဂုဏပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ စာသင်တပည့်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုနိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန် - ဖုန်း-၀၁-၆၂၀၅၁၈၊ ဖုန်း-၀၉-၄၂၀၀၃၇၇၀၁၊ ဖုန်း-၀၉-၄၂၀၁၉၈၁၁၀ ဖုန်း-၀၉-၅၀၅၆၈၉၁

ဂုဏပူဇာသဘင်ဖြစ်မြောက်ရေးအဖွဲ့

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ဃ/၄၂၆၃ TOYOBO-125 ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ပန်း ၁၃/လရန(ယ)၀၂၀၅၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(လားရှိုး)

အောင်ပင်လယ်ကျောင်းတိုက် သင်္ကြန်တရားစခန်းပွဲ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၂)ဝိုင်း အောင်ပင်လယ်ကျောင်းတိုက်တွင် သင်္ကြန်တွင်း မိုးကုတ်တရားစခန်းပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများ စာရင်းပေးသွင်းနိုင်ပါသည်။

တရားစခန်းပွဲရက် - ၁၂-၄-၂၀၁၃ရက်မှ ၁၇-၄-၂၀၁၃ရက်အထိ

ရိပ်သာဝင်ရမည့်ရက် - ၁၂-၄-၂၀၁၃ရက် ညနေ ၄နာရီမှ ၆နာရီအတွင်း

ခင်ပွန်းကြီး ၁၀ပါး ကန်တော့ခန်း

၁၃-၄-၂၀၁၃ရက် ည ၇နာရီတွင် ခင်ပွန်းကြီး ၁၀ပါး ကန်တော့ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မည်သူမဆို ဝင်ရောက်ကန်တော့နိုင်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဖုန်း-၀၉-၄၂၁၁၂၈၀၀၃

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၆၉၀၊ မြေကွက်တည်နေရာအမှတ် ၆၉၀၊ သစ္စာလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးလှရီအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးလှရီကွယ်လွန်သဖြင့် ဒေါ်ခင်ကြည် ၁၂/ဥကတ(နိုင်)၀၅၁၀၄၉က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၃၈ (၂၃-၁-၁၃)ဖြင့် အထွေထွေကိုယ်စားလှယ် ဒေါ်မြတ်သီတာလွင် ၁၂/မဘန(နိုင်)၀၅၂၇၉၂က မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တောင်ပုလု ကျောက်ဆင်တောရ ဒုလ္လဘစခန်း(သာမုကန်ကျောင်းတိုက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာမုကန်ကျေးရွာ၊ သာမုကန်ပရိယတ္တိစာသင်တိုက်တွင် တောင်ပုလုကျောက်ဆင်တောရ ပခုက္ကူဆရာတော်ကြီး၏ နည်းနိဿယများကို လိုက်နာ၍ ၁၀-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)မှ ၁၇-၄-၂၀၁၃ခုနှစ် (ဗုဒ္ဓဟူးနေ့)အထိ ခုနစ်ရက် ဒုလ္လဘရဟန်းဝတ်ကြပါမည်။ နေ့စဉ် ဆွမ်းခံကြွနိုင်သူ၊ ဝိနည်းတော်များကို လိုက်နာနိုင်သူ၊ ကမ္မဋ္ဌာန်းတရားကို အချိန်ပြည့်အားထုတ်ရန် သန္နိဋ္ဌာန်ချထားသူ၊ ကျန်းမာရေးနှင့်ပြည့်စုံသူများ၊ အထူးသဖြင့် ဤစခန်းတွင် ခုနစ်ရက်တိတိ ရဟန်းဝတ်နိုင်မည့်ပုဂ္ဂိုလ်များကို ဦးစားပေး လက်ခံပါမည်။ ရဟန်းဝတ်လိုသူများသည် ဦးစိုးမြင့်(အိမ်) ဖုန်း-၆၄၄၇၄၅၊ ဦးဟံငြိမ်း ဖုန်း-၀၉-၇၃၁၄၄၈၀၈၊ ဦးဝင်းကြည် ဖုန်း-၀၉-၄၃၀၁၉၃၅၂၊ ဦးအုန်းလွင် ဖုန်း-၀၉-၄၂၀၀၈၆၉၁၁၊ ဦးခင်ထွန်း ဖုန်း-၀၉-၅၁၇၀၃၂၉၊ ဦးမျိုးဝင်း ဖုန်း-၀၉-၄၅၀၀၀၂၅၆၉၊ ဦးညီညီ ဖုန်း-၀၁-၆၄၃၇၅၂တို့သို့ ဆက်သွယ်ပြီး သာမုကန်ပရိယတ္တိစာသင်တိုက်သို့ ဧပြီလ ၁၀ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီအရောက် လာရောက်ကြပါ။ ယခင်နှစ်များဆီက ဤစခန်းတွင် ဒုလ္လဘဝတ်ဖူးသူများ မှတ်ပုံတင်မိတ္တူနှင့် ရဟန်းရက်ချုပ်ယူလာကြပါ။ မဝတ်ဖူးသေးသူများ မှတ်ပုံတင်မိတ္တူတို့ကို မပျက်မကွက် ယူဆောင်လာကြရန် ဖြစ်သည်။

သာမုကန်ဒုလ္လဘစခန်း ဖြစ်မြောက်ရေးအဖွဲ့(ယာယီ)

စံတော်ဝင်မြေဇင်းတောရ ဓမ္မရိပ်သာ(မိုးကုတ်မြို့) ပဥ္စမအကြိမ် ရက်(၆၀) တရားစခန်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ လယ်ဦးအုပ်စု၊ ရွှံပန်းကြီး၊ ရွှံပန်းလေးရပ်ရှိ စံတော်ဝင်မြေဇင်းတောရ ဓမ္မရိပ်သာ၌ ပဥ္စမအကြိမ် ရက်(၆၀) နှစ်လ တရားစခန်းကို ၁၃၇၅ခုနှစ် ကဆုန်လဆန်း ၁ရက်မှ ၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၁၄ရက်အထိ (၁၀-၅-၂၀၁၃ရက်မှ ၇-၇-၂၀၁၃ရက်)အထိ နှစ်လတိုင် တရားစခန်း ကျင်းပမည်ဖြစ်ရာ ကျေးဇူးတော်ရှင် မောင်းထောင်မြေဇင်းတောရဆရာတော်ကြီး ညွှန်ကြားပြသတော်မူသော (ကန္တီဥပနိဿယ)အတိုင်း ဆရာတော်ကြီး၏ တပည့်ရင်း **ကမ္မဋ္ဌာနာစရိယဆရာတော် မရှင်မဏ္ဍလ**က တရားပြသမည် ဖြစ်ပါသည်။ တရားစခန်း ဝင်ရောက်အားထုတ်လိုသော သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်ယောဂီများ ကြိုတင်စာရင်းပေးသွင်းကြပါရန်နှင့် တရားစခန်းဝင် ယောဂီများသည် (၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၁၄ရက်) ၉-၅-၂၀၁၃ရက်အရောက် ကြွရောက်ပါရန် ကြေညာအပ်ပါသည်။ ရက်(၆၀) နှစ်လ တရားစခန်းကာလအတွင်း ဆွမ်း၊ ဆေး၊ ကျောင်း၊ ရေ၊ မီးကိစ္စများကို ရိပ်သာမှသာ အစစအရာရာ တာဝန်ယူ လှူဒါန်းပါမည်။

ဆက်သွယ်ရန်ဖုန်း - စံတော်ဝင်မြေဇင်းတောရဓမ္မရိပ်သာ ဖုန်း-၀၉-၄၇၁၁၇၅၇၃၊ ၀၉-၄၇၁၁၇၅၇၄၊ ဦးသန်းနိုင် ဖုန်း-၀၉-၆၅၃၇၃၈၇၊ ၀၉-၄၀၂၆၉၈၆၉၉၊ ဒေါ်အေးအေးဝင်း ဖုန်း-၀၉-၄၉၂၅၄၄၁၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ Yankin Housing(2010-2011)အိမ်ရာရှိ တိုက်အမှတ် ၄/၁၊ အခန်းအမှတ် ၄၁ ကို အမည်ပေါက် ဗိုလ်မှူးကျော်ကျော်ဦး(ကြည်း-၃၂၇၆၃)ထံမှ ဦးတာရာမြင့်ဆွေ ၁၂/တမန(နိုင်)၀၀၂၄၄၇က စာချုပ်စာတမ်းများဖြင့် ဝယ်ယူခဲ့ပြီး ဦးတာရာမြင့်ဆွေထံမှ ဒေါ်အေးမြမြသက် ၁၂/ကတတ(နိုင်)၀၂၇၂၆၈သည် အရောင်းအဝယ်စာချုပ်စာတမ်းများဖြင့် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါ၍ ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရှေ့၊ မြေကွက်အမှတ် ၇၃/က၊ မြေကွက်တည်နေရာအမှတ် ၇၃/က၊ ဧရာဝဏ်လမ်း၊ ၇/ရှေ့ရပ်ကွက်၊ သာကေတမြို့နယ် ဦးမြင့်ရွှေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြင့်ရွှေ(ဖခင်)နှင့် ဒေါ်ခင်သန်း (မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဒေါ်မြင့်မြင့်သန်း ၁၂/သကတ(နိုင်)၁၀၃၅၉၂၊ (၂) ဒေါ်ဝင်းဝင်းကြည် ၁၂/သကတ(နိုင်)၁၁၃၈၉၂၊ (၃) ဦးကျော်မိုး ၁၂/သကတ(နိုင်)၁၀၄၂၀၁ တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၅၅/၁၃ ရရှိသူ ဦးဘသန်း ၁၂/တမန(နိုင်)၀၁၆၂၀၂က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အဋ္ဌကထာကြေးပိဋကတ်တော်လှူဒါန်းကြစို့

အဖုံ့ဖွဲ့ပြုအဋ္ဌကထာကြေးပိဋကတ်တော်အလှူရှင်များ -

(ဦးစိုးမြင့်+ဒေါ်ခင်ရွှေ)ဦးဝေလွင်+ဒေါ်ဝင်းမာထူး မိသားစု၊ တွံတေးမြို့။	၁ချပ် ၂၆၀၀၀/
ဒေါ်ရီရီ။ သစ္စာလမ်း၊ ၁၄/၂ရပ်ကွက်၊ တ/ဥက္ကလာပမြို့နယ်။	၁ချပ် ၂၆၀၀၀/
ဒေါ်ညွန့်ညွန့်မြင့်၊ သား မောင်သူရအောင်(မွေးနေ့)။ တ/ဥက္ကလာ။	၁ချပ် ၂၆၀၀၀/
(ဗိုလ်မှူးကိုကိုကြီး(ငြိမ်း) ဒေါ်တင်တင်လှ၊ သား ဦးရန်နိုင်ကို မွေးနေ့။	၁ချပ် ၂၆၀၀၀/
ဦးလှတင်+ဒေါ်မေစီးသွယ် မိသားစု။ [illegible]	၁ချပ် ၂၆၀၀၀/
ဦးကျော်မြင့်+ဒေါ်စန်းလှိုင် မိသားစု [illegible] လှိုင်မြို့နယ်။	၁ချပ် ၂၆၀၀၀/
မောင်လှရွှေ (မွေးနေ့)။ ဗိုလ်ချုပ်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။	၁ချပ် ၂၆၀၀၀/
ဦးသောင်းခိုင်+ဒေါ်ကြည်ကြည်သန်း(မွေးနေ့)မိသားစု။ [illegible]မြို့နယ်။	၂ချပ် ၅၂၀၀၀/
ဒေါ်စန္ဒာသိန်း ဒေါ်ကြိုင်မာနှင့် တပည့်များ။ [illegible]	၁ချပ် ၂၆၀၀၀/
ဒေါ်အေးမို မိသားစု။ မင်းရွာ၊ သုံးခွမြို့နယ်၊ ရန်ကုန်တိုင်း။	၁ချပ် ၂၆၀၀၀/
(ဦးသိန်းအောင်)လသိမ်း ဒေါ်တင်တင်မီ [illegible]	၁ချပ် ၂၆၀၀၀/
[illegible]	၂ချပ် ၅၂၀၀၀/
ဒေါ်မော်မော်အောင် မိသားစု။ [illegible] အင်းစိန်မြို့နယ်။	၁ချပ် ၂၆၀၀၀/
ဦးတင်မောင်+ဒေါ်ညွန့်ညွန့် သားသမီးမြေးများ [illegible]	၂ချပ် ၅၂၀၀၀/
ဒေါ်စန်းမြင့် ။ ပြည်သာယာ(၁)လမ်း ၃၂-ရပ်ကွက်၊ မ/ဒဂုံမြို့နယ်။	၁ချပ် ၂၆၀၀၀/
[illegible]	၁ချပ် ၂၆၀၀၀/
ဦးသိန်း+ဒေါ်ကျင်မွေ့ မိသားစု။ [illegible]	၅ချပ် ၁၃၀၀၀၀/
ဦးထွန်းဝင်း+ဒေါ်ကျင်ဥ သားသမီးမြေးများ [illegible]	၁ချပ် ၂၆၀၀၀/
[illegible]	၁ချပ် ၂၆၀၀၀/
[illegible]	၁ချပ် ၂၆၀၀၀/
ဦးစံသိန်း+ဒေါ်တင်နွယ်ခိုင် မိသားစု။ ၅/၂-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။	၁ချပ် ၂၆၀၀၀/
[illegible]	၁ချပ် ၂၆၀၀၀/
[illegible] မိသားစု။ [illegible] မ/ဥက္ကလာပမြို့နယ်။	၁ချပ် ၂၆၀၀၀/
[illegible]	၁ချပ် ၂၆၀၀၀/
[illegible]	၁ချပ် ၂၆၀၀၀/
[illegible] မိသားစု။ [illegible] အင်းစိန်မြို့နယ်။	၃ချပ် ၇၈၀၀၀/
[illegible]	၂ချပ် ၅၂၀၀၀/
ဆရာမ ဒေါ်မြင့်မြင့်ရွှေ၊ ဒေါ်တင်တင်ရွှေ ။ [illegible]	၃ချပ် ၇၈၀၀၀/
[illegible]	၁ချပ် ၂၆၀၀၀/
ဒေါ်သန္တာ မိသားစု။ [illegible]	၁ချပ် ၂၆၀၀၀/
[illegible] မိသားစု။ [illegible] တ/ဥက္ကလာ။	၄ချပ် ၁၀၄၀၀၀/
[illegible] တ/ဥက္ကလာ။	၁ချပ် ၂၆၀၀၀/
[illegible] ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။	၁ချပ် ၂၆၀၀၀/
[illegible] တ/ဥက္ကလာ။	၁ချပ် ၂၆၀၀၀/
(Dr.[illegible])+ဒေါ်[illegible]	၂ချပ် ၅၂၀၀၀/
[illegible]	၁ချပ် ၂၆၀၀၀/
[illegible]	၁ချပ် ၂၆၀၀၀/
[illegible] မိသားစု။ ၃၇-ရပ်ကွက်၊ မ/ဒဂုံမြို့နယ်။	၁ချပ် ၂၆၀၀၀/
(၁၉၈၀-၃) [illegible]	၅ချပ် ၁၃၀၀၀၀/
ဦးအောင်သန်းထွန်း [illegible] မင်္ဂလာတောင်ညွန့်မြို့နယ်။	၁ချပ် ၂၆၀၀၀/

မင်္ဂလာတိုက်ကျောင်း [illegible] ဖုန်း-[illegible]

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)

ရွှေပြည်သာမြို့နယ်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၂

ဦးနိုင်လင်းသန်း **နှင့်** ၁။ ဒေါ်ယုယုလွင်၊ ၂။ ဦးမြတ်လင်းခိုင်၊ ၃။ ဒေါ်ဖြူဖြူသန့်

တရားလို **တရားပြိုင်များ**

ဒေါ်ယုယုလွင် တိုက် ၃၆၊ အခန်း ၄၊ ဝေဠုဝန်အိမ်ရာ၊ စမ်းချောင်းမြို့နယ် (ယခုနေရပ်လိပ်စာမသိ)နှင့် ဒေါ်ဖြူဖြူသန့် တိုက် ၂၈၊ ကွန်းရှဲတန်းလမ်း၊ လေးလွှာ၊ ဈေးကြီးရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ ဦးနိုင်လင်းသန်းက ငွေကျပ် ၃၆သိန်းနှင့် ကြားကာလ နစ်နာကြေးငွေကျပ် ကိုးသိန်း စုစုပေါင်းငွေကျပ် ၄၅ သိန်းရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၅ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ဝင်းဝင်းနိုင်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ရွှေပြည်သာမြို့နယ်တရားရုံး

ဦးရဲနိုင်ဦး၊ ဒေါ်နီနီသောင်းနှင့် အများပြည်သူသိရှိစေရန်ကြေညာ

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးစိန်လှအောင် TPN-095377 ဖုန်း-၀၉-၄၂၀၁၃၇၉၈၉၊ ၃၉၈၁၉၄ နှင့် ညီအကိုမောင်နှမငါးဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးရဲနိုင်ဦး (ဖခင်-ဦးကျော်ဟန်)၊ မနီနီသောင်း(ဖခင်-ဦးမောင်သောင်း) အမှတ် ၃၀၊ ခြေရင်းခန်း၊ ကျောင်းလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေထိုင်သူများနှင့် အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများသည် ဦးထွန်းစိန်နှင့် ဒေါ်စိန်ညွန့်တို့၏ အမွေစား၊ အမွေခံသားသမီးအရင်းအခြာဖြစ်ကြပါသည်။ ဦးထွန်းစိန်-ဒေါ်စိန်ညွန့်တို့ ကွယ်လွန်ပြီးဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇-ဘီ)၊ မြေကွက်အမှတ် ၁၅၂၊ (အလျား ၂၅ ပေ×အနံပေ ၄၀) အကျယ်အဝန်းရှိ ခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်အဆောက်အအုံအမှတ် ၃၀၊ ခြေရင်းခန်း၊ ကျောင်းလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ နေအိမ်အခန်းသည် နှစ် ၆၀ ဂရန်ကို ဒေါ်စိန်ညွန့်အမည်ဖြင့် ယနေ့တိုင် အမည်ပေါက်တည်ရှိလျက်ရှိသော မြေနှင့်နေအိမ်အဆောက်အအုံ၏ (ခြေရင်းခန်း)ကို ကျွန်ုပ်၏မိတ်ဆွေများကသာ အမွေဆက်ခံပိုင်ဆိုင်ပါသည်။

ယင်းခြံမြေကွက်နှင့် နေအိမ်အဆောက်အအုံ၏(ခြေရင်းခန်း)ကို ကျွန်ုပ်မိတ်ဆွေများ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံတင်သွင်းခြင်း၊ လှူဒါန်းခြင်းများမှအစ အခြားတစ်နည်းနည်းပြုလုပ်ခြင်းများ မပြုလုပ်ရန် တားမြစ်ပါသည်။ ယင်းကဲ့သို့ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်ကိုစော(ထီလာ) LL.B — **တရားလွှတ်တော်ရှေ့နေ** — **(စဉ်-၇၁၀၈)**

ဒေါ်နွယ်နွယ်ထွေး LL.B, D.B.L, Dip in Eng — **တရားလွှတ်တော်ရှေ့နေ** — **(စဉ်-၈၀၄၅)**

အမှတ် ၅၊ ၁လမ်း၊ အိမ်ခြေ ၁၀၀၊ (ပ-လ-ရ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ ၄ လမ်း၊ အမှတ် ၁၄၀ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၉၊ လူနေရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၁၄၀၊ ဧရိယာပေ(၃၈×၆၀)အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့/မြေဌာနတွင် ဦးညွန့်ရွှေနှင့် ဦးသန်းအောင်တို့မှ ပူးတွဲအမည်ပေါက်ပြီး ၎င်းမြေကွက်အနက် ဦးသန်းအောင်ပိုင်ဆိုင်သောအစု ပေ(၂၁×၆၀)အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးသန်းအောင်၏ သားသမီးများဖြစ်သော ဒေါ်ပပမင်းသူ ၁၂/ဥကတ(နိုင်)၁၁၅၂၈၁၊ ဒေါ်စန္ဒကူးလှိုင် ၁၂/ဥကတ(နိုင်)၀၃၄၁၅၃နှင့် ဦးပိုင်ဇော်ဦး ၁၂/ဥကတ(နိုင်)၀၄၉၆၅၀တို့က အမွေဆက်ခံပိုင်ဆိုင်ထားသော ပစ္စည်းဖြစ်၍ ၎င်းတို့သာပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှိုင် LL.B — **ဒေါ်ခင်မာနွယ် LL.B,D.B.L** — **ဒေါ်ငွေငွေဝင်း LL.B, D.I.L**

တရားလွှတ်တော်ရှေ့နေ — **အထက်တန်းရှေ့နေများ**

အမှတ်(၃/ခ)၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

ကြော်ငြာ

EMERALD MYANMAR Travels & Tours

April 12

တောင်ကြီး–အင်းလေး–ပင်းတယ–ကလော–ကုံလုံ ၃ည/၄ရက်

ပုဂံ–စွယ်တော်လေးဆူ–ပုပ္ပါး–ရွှေစက်တော်–မကွေး ၃ည/၄ရက်

ပုဂံ–စွယ်တော်လေးဆူ–ပုပ္ပါး–မန္တလေး–ပြင်ဦးလွင် ၄ည/၅ရက်

[illegible]

Ph: 01-8500585, 09-49589762, 09-49589764, 09-421013999

ကွန်ပျူတာပုရောဟိတ်

[illegible]

095179128/ 0973220258/01240820 (လာရွှေးနောက်နေ့ရမည်)

S.S ခင်မောင်အေး

သင်္ချာ သင်ရိုးကုန် စာအုပ်များ

၁။ ၄၊ ၅၊ ၆၊ ၇၊ ၈ သင်္ချာ(၁)(၂)၊ ၉၊ ၁၀(တက္ကသိုလ်ဝင်တန်း)

တွက်ချက်များအပြင် "ရှင်းချက်များ" ပါဝင်သည်။ ပုံသေနည်း

သော့ချက်စာအုပ်များ။ ကတ်ပြားများအထူးလက်ဆောင်ပါသည်။

၂။ ၉၊ ၁၀(တက္ကသိုလ်ဝင်တန်း) ပညာချွန် စာတူးရှာ

(**Definition** အိတ်ဆောင်စာအုပ် လက်ဆောင်ပါဝင်သည်။)

၃။ လက်မဖြင့်ဖိလိုက်ရုံနဲ့လှန်ပြီးဖြစ်သွားသော(မြန်မာနိုင်ငံမှာ အထူးခြားဆုံးသော) ပေတံပါ/မပါ *S.S Log* စာအုပ်များ

၄။ တက္ကသိုလ်ဝင်တန်းသင်္ချာတစ်မှတ်တန်ရှင်းကွက်လုလုများစာအုပ်

ကျောင်းသား/သူတိုင်းအတွက် စိတ်အားထက်သန်မှု ထူးချွန်မှု

၅။ မှတ်ဉာဏ်နှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်နည်း စာအုပ်

၆။ စိတ်စွမ်းအားဖြင့် စာမေးပွဲထူးချွန်အောင်မြင်ရေးစာအုပ်

၇။ ဒေါက်တာဉာဏ်ဟိန်းလတ်၏ လူနှင့်မှတ်ဉာဏ်စာအုပ်

ပညာဒီမာန် (ပညာချွန်) စာအုပ်တိုက်

(၂၂၈) ၃၉-လမ်း(ထက်)၊ အနော်ရထာလမ်းထောင့်ချိုးအနီး၊ ရန်ကုန်မြို့

၀၁-၂၅၃၁၄၃၊ ၀၉-၈၆၁၇၄၄၂၊ ၀၉-၇၃၀၂၉၃၃၆

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ်

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ဘဒ္ဒန္တရာဇဓမ္မာဘိဝံသမဟာထေရ်မြတ်ကြီး

သက်တော် (၈၀)၊ သိက္ခာတော် (၆၀)

မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ်၊ ကျေးဇူးတော်ရှင် ဆရာတော်ကြီးဘဒ္ဒန္တရာဇဓမ္မာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ သက်တော် (၈၀)၊ သိက္ခာတော် (၆၀)သည် ၁၃၇၄ ခုနှစ် တပေါင်းလဆန်း (၂)ရက်၊ ဗုဒ္ဓဟူးနေ့ ည ၁၁း၃၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက်(၂၈–၃–၂၀၁၃ရက်) ကြာသပတေးနေ့ မွန်းလွဲ ၁ နာရီတွင် မစိုးရိမ်တိုက်သစ်ကြီး၌ ဈာပနအခမ်းအနားကျင်းပမည်ဖြစ်ပြီး ရုပ်ကလာပ်တော်အား ဧရာဝတီမြစ်ကမ်းဘေး ရှမ်းလေးကျွန်းမြောက်ဘက် အန္တိမအဂ္ဂိဈာပနကွင်းတွင် တေဇောဓာတ်ပူဇော်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ

(၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးသန်းနိုင်(ခ)ပြားကြီး

(၂၇–၃–၂၀၁၁) – (၂၇–၃–၂၀၁၃)

ခွဲခွာခဲ့သည်မှာ (၂)နှစ်ပြည့်ပြီဖြစ်သော်လည်း ယနေ့တိုင်မမေ့နိုင်ဘဲ အောက်မေ့သတိရလျက် လှူဒါန်းပြုလုပ်မှုကုသိုလ်ကောင်းမှုတို့ကို အေးချမ်းမြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

ကျန်ရစ်သူ ဇနီး၊ သားသမီး၊ မိခင်၊ ဖခင်နှင့် ညီအစ်ကိုမောင်နှမများ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်း–၂၀)

တာမွေမြို့နယ်တရားရုံး

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်–၇

ဦးစိုးမြင့် နှင့် ဒေါ်သန်းရုံ(ယုံ)ပါ–၄

တရားလို **တရားပြိုင်များ**

တိုက်အမှတ် ၂၆၅၊ အခန်း ၂၁၊ အမှတ်(၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နယ်နေ ဒေါ်သန်းရုံ(ယုံ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက ပဋိညာဉ်အတိုင်းဆောင်ရွက်ပြီး အရောင်းမှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၂၂ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် မတ် ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်အေးသက်မော်

ဒုတိယမြို့နယ်တရားသူကြီး(၃)၊ တာမွေမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းအသိပေးကြော်ငြာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အောက်ဖော်ပြပါ ရွှေလာငွေလာဆုတောင်းပြည့် မီးလင်းရွှေအမွေးတိုင် အမှတ်တံဆိပ်နှင့် ရွှေလာငွေလာပဒေသာဆုတောင်းပြည့် မီးလင်းရွှေအမွေးတိုင်အမှတ်တံဆိပ်တို့ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ တစ်ဦးတည်း မူပိုင်ကုန်အမှတ်တံဆိပ်များအဖြစ် အသီးသီးမှတ်ပုံတင်သွင်းကာ အမွှေးတိုင်အမျိုးမျိုးနှင့် ဖယောင်းတိုင်အမျိုးမျိုးတို့ကို ထုပ်ပိုးမှုပုံစံမျိုးစုံဖြင့် မြန်မာပြည်တစ်ဝန်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။



အထက်ပါ ကုန်အမှတ်တံဆိပ်များနှင့်စပ်လျဉ်း၍ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါရှိပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အထက်ပါ ကုန်အမှတ်တံဆိပ်များကို ကျွန်ုပ်၏ မိတ်ဆွေက တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းကာ အသုံးပြုသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးသန်းဝင်း *B.A. (Law), LL.B., LL.M*

တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၆၈)

MYANMAR TRADEMARK AND PATENT LAW FIRM

အမှတ်(၅၆၇)၊ အခန်း(၃၀၄)၊ တတိယထပ်၊ ကုန်သည်လမ်း

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

E-mail: mtpip@mptmail.net.mm

ဖုန်း–၃၇၆၃၁၈။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)

မင်းလှမြို့နယ်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်–၇

မညွန့်ညွန့်စိုး နှင့် ကိုလွင်(ခ)ဆန်းထွန်းလွင်

တရားလို **တရားပြိုင်**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ညောင်သုံးပင်အုပ်စု၊ သပြေစမ်းရွာနေ ကိုလွင်(ခ)ဆန်းထွန်းလွင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မညွန့်ညွန့်စိုးက လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၃၀ရက် (၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နှင်းကျော့မေ)

ဒုတိယမြို့နယ်တရားသူကြီး(၂)

မင်းလှမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်ရှိ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/စီ^ခ၊ မြေကွက်အမှတ် ၁/၇၉၊ အမှတ် ၆၄၊ ကာယ ၄ လမ်းရှိ တည်နေရာမြေကွက်အား ငယ်စာရင်းအမည်ပေါက် ဦးခင်မောင်ဝင်း ၁၂/မဂတ(နိုင်)၀၄၃၃၀၉ကိုယ်တိုင်က ဂရန်လျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၆၄ဟုခေါ်တွင်သော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ စီ၊ လူနေရပ်ကွက်အမှတ် S ၉၀၊ မြေကွက်အမှတ် ၁၂၈၊ အကျယ် ၂၅ ပေ× ပေ၅၀(ဧရိယာ ၀ ဒသမ ၀၂၉ ဧက)ရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံတို့နှင့်စပ်လျဉ်းပြီး ၁၆–၃–၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြော်ငြာအချပ်ပို၊ စာမျက်နှာ"ဃ"တွင် ကန့်ကွက်နိုင်ပါသည် ဟူ၍ တရားလွှတ်တော်ရှေ့နေများ ဖြစ်ကြသော ဦးအောင်ဘော်၊ ဒေါ်အေးအေးစိုးတို့၏ ကြော်ငြာချက်အပေါ် ကန့်ကွက်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြော်ငြာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ (ကျောက်မြောင်း)၊ စိတ္တသုခလမ်း၊ အမှတ် ၆၄ နေ ဦးအောင်မြင့် ၁၂/သကတ(နိုင်) ၀၁၁၃၉၈ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာပါသည်။

၁။ အထက်ဖော်ပြပါ တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဦးအောင်ဘော်၊ ဒေါ်အေးအေးစိုးတို့၏ ကြော်ငြာချက်ပါ မြေကွက်ကို ဒေါ်ခင်ညွန့်ဝင်း MDYNE–၀၀၇၃၄၅၊ ၁၂/ဗဟန(နိုင်) ၀၈၃၄၀၉ က ပိုင်ဆိုင်သည်ဟုဆိုခြင်းမှာ မှန်ကန်မှုမရှိပါကြောင်း။

၂။ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄စီ၊ လူနေရပ်ကွက်အမှတ် S ၉၀၊ မြေကွက်အမှတ် ၁၂၈၊ အကျယ် ၂၅ပေ×ပေ၅၀(ဧရိယာ ၀ ဒသမ ၀၂၉ ဧက)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံတို့ကို ကျွန်ုပ်မိတ်ဆွေ ဦးအောင်မြင့်က တရားဝင် တစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်သူတစ်ဦးဖြစ်ပါကြောင်း။

၃။ ထို့ပြင် ကျွန်ုပ်မိတ်ဆွေက အထက်ဖော်ပြပါမြေကွက်ကို ထက်ဝက်ပိုင်း၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်းမရှိခဲ့ပါကြောင်း ညွှန်ကြားလာပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ မြေကွက်တစ်ခုလုံးကိုဖြစ်စေ၊ ထက်ဝက်ကိုဖြစ်စေ၊ ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံတို့ကိုဖြစ်စေ ရောင်းခြင်း၊ ဝယ်ခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူတို့၏တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြော်ငြာလိုက်သည်။

ညွှန်ကြားချက်အရ–

ဦးလှရွှေ LL.B — **တရားလွှတ်တော်ရှေ့နေ–၈၉၁၂**

ဦးကျော်ကျော်ထိုက် LL.B.,D.B.L.,D.I.R — **အထက်တန်းရှေ့နေ–၃၄၀၅၄**

အမှတ် ၂၂(ပထမထပ်)၊ ၂၆ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း–၀၉–၅၁၇၉၇၈၆၊ ၀၉–၅၀၇၀၅၆၄

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၈)၊ လူနေရပ်ကွက်အမှတ်(၈)၊ နဝရတ်(၁)လမ်း၊ မြေကွက်အမှတ်(၄၂၁–က)၊ အကျယ်အဝန်းပေ (၂၀×၆၀)၊ ကွယ်လွန်သူ (ဦးလှတိုး)အမည်ပေါက် နှစ်၆၀ဂရန်မြေကွက်နှင့်နေအိမ်အား

ကန့်ကွက်နိုင်ရန်ကြော်ငြာခြင်း

အထက်လိပ်စာဖြစ်သည့် မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက် ကွယ်လွန်သူ(ဦးလှတိုး)၏ တရားဝင်ဇနီးဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးသန်း ၁၂/သကတ(နိုင်)၀၈၆၄၅၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်းကျွန်ုပ်ထံသို့ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အဆိုပါ အိမ်၊ ခြံ၊ မြေအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးဘူမောင် LL.B (စဉ်–၂၂၇၄၇)

လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း အကျိုးဆောင် အထက်တန်းရှေ့နေကြီး

အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း–၀၁–၅၅၁၆၅၉၊ ၀၉–၅၁၁၈၀၀၇၊ ၀၉–၅၁၁၅၉၉၀၊ ၀၉–၄၉၃၂၂၉၄၁

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ငါးပိငါးခြောက်စီမံကိန်းဇုန်၂+ခတ္တာလမ်း၊ အမှတ် ၂၀၃၊ (အလျားပေ ၁၀၀× အနံပေ ၅၀)ရှိ မြေကွက်ကို မူလမြေချပါမစ်အမည်ရရှိထားသူ ဦးဆန်းအောင်ထံမှ ကျွန်မ ဒေါ်ရီရီရွှေ ၁၂/သကတ(နိုင်)၀၀၄၂၅၂က ၂၀၀၅ခုနှစ်အတွင်း အရပ်ကတိစာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ထားခဲ့ပါသည်။ ယခုအခါ ကျွန်မ ဒေါ်ရီရီရွှေလက်ဝယ်ရှိ ဦးဆန်းအောင် အမည်ရ မြေချပါမစ်မူရင်းနှင့် ဦးဆန်းအောင်နှင့် ကျွန်မ ဒေါ်ရီရီရွှေတို့ ချုပ်ဆိုထားသော မြေကွက်အရောင်းအဝယ်ကတိစာချုပ်မှာ ပျောက်ဆုံးလျက်ရှိနေပါသဖြင့် သက်ဆိုင်ရာဌာနတွင် မြေချပါမစ်မိတ္တူ ထပ်မံလျှောက်ထားမည်ဖြစ်ရာ အထက်ပါမြေချပါမစ်မူရင်းနှင့် အရောင်းအဝယ် ကတိစာချုပ်တို့ကို လက်ဝယ်ရရှိထားသူ မည်သူမဆို ယခုကြော်ငြာသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကျွန်မ ဒေါ်ရီရီရွှေထံသို့ လူကိုယ်တိုင် စာရွက်စာတမ်းဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိခဲ့လျှင် မြေချပါမစ်မိတ္တူကို ဥပဒေနှင့်အညီ လျှောက်ထားရယူမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ရီရီရွှေ ၁၂/သကတ(နိုင်)၀၀၄၂၅၂

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၃၊ မြေကွက်အမှတ် ၁၁၃၃+၁၁၃၄၊ မြေကွက်တည်နေရာအမှတ် ၁၁၃၃+၁၁၃၄၊ ချင်းတွင်းလမ်း၊ (၆၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးစိုးမြင့်(ခ)ဦးမြတ်ကျော် CI–၀၄၄၉၃၀ အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဦးစိုးမြင့်(ခ)ဦးမြတ်ကျော် ကွယ်လွန်သဖြင့် ဒေါ်ခင်အေးသွင် ၁၂/ကတတ(နိုင်)၀၀၄၂၃၀က တစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/၂၊ မြေကွက်အမှတ် ၄၇၄၊ မြေကွက်တည်နေရာအမှတ် ၄၇၄၊ ၇လမ်း၊ ၁ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးတင်ရှိန်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဖခင်ဦးတင်ရှိန်နှင့် မိခင်ဒေါ်သန်းရှင်တို့ကွယ်လွန်သဖြင့် ဦးဝင်းအောင် ၁၂/မရက(နိုင်)၀၄၈၆၆၇၊ ဒေါ်သန်းသန်းစိန် ၁၂/မရက(နိုင်)၀၁၄၄၅၉၊ ဦးသန်းညွန့် ၁၂/မရက(နိုင်)၀၁၇၆၅၆၊ ဒေါ်ခင်ခင်သိန်း ၁၂/မရက(နိုင်)၀၁၇၄၃၇၊ ဒေါ်စိန်စိန်နိုင် ၁၂/မရက(နိုင်)၀၄၈၁၂၄ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ–၁၁၊ မြေကွက်အမှတ် ၆၇/ခ၊ မြေကွက်တည်နေရာအမှတ် ၆၇/ခ၊ ရွှက်လှလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာ၊ ဦးသိန်းလွင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသိန်းလွင်ထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်မေကြည် ၉/မနမ(နိုင်)၀၉၂၀၀၂ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ ဝန်ခံကတိတို့ တင်ပြပြီး ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ် ၈၉၅၊ မြေကွက်တည်နေရာအမှတ် ၈၉၅၊ ခမောကျောင်းလမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဦးသိန်းအောင် အေဒီ–၀၂၆၈၈၅၊ ဒေါ်စန်းခင် အေဒီ–၀၂၆၇၂၉ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်နှစ်ဦးအနက် မိခင် ဒေါ်စန်းခင်၊ ဖခင် ဦးသောင်းညွန့်ကွယ်လွန်သဖြင့် ဒေါ်အေးအေးမြိုင် ၁၂/ဥကမ(နိုင်)၀၅၈၆၁၂ က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာ(၂၀၃/၃–၁–၂၀၁၃)ဖြင့် ရရှိသူ ဦးတင်သန်းဦးက ဒေါ်စန်းခင်အစုအတွက် ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မတ်လအကုန်ပြီးမည့် အင်္ဂါအစုံနှင့်လေယာဉ်ကြီး

သတင်းမှတ်စုနှင့်ဓာတ်ပုံ အောင်သန်း(မင်္ဂလာတောင်ညွန့်)

လေယာဉ်သက်တမ်း ၂၅ နှစ်ကျော်ကြာ အန္တရာယ်ကင်းစွာ ခရီးသည်နှင့် ကုန်စည်ပစ္စည်းများတာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးခဲ့သော F.27 (ဖော်ကာ)လေယာဉ်ကြီးကို အနားယူစေပြီး ပို့ဆောင်ရေးဝန်ကြီးဌာနက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို လှူဒါန်းခဲ့သဖြင့် အများပြည်သူနှင့် ကျောင်းသား ကျောင်းသူများ ဗဟုသုတဖြစ်ဖွယ်ရာလေယာဉ်တစ်စင်းအကြောင်း စက်ပစ္စည်းအပြည့်အစုံနှင့်အနီးကပ်မြင်တွေ့ လေ့လာနိုင်ရန်အတွက် ပြည်သူ့ဥယျာဉ်သို့ ဖေဖော်ဝါရီ ၂၂ ရက်ညက မင်္ဂလာဒုံလေယာဉ်ကွင်းမှ သယ်ယူလာခဲ့သည်။ သယ်ယူလာစဉ်က လေယာဉ်အလေးချိန်ပေ့ါပါးစေရေးနှင့် သယ်ဆောင်ရာလမ်းတစ်လျှောက်၊ အခက်အခဲမရှိစေရေးအတွက် အတွင်းထိုင်ခုံများဖြုတ်ခြင်း၊ လေယာဉ်၏ဘယ်၊ ညာတောင်ပံနှစ်ဖက် ဖြုတ်ခြင်း၊ ရှေ့ပန်ကာနှစ်လုံးနှင့်ပဲ့ထိန်းတောင်ပံတို့ကို ဖြုတ်ကာ သယ်ဆောင်လာခဲ့ရသည်။ အင်္ဂါ မပြည့်မစုံဖြင့် ပြည်သူ့ဥယျာဉ်သို့ ရောက်ရှိလာခဲ့သည်။

ပြည်သူ့ဥယျာဉ်သို့ ရောက်ရှိပြီးမှ မြန်မာ့လေကြောင်းအင်ဂျင်နီယာများက အပြည့်အစုံပြန်လည်တပ်ဆင်ရာ ယခုအခါ အတွင်းပိုင်းရော အပြင်ပိုင်းပါ လေယာဉ်တောင်ပံ၊ နှုတ်သီး၊ ပန်ကာနှစ်လုံး၊ ပဲ့ထိန်းတောင်ပံ၊ အတွင်း ထိုင်ခုံ ၄၄ လုံးမှ အစအားလုံး တပ်ဆင်ပြီးစီးပြီဖြစ်၍ လေယာဉ်ကြီး အင်္ဂါစုံသွားပြီ ဖြစ်သည်။ လေယာဉ်အတွင်း လေအေးစက်ပါ လွှတ်ပေးထားနိုင်ပြီကို မတ် ၂၃ ရက်က တွေ့မြင်ရသည်။ **(အောက်ဝဲပုံ)**

ကောင်းကင်ယံသို့ ပျံတက်တော့မည့် လေယာဉ်အသွင်သဏ္ဌာန် ပေါ်ပေါက်စေရန် သဘာဝကျကျ၊ အရှည်ပေ ၂၅၀ ရှိ လေယာဉ်ပြေးလမ်းအသွင်ပါ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဖော်ထုတ်ဆောင်ရွက်နေပြီး မြေယာရှုခင်းအလှများကိုပါ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက တာဝန်ယူလုပ်ဆောင်နေကြောင်းသိရသည်။ မတ် ၃၁ ရက်တွင် အပြီးသတ်နိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

ရွှေပေါ်ကျွန်းဘုရားပွဲတော်ကာလအတွင်း ရေယာဉ်နှင့် ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

ကသာ   မတ်   ၂၆

ကချင်ပြည်နယ် ရွှေကူမြို့ အနောက်ဘက်ကမ်းရှိ သီရိမ္ဗာ သောကမင်းကြီး တည်ထားတော်မူခဲ့သည့် ရွှေပေါ်ကျွန်းဘုရားပွဲတော်ကို နှစ်စဉ်တပေါင်းလဆန်း ၈ရက်မှ တပေါင်းလပြည့်နေ့အထိ ကျင်းပရာ မြန်မာပြည်အထက်ပိုင်းရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံ လာရောက်သည့် နာမည်ကြီးဘုရားပွဲတော်တစ်ခုဖြစ်သည်။ ဘုရားဖူးခရီးသည်များသည် ကသာမြို့သို့ ကား၊ ရထား စသည်တို့ဖြင့် လာရောက်ပြီး ကသာဆိပ်ကမ်းမှတစ်ဆင့် မြစ်အထက်ပိုင်း ရွှေကူမြို့သို့ ဆက်လက်သွားရောက်လေ့ ရှိကြသည်။

ကသာမြို့နယ် ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျ ပြေးဆွဲရေး ညှိနှိုင်းမှုကော်မတီဥက္ကဋ္ဌ ဦးကြီးမြင့်နှင့်အဖွဲ့ဝင်များ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ကသာတာဝန်ခံ ဦးတင်ထွန်း၊ ဗန်းမော်တာဝန်ခံ ဦးပိုက်တင်၊ ဆိပ်ကမ်းလုံခြုံရေးမှူး ဒုရဲအုပ်သန်းထွန်းတို့ပါဝင်သည့် အထူးကြီးကြပ်ရေးအဖွဲ့သည် ရေယာဉ်နှင့်ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေးအတွက် ဗန်းမော်မြို့သို့ နေ့စဉ်ပုံမှန်ပြေးဆွဲသည့် ရှပ်ပြေးအမြန်ရေယာဉ်တစ်စင်းအပြင်ရွှေကူမြို့သို့သီးသန့်အမြန်ရေယာဉ်တစ်စင်း ထပ်မံစီစဉ်ပေးခြင်း၊ ရေယာဉ်နံဘေးနှင့်ခေါင်မိုးပေါ်တွင် လိုက်ပါစီးနင်းခြင်းမပြုဘဲ သတ်မှတ်နေရာတွင်သာ စည်းကမ်းတကျ စီးနင်းရေး၊ အဆင်းအတက်စနစ်တကျရှိရေး၊ ခရီးသည်တိုင်း အသက်ကယ်အင်္ကျီများ ဝတ်ဆင်ရေး၊ ရေယာဉ်သတ်မှတ်ချက်နှင့်အညီ ခရီးသည်ဦးရေနှင့် ကုန်ပစ္စည်းများတင်ဆောင်မှု ကိုက်ညီရေးတို့အတွက် နေ့စဉ်ကြီးကြပ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

စမ်းဦး (ကသာ)

ပြင်ဦးလွင်မဟာသကြံ်န် ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ပြင်ဦးလွင်   မတ်   ၂၆

၂၀၁၃ ခုနှစ် (၅၅)ကြိမ်မြောက် ပြင်ဦးလွင် မဟာသကြံ်န်ရွှေဖလား (GOLD CUP) ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၂ ရက်မှ ၁၅ ရက်အထိ ပြင်ဦးလွင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသင်းလိုက်ပြိုင်ပွဲများအဖြစ် ရွှေ၊ ငွေ၊ ကြေးအဆင့်ပြိုင်ပွဲအမျိုးအစားသုံးမျိုး၊ တစ်ဦးချင်းပြိုင်ပွဲများအဖြစ် ရွှေအဆင့်၊ ငွေအဆင့်၊ ကြေးအဆင့်၊ သက်ကြီး၊ အမျိုးသမီး၊ ပြင်ဦးလွင်ဖလား (Handicap 0-15) နှင့် တစ်ဦးချင်း (အကျော့မဲ့)ပြိုင်ပွဲများဟူ၍ တစ်ဦးချင်းပြိုင်ပွဲ အမျိုးအစား ခုနစ်မျိုးပါဝင်မည်ဖြစ်သည်။ ပြိုင်ပွဲ၌အသင်းလိုက်ပြိုင်ပွဲများတွင် ပထမနှင့် ဒုတိယဆုများကိုလည်းကောင်း၊ ရွှေ၊ ငွေ၊ ကြေး၊ သက်ကြီး၊ အမျိုးသမီးနှင့် တစ်ဦးချင်း(အကျော့မဲ့)ပြိုင်ပွဲများတွင် အဆင့် ၁ မှ ၁၀ အထိကို လည်းကောင်း၊ ပြင်ဦးလွင်ဖလား (တစ်ဦးချင်းပြိုင်ပွဲ)တွင် ပထမနှင့်ဒုတိယဆုများကိုလည်းကောင်း၊ ဆုနှင့်ပစ္စည်းများ ချီးမြှင့်သွားမည်ဖြစ်သည်။

Handicap သတ်မှတ်ချက်အနေဖြင့်ရွှေအဆင့် ၀ ဒသမ ၉၊ ငွေအဆင့် ၁၀ ဒသမ ၅၊ ကြေးအဆင့် ၁၆ ဒသမ ၂၀၊ သက်ကြီးအဆင့် ၀ ဒသမ ၂၁၊ အမျိုးသမီးအဆင့် ၀ ဒသမ ၂၁ သတ်မှတ်ထားသည်။ အသင်းလိုက်ပြိုင်ပွဲတွင် တစ်သင်းလျှင် ခေါင်းဆောင်တစ်ဦး၊ ပြိုင်ပွဲဝင် လေးဦးပါဝင်၍ အကောင်းဆုံးသုံးဦး၏ အကျော့မဲ့ရိုက်ချက် ပေါင်းယူမည်။ တစ်ဦးချင်းပြိုင်ပွဲများတွင် ရိုက်ချက်များကို အကျော့ပေးစနစ်ဖြင့် တွက်ချက်မည်။ ပြိုင်ပွဲဝင် အားကစားသမားများ၏ Handicap အတွက် သက်ဆိုင်ရာ ဂေါက်ကလပ်မှ ထောက်ခံစာများ ယူဆောင်လာရမည်ဖြစ်ပြီး သက်ကြီးတန်းမှအပ မြန်မာ့လက်ရွေးစင် အားကစားသမားများအဖြစ် ပါဝင်ဖူးသူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုကြောင်း သိရသည်။

ပြိုင်ပွဲ စည်းကမ်းအနေဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် ပြင်ဦးလွင်ဂေါက်ကွင်း ဒေသန္တရ စည်းမျဉ်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည် ဖြစ်သည်။

ပြိုင်ပွဲဝင်ကြေးအဖြစ် တစ်ဦးချင်းပြိုင်ပွဲများအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှင့် အသင်းလိုက်ပြိုင်ပွဲများအတွက် တစ်သင်းလျှင် ငွေကျပ် ၂၀၀၀ သတ်မှတ်ထားသည်။

(၅၅)ကြိမ်မြောက် မဟာသကြံ်န် ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲကြီးကို ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းက ကြီးမှူး၍ KM Golf Center က အဓိက ကူညီပံ့ပိုးပြီး Co-sponsor များစွာက အားဖြည့်ကူညီပံ့ပိုးထားသည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်အသင်းများနှင့် အားကစားသမားများ၏ အမည်စာရင်းကို ဧပြီ ၁၀ ရက်နောက်ဆုံးထား၍ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဖုန်း-၀၈၅-၂၂၃၈၂၊ ၀၉-၂၀၃၁၉၀၅၊ ၀၉-၂၀၄၄၀၇၅၊ ၀၉-၂၀၄၄၁၆၄၊ ၀၈၅-၂၁၆၁၈၊ ၀၉-၆၅၀၆၄၉၁ တို့သို့ မှတ်ပုံတင် စာရင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မှူးစိုင်း

ပေါင်းလောင်းရပ်ကွက်၌ ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်

ပျဉ်းမနား   မတ်   ၂၆

ပျဉ်းမနားမြို့ ပေါင်းလောင်းရပ်ကွက် ရာဇဌာနီလမ်းတောင်ဘက်တွင် ရပ်ကွက်နေပြည်သူများ ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် ပျဉ်းမနားမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ လျှပ်စစ်ဝန်ထမ်းများ ဦးစီး၍ 11/0.4 KV, 315 KVA ဓာတ်အားခွဲရုံ တစ်ရုံနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း တစ်မိုင် တည်ဆောက်ခြင်းလုပ်ငန်းများကို မတ် ၂၄ ရက်က ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဓာတ်အားပြည့်ဝစွာဖြန့်ဖြူးပေးထားပြီးဖြစ်သည်။ ထိုကဲ့သို့ ဓာတ်အားခွဲရုံတစ်ရုံနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်းကြောင့် ယခင်က ဗို့အားနည်းပါးစွာ သုံးနေရရာမှ ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ခြင်း၊ ဓာတ်အားလိုင်းနှင့်ဝေးကွာ၍ ဆားဗစ်ကြိုးများ ရှည်လျားစွာချိတ်ဆွဲသုံးစွဲနေရာမှ ယခုအခါ ဓာတ်အားလိုင်းများ တည်ဆောက်ပြီးဖြစ်၍ ဆားဗစ်ကြိုးများ ရှည်လျားစွာ ချိတ်ဆွဲသုံးစွဲရန်မလိုတော့သဖြင့် လျှပ်စစ်အန္တရာယ်ကင်းဝေး၍ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်၍ ဓာတ်အားပျောက်ဆုံးမှုများလည်း လျော့နည်းသွားပြီဖြစ်ကြောင်းသိရသည်။

အောင်မျိုးလှိုင်

၁၉၈၅ - ၁၉၈၈ ခုနှစ်အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ် စာရေးသူ ကြုံတွေ့ဖြတ်သန်းခဲ့ရသော ကမ္ဘာကျော် ၈၈၈၈ လေးလုံးမြန်မာ့ ဒီမိုကရေစီအရေး လှုပ်ရှားမှုကြီးအပါအဝင် မြန်မာ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဖြစ်အပျက်များကို တင်ပြထားသည့် ...

ဗိုလ်ထွန်းကြည် (မုံရွာ)

နှစ် (၅၀) ကျော်ကိုယ်တွေ့များ

တတိယတွဲ (၁၉၈၅ – ၁၉၈၈)

ထွက်ပြီ

စာဖတ်သူများ၏ တောင်းဆိုမှုအရ နှစ် (၅၀) ကျော် ကိုယ်တွေ့များ၊ ပထမတွဲနှင့် ဒုတိယတွဲကို ထပ်မံရိုက်နှိပ်ထား၍ အမြို့မြို့ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏ၊ ဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက် ၅၃၂/စီ°၊မြေကွက်အမှတ်၄/၇၂၊ မြေကွက်တည်နေရာအမှတ် ၄/၇၂၊ကာယ ၉လမ်း၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ ငယ်စာရင်းအမည်ပေါက် ဦးမောင်မြင့်ကွယ်လွန်သဖြင့် ဇနီးဒေါ်ညွန့်တင် ၁၂/မရက(နိုင်)၀၀၈၉၂၅က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်များတင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်၉(ဘီ) ဟုခေါ်တွင်သော ကန်ထရိုက်တိုက်အဆောက်အအုံ၏ မြေညီထပ်၊ အခန်းအမှတ် H-1၊ ဧရိယာ (အလျား ၂၂ပေ×အနံ ၅၅ပေ)အကျယ်အဝန်းရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ် တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ခင်စောဦး ၁၂/ကမတ(နိုင်)၀၁၉၃၉၅ က ဝယ်ယူပိုင်ဆိုင်ထားသော ပစ္စည်းဖြစ်ပြီး အပေါင်အနှံအရှုပ်အရှင်းကင်းလျက် ၄င်းတစ်ဦးတည်းပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှိုင် LL.B   ဒေါ်ခင်မာနွယ်LL.B, D.B.L   ဒေါ်ငွေငွေဝင်းLL.B,D.I.L

တရားလွှတ်တော်ရှေ့နေ   အထက်တန်းရှေ့နေများ

အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ကံဘဲ့၊ မြေကွက်အမှတ် ၂၅/ခ၊ မြေကွက်တည်နေရာအမှတ် ၁၀/က၊ သီရိဇေယျာလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဦးညွန့်ထင်အမည်ပေါက် နှစ်၆၀မြေငှားဂရန်မြေအား အမည်ပေါက်ဦးညွန့်ထင်ကွယ်လွန်သဖြင့် ဒေါ်စန်းရီ ၁၂/ရကန(နိုင်)၀၅၆၁၂၅ကဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

လှိုင်မြို့နယ်၊ ရတနာမွန်အိမ်ရာ၊ တိုက်၅၊ အခန်း ၁၀၁၏ မူလအမည်ပေါက် ဦးညိမ်းမြင့် AD-၀၃၅၇၈၅၊ ဒေါ်မေဦး CA-၀၃၉၅၇၁ ထံမှ ဒေါ်ချိုချိုမြင့် ၁၂/ကမရ(နိုင်)၀၁၈၄၇၈က အပြီးအပိုင်ဝယ်ယူပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် တိုက်ခန်းအမည်ပြောင်းမည် ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက အထောက်အထားတင်ပြလျက် ၁၄ ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ပါသည်။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၅၀နေ ဦးချစ်အောင် ၃/မဝတ(နိုင်)၀၀၁၉၅၃၏ လွှဲအပ်ချက်အရ ကြေညာအပ်ပါသည်။ ဦးချစ်အောင်၏သမီး မနွယ်နီအောင် ၃/မဝတ(နိုင်)၀၀၀၉၈၇သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၄င်းအား သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း၊ ၄င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းနိုင်အောင် LL.B, C.B.L

အထက်တန်းရှေ့နေ(စဉ်-၃၀၂၈၂)

အခန်း ၅၀၂၊ တိုက် ၃၊ ရွှေထီးအိမ်ရာ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊

ဖုန်း-၀၉-၅၁၂၅၆၀၂၊ ၀၉-၇၃၀၈၈၀၈၄၊ ၀၉-၇၃၀၈၈၅၉၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ် ၄၀ ဟုခေါ်တွင်သော အကျယ်အဝန်း (၁၆×၆၅)ပေရှိ ပထမထပ်ခြေရင်းဘက်တိုက်ခန်း အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်သူများဖြစ်ကြသော ဦးထွန်းလွင် ၁၂/အစန(နိုင်)၀၃၁၈၄၉၊ ဒေါ်ခင်တီ ၁၂/အစန(နိုင်)၀၃၁၈၅၀၊ ဒေါ်ဥမ္မာလွင် ၁၂/အစန(နိုင်)၀၃၁၈၅၁ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အုံးအုံး LL.B

အထက်တန်းရှေ့နေ (စဉ်-၂၅၁၃၅)

ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်

ဖုန်း-၀၉-၇၃၀၀၇၅၃၄

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၄၆၄/က၊ မြေကွက်တည်နေရာအမှတ် ၄၆၄/က၊ ဇာနည် ၁၃ လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်လှတင်၊ ဦးတင်မြင့်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်လှတင်ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးတင်မြင့် ၁၂/ဥကတ(နိုင်)၀၂၇၆၀၁က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆောင်းပါး

"ငွေကိုမလို၊ ရွှေကိုမလို ရေကိုသာ လိုပါသည်" (သို့) "ရေအရေးပူးပေါင်းဆောင်ရွက်ပေး"

လှကေသီမာ (မျှပုံ)

"ငွေကိုမလို၊ ရွှေကိုမလို ရေကိုသာလိုပါသည်" "လူသားအသက်ရေတစ်စက်"၊ "ရေလာမြောင်းပေး"၊ "ရေမရှိတဲ့တော ချေးကိုင်မိ"၊ "တောကောင်းလျှင် ရေကောင်း"၊ "ရေကြည်ရာ မြက်နု"၊ " ရေကုန်အိုင်ပျက်"၊ "ဖောင်စီးရင်း ရေငတ်"၊ " တန်ခူးရေကုန် ကဆုန်ရေခန်း"၊ " ရေတွင်းကောင်းမှ ရေအေးမြ" "ထမင်းအသက်ခုနစ်ရက် ရေအသက် တစ်နံနက်" အစရှိသည့် စကားပုံများသည် ရေ၏တန်ဖိုးကို နားလည်သိရှိပြီး ထိန်းသိမ်းကာကွယ်လေ့ရှိသည့်မြန်မာ့အစဉ်အလာကောင်း၊ ဓလေ့ကောင်းများကို ပြသပေးခြင်းဖြစ်ပါသည်။

၁၉၉၃ ခုနှစ်မှ စတင်၍ ကမ္ဘာ့နိုင်ငံအများအပြားတွင် နှစ်စဉ်မတ်လ ၂၂ ရက်နေ့အား " ကမ္ဘာ့ရေသယံဇာတနေ့" - World Water Day အထိမ်းအမှတ် အခမ်းအနား လှုပ်ရှားမှုများကို နှစ်စဉ်ကျင်းပခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်ဒီဇင်ဘာလတွင် ကျင်းပခဲ့သောကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၂၀၁၃ ခုနှစ်ကို " International Year of Water Coopertion" ရေအရေး ပူးပေါင်းဆောင်ရွက်မှုအပြည်ပြည်ဆိုင်ရာ နှစ်အဖြစ်တစ်ညီတစ်ညွတ်တည်း သတ်မှတ်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ကမ္ဘာ့ရေသယံဇာတနေ့၏ (Theme)မှာ "Water Cooperation" "ရေအရေးပူးပေါင်းဆောင်ရွက်ပေး" ပင်ဖြစ်၍ အားလုံးပူးပေါင်းလက်တွဲ ပါဝင်ဆောင်ရွက်ရန် လိုအပ်လှပါသည်။

ရေသည် လူသားအပါအဝင် သက်ရှိသတ္တဝါအားလုံး၊ သစ်တော၊ မြစ်ချောင်း၊ အင်းအိုင်တို့၏ ကျေးဇူးရှင်၊ ဖန်ဆင်းရှင်ပဲ ဖြစ်ပါသည်။ မြန်မာရေပညာရှင်ဆရာကြီးဦးအောင်ကြွယ်ပြုစုသော "သောက်သုံးရေ" ဆိုသည့် စာတမ်းထဲတွင် "သတ္တဝါမည်အသက်ဇီဝ ရေမှစ၏" (Life Begins With water for all creatures) ရယ်လို့ ဆိုရိုးစကားကို မှီငြမ်းကိုးကားထားပါသည်။

လူသားတိုင်းသည် နေ့စဉ် နံနက်အိပ်ရာထသည်မှစ၍ ညအိပ်ရာဝင်သည်အထိ မွေးစ ကလေးဘဝမှ သေလွန်သည့်တိုင် ရေကို မရှိမဖြစ်သုံးစွဲရပါသည်။ လူ့ကိုယ်ခန္ဓာ၏ ၇၀ရာခိုင်နှုန်း၊ ကမ္ဘာကြီး၏ ၇၅ရာခိုင်နှုန်းသည် ရေနှင့် ဖွဲ့စည်းထားပါသည်။ ရေသည်လူသားတို့၏ အသက်သခင် ဖန်ဆင်းရှင်ဟုဆိုရ လောက်အောင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့အတွက် မရှိမဖြစ်လိုအပ်သည့်အရာတစ်ခုဖြစ်ပါသည်။ ရေသည် အသက်သခင်ဆိုပေမယ့် ရေကောင်း ရေသန့်ကိုပဲဆိုလိုခြင်း ဖြစ်ပါသည်။ မသန့်ရှင်းသည့်ရေကိုသုံးရလို့ သေမင်းနှင့် စစ်ခင်းရသည့် လူများလည်း ဒုနဲ့ဒေးပင်ဖြစ်ပါသည်။

ရေကောင်းရေသန့် ဆိုသည်မှာ အနည်အမှုန်ကင်းရမည်။ အရောင်၊ အဆင်း၊ အနံ့၊ အရသာကင်းရမည်။ ကျန်းမာရေးထိခိုက်စေသောပိုးများနှင့် ဓာတ်သတ္တုကင်းရမည်။ အစရှိသည့် ကင်းငါးကင်း အင်္ဂါရပ်များနှင့် ပြည့်စုံရမည်ဖြစ်ပါသည်။ မိုးရေ၊ တွင်းရေ၊ ကန်ရေစိမ့်စမ်းရေအစရှိသည့်ရေထွက်ပင်ရင်းများကို စနစ်တကျထိန်းသိမ်းခြင်း၊ ညစ်ညမ်းခဲ့ပါက သန့်စင်သုံးစွဲခြင်း အစရှိသည်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းခန့်သည် ကျန်းမာရေးနှင့်ညီညွတ်သော အိမ်သာစနစ်၊ မိလ္လာစနစ် (Basic Sanitation) မရရှိကြကြောင်းနှင့် သန့်ရှင်းသောသောက်ရေမရှိမှု၊ ရေလုံလောက်စွာ မရရှိမှုများနှင့် ဆက်နွှယ်လျက်ရှိသော ရောဂါများကြောင့် ကမ္ဘာပေါ်တွင် နေ့စဉ် လူပေါင်း ၁၄၀၀၀ ခန့် အသက်ဆုံးရှုံးလျက်ရှိပြီး ၁၁၀၀၀ ခန့်သည် အသက် ငါးနှစ်အောက် ကလေးငယ်များဖြစ်ပါသည်။

"ရေကောင်းမှ နေကောင်းမယ်" ဆိုသည့်အတိုင်း သောက်သုံးရေမသန့်ရှင်းမှုကြောင့် ဖြစ်တတ်သော ဝမ်းရောဂါသည် ကလေးငယ်များ၏ သေဆုံးမှုတွင် အဓိကတရားခံဖြစ်ပါသည်။ ဝမ်းနှင့်ပတ်သက်သည့်ရောဂါ၊ အသည်းရောင်အသားဝါ၊ သန်ကောင်၊ တိုက်ဖွိုက်၊ ပိုလီယိုအကြောသေရောဂါအစရှိသည်တို့သည် ရေမသန့်ရှင်းမှုကြောင့် ဗက်တီးရီးယား၊ ကပ်ပါးကောင်ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

ကမ္ဘာကြီးတိုးတက်ပြောင်းလဲကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အချိန်ရောက်ရှိလာသော်လည်း ကမ္ဘာပေါ်ရှိ ဆင်းရဲသားများ အဓိကရင်ဆိုင်နေရသည့် ပြဿနာသည် ရေရှားပါးမှု၊ ရေသန့်မရရှိမှုပင်ဖြစ်ပါသည်။ ကျန်းမာရေးနှင့်ညီညွတ်သောအိမ်သာစနစ်၊ မိလ္လာစနစ်၊ (Basic Sanitation) မရှိကြဘဲ ချောင်းရေ၊ မြောင်းရေများကို အကြည်ခံသုံး၍ ကြည့်ပါက သန့်စင်နိုင်မည်ဟုလွဲမှားသော အယူအဆများရှိခြင်း၊ အများသုံးရေထွက်နေရာဖြစ်သော ချောင်း၊ ကန်များထဲသို့ လူ၊ တိရစ္ဆာန်များ၊ ရေကူး/ရေချိုးခြင်း၊ ကန်စပ်တွင် အဝတ်လျှော်ခြင်း၊ မြစ်ချောင်းနံဘေးတွင် အိမ်သာများ ဆောက်လုပ်သုံးစွဲခြင်း၊ စည်းကမ်းမဲ့ မစင်စွန့်ခြင်းအစရှိသော မဆင်မခြင် ဆောင်ရွက်မှုများကြောင့် ရေထွက် ပင်ရင်းကို ညစ်ညမ်းစေပြီး ရောဂါရရှိစေခြင်းဖြစ်ပါသည်။ ထို့အပြင် ကြွပ်ကြွပ်အိတ်များ မဆင်မခြင်ပစ်ခြင်းကြောင့် ရလာသော ရလဒ်မှာ မြေအောက်ရေထွက်ပေါက်များကို သွားရောက်ပိတ်ဆို့၍ ကမ္ဘာ့ရေမလုံလောက်မှုကို အားပေးသကဲ့သို့ဖြစ်ပါသည်။

"ရေသန့်ကိုသောက်၊ အိမ်သာဆောက်၊ မကြောက်ရပါ၊ ဝမ်းရောဂါ" ဆိုသည့်အတိုင်း ရေကိုကျိုချက်သောက်ခြင်း၊ အနည်ထိုင်ခြင်း၊ ကျောက်ချဉ်ခတ်ခြင်း၊ ရေသန့်ဆေးပြား၊ ရေသန့်ဆေးရည်ခတ်ခြင်း အစရှိတာများ ပြုလုပ်ရပါမည်။ ရှိပြီးသား သစ်တော၊ သစ်ပင်များကို ခုတ်လှဲခြင်းမပြုလုပ်ရပါ။ ထို့အပြင် ရေကန်များထဲသို့ ရေတုံကင်များဖြင့် ခပ်ယူသုံးစွဲခြင်း၊ ခြံများကာရံထားခြင်း၊ ရေတွင်းများ အသုံးပြုခြင်း၊ မောင်းတံ၊ စက်သီးများဖြင့် ခပ်ယူခြင်းများ ပြုလုပ်ရပါမည်။ ရေထွက်ပင်ရင်းများထဲသို့ မစင်စိမ့်ဝင်ခြင်းမရှိစေရန် ယင်းနဲ့ ပေ ၅၀ အကွာ မြေနိမ့်ပိုင်းတွင် အိမ်သာဆောက်လုပ်သုံးစွဲရပါမည်။ သောက်ရေ သုံးရေကိုလည်း စနစ်တကျခပ်ခြင်း၊ သောက်ရေအိုး ရေခွက်ကို သန့်ရှင်းစွာထားရှိရပါမည်။ ကျေးလက်ပြည်သူအခြေပြု၊ ကျောင်းအခြေပြု အကောင်အထည်ဖော်ဆောင်ရွက်သည့် သန့်လေးသန့်ဖြစ်သည့် အစာသန့်၊ ရေသန့်၊ လက်သန့်၊ အိမ်သာသန့် ကျန်းမာရေးပညာ စီမံချက်တွင် ရေကောင်းရေသန့်ရရှိရေး အဓိကထား အကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။

လူ့စွမ်းအား အရင်းအမြစ်များမွေးထုတ်ပေးရေး၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျစီမံခန့်ခွဲသည့် ရေပေးဝေသည့်နည်းစနစ်များ၊ အစီအမံများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖော်ဆောင်နိုင်ရေးသည် တစ်မျိုးသားလုံး ပူးပေါင်းဆောင်ရွက်ရမည့်အရေးပင်ဖြစ်ပါသည်။ ရေကောင်း၊ ရေသန့်မရရှိသေးသော ဒေသ/ရပ်ကွက်/ကျေးရွာများကို ရေထွက်ပင်ရင်းကောင်းရန်အတွက် ဆောင်ရွက်ပေးခြင်း၊ ရေကောင်း ရေသန့်ရရှိစေသော အရင်းအမြစ်များ၊ စီမံကိန်းများ ဖော်ဆောင်ပေးခြင်း၊ ရေအရေးဆိုင်ရာများ ဆောင်ရွက်မည့်အဖွဲ့အစည်းများ ဖွဲ့စည်းပေးခြင်း၊ ရေသန့်စက်၊ ရေသန့်စင်မှုနည်းစနစ်အခွင့်အလမ်းများ ဖန်တီးပေးခြင်း စသည်ဖြင့်လည်းကောင်း၊ ကျောင်းသား ကျောင်းသူများအားနိုင်ငံကြီးသား ပီသစွာ နေထိုင်ကျင့်ကြံပြုမူကြစေရန်နှင့် ရေတန်ဖိုးသိရှိစေရန်လည်းကောင်း၊ မိမိတို့အနာဂတ် ရေရရှိမှုအလားအလာကြိုတင် မျှော်တွေးသူတိုင်းသည် ကမ္ဘာကြီးအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာ ရာသီဥတုပြောင်းလဲခြင်းများ မဖြစ်ရလေအောင် ဘေးအန္တရာယ် လျှော့ချရန် စည်းစနစ်တကျအမှိုက်စွန့်ခြင်း၊ အညစ်အကြေးစွန့်ခြင်း၊ စည်းကမ်းလိုက်နာခြင်း၊ တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ရင်းဖြင့် ရေသန့် ရေကောင်းအရင်းအမြစ်များ တိုးပွားစေရန်၊ တစ်ဦး တစ်ယောက်မှအစပြု၍ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံး ရေကောင်း၊ ရေသန့်များ ရရှိသုံးစွဲခွင့်ရစေရေးပူးပေါင်း၍ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း တိုက်တွန်း ရေးသားလိုက်ရပေသည်။ ။

> **"ရေကောင်းမှ နေကောင်းမယ်" ဆိုသည့်အတိုင်း သောက်သုံးရေမသန့်ရှင်းမှုကြောင့် ဖြစ်တတ်သော ဝမ်းရောဂါသည် ကလေးငယ်များ၏ သေဆုံးမှုတွင် အဓိကတရားခံဖြစ်ပါသည်။ ဝမ်းနှင့်ပတ်သက်သည့်ရောဂါ၊ အသည်းရောင်အသားဝါ၊ သန်ကောင်၊ တိုက်ဖွိုက်၊ ပိုလီယို အကြောသေရောဂါအစရှိသည်တို့သည် ရေမသန့်ရှင်းမှုကြောင့် ဗက်တီးရီးယား၊ ကပ်ပါးကောင်ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၅၀၆၈ Sang DA Truck ပစ်ကပ် (၄×၂)L ယာဉ်လက်ဝယ်ရှိသူ ဦးဟော်ရိန်ယွင် ၁၃/လရန(နိုင်)၁၀၃၀၄၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(လားရှိုး)

"ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား မူပိုင်ဖြစ်ကြောင်း သတိပေးကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အလုံတာဝါတွင် တည်ထောင်ဖွင့်လှစ်ထားသော Shwe Taung Cement Co.,Ltd (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၉၉/၂၀၁၀-၂၀၁၁) သည် အောက်ဖော်ပြပါ APACHE အမည်အမှတ်အသားကို မှတ်ပုံတင်စာချုပ်အမှတ်- ၂၃၂၂/၂၀၁၃ ဖြင့် ကုမ္ပဏီ၏ မူပိုင်အဖြစ် တရားဝင်သုံးစွဲရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

APACHE

ဖော်ပြပါ APACHE အမည်အမှတ်အသားကို ဘိလပ်မြေများ၏ ထုတ်ပိုးကုန် ပစ္စည်းပေါ်တွင် ကပ်နိုင် ရေးသား၍ ဖြန့်ဖြူး၊ ရောင်းချလျက်ရှိပါသည်။

ဖော်ပြပါ APACHE အမည်အမှတ်အသားကို အသုံးပြု၍ ဆိုင်းဘုတ်၊ ဘလောက်၊ တီရှိ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်ကြော်ငြာများ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Letter Head, Internet, Website, အစရှိသည်တို့တွင်လည်း ထည့်သွင်း၍ ဘိလပ်မြေများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တစ်ဝှမ်းလုံးရှိမြို့ရွာ ဒေသမြို့နယ် အနှံ့အပြားနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့၊ ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ Shwe Taung Cement Co.,Ltd ၏ ကုမ္ပဏီမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော APACHE အမည်အမှတ်အသားကို အခြားသူ တစ်ဦးတစ်ယောက် ကဖြစ်စေ၊ အများကဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား ဖြစ်စေရန် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ မှီငြမ်း၍ဖြစ်စေ၊ ဆင်တူရိုးမှား ပြုလုပ်ခြင်း၊ အတုအပပြုလုပ်ခြင်း၊ သွယ်ဝိုက်၍ အတုအပ ပြုလုပ်ခြင်း၊ လုပ်ငန်းနှင့် ဆက်နွှယ်၍သုံးစွဲခြင်း မပြုလုပ်ကြရန် သတိပေးတားမြစ်ပါသည်။

မည်သူမဆို အထက်ဖော်ပြပါ APACHE အမည်အမှတ်အသားကို သုံးစွဲပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ တည်ဆဲတရားဥပဒေနှင့်အညီ မည်သည့် တရားရုံးများတွင်မဆို တရားမကြောင်းအရ ဖြစ်စေ၊ ပြစ်မှုကြောင်းအရ ဖြစ်စေ၊ ထိရောက်စွာ တရားစွဲဆို အရေးယူ ဆောင်ရွက်မည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်လှတင် (LL .B)
တရားလွှတ်တော်ရှေ့နေ
အမှတ်- ၈၅၊ (မြေညီထပ်)၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

"စာတန်း အမည်အမှတ်အသား မူပိုင်ဖြစ်ကြောင်း သတိပေးကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အလုံတာဝါတွင် တည်ထောင်ဖွင့်လှစ်ထားသော Shwe Taung Cement Co.,Ltd (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၉၉/၂၀၁၀-၂၀၁၁) သည် အောက်ဖော်ပြပါ THE STRENGTH TO BUILD စာတန်းကို မှတ်ပုံတင်စာချုပ်အမှတ်- ၂၃၂၃/၂၀၁၃ ဖြင့် ကုမ္ပဏီ၏ မူပိုင်အဖြစ် တရားဝင်သုံးစွဲရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

THE STRENGTH TO BUILD

ဖော်ပြပါ THE STRENGTH TO BUILD စာတန်းကို ဘိလပ်မြေများ၏ ထုတ်ပိုးကုန်ပစ္စည်းပေါ်တွင် ရေးသားဖော်ပြ၍ ဖြန့်ဖြူး၊ ရောင်းချလျက်ရှိပါသည်။

ဖော်ပြပါ THE STRENGTH TO BUILD စာတန်း အမှတ်အသားကို အသုံးပြု၍ ဆိုင်းဘုတ်၊ ဘလောက်၊ တီရှိ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်ကြော်ငြာများ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Letter Head, Internet, Website, အစရှိသည်တို့တွင်လည်း ထည့်သွင်း၍ ဘိလပ်မြေများကို ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ တစ်ဝှမ်းလုံးရှိမြို့ရွာ ဒေသမြို့နယ် အနှံ့အပြားနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့၊ ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ Shwe Taung Cement Co.,Ltd ၏ ကုမ္ပဏီမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော THE STRENGTH TO BUILD စာတန်းကို အခြားသူ တစ်ဦးတစ်ယောက် ကဖြစ်စေ၊ အများကဖြစ်စေ၊ ပုံတူပုံမှားထင်ယောင်ထင်မှား ဖြစ်စေရန် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ မှီငြမ်း၍ဖြစ်စေ၊ ဆင်တူရိုးမှား ပြုလုပ်ခြင်း၊ အတုအပပြုလုပ်ခြင်း၊ သွယ်ဝိုက်၍ အတုအပ ပြုလုပ်ခြင်း၊ လုပ်ငန်းနှင့် ဆက်နွှယ်၍သုံးစွဲခြင်း မပြုလုပ်ကြရန် သတိပေးတားမြစ်ပါသည်။

မည်သူမဆို အထက်ဖော်ပြပါ THE STRENGTH TO BUILD စာတန်းကို သုံးစွဲပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ တည်ဆဲတရားဥပဒေနှင့်အညီ မည်သည့် တရားရုံးများတွင်မဆို တရားမကြောင်းအရ ဖြစ်စေ၊ ပြစ်မှုကြောင်းအရ ဖြစ်စေ၊ ထိရောက်စွာ တရားစွဲဆို အရေးယူ ဆောင်ရွက်မည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်လှတင် (LL .B)
တရားလွှတ်တော်ရှေ့နေ
အမှတ်- ၈၅၊ (မြေညီထပ်)၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်နေ ဦးစိန်လွင် ၁၂/ဒပန(နိုင်)၀၀၇၃၇၅၏ဇနီး ဒေါ်ညွန့်ညွန့်ရီ ၁၂/ဒပန(နိုင်)၀၀၆၈၆၃သည် မိသားစုအရှက်တကွဲအကျိုးနည်းစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ခင်ပွန်း-ဦးစိန်လွင်

ကြော်ငြာ

စောမွန်လှ ဆွေတော်မျိုးတော်များ သတ္တမအကြိမ်မြောက် စုပေါင်းရှင်ပြုပွဲ ပါဝင်လှူဒါန်းနိုင်ပါသည်

မန္တလေးမြို့၊ မြတောင်တိုက်၊ ရွှေဝါဝင်းကျောင်းဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသအား ဦးထိပ်ထားလျက် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် မန္တလေး-ပြင်ဦးလွင်ကားလမ်းဘေး ဘိုးတော်နတ်နန်းအကျော် တံတားဖြူထိပ် စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွင်းရှိ သစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့်မြတဘက်ဘုရား၊ အစ်မကြီး စောလှမွန်အား အမှူးထား၍ ဆွေတော်မျိုးတော်များမှ သတ္တမအကြိမ်မြောက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက်) ၃-၄-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)တွင် သက်န်းပရိက္ခရာစုံလင်စွာနှင့် ရှင်အပါး ၁၀၀ ဝတ်ပွဲတို့ကို မြတဘက်နဂါးကိုးကောင်ဘုရားရင်ပြင်ပေါ်တွင် မြတဘက်နဂါးကိုးကောင် ဆရာတော်မှ ဦးဆောင်၍ စုပေါင်းလှူဒါန်းမည့် ရဟန်းခံရှင်ပြုအလှူပွဲနှင့် သီလရှင် ဝတ်ပွဲ၌ အစ်မတော်စောမွန်လှနှင့် မြနန်းနွယ်နဂါးမယ်တော်တို့နှင့် ပဋ္ဌာန်းဆက်ပါသော ဆွေတော်မျိုးတော်များမှ သာသနာ့ဒါယကာ၊ သာသနာ့ ဒါယိကာမအဖြစ် သာသနာ့အမွေခံယူလှူဒါန်းလိုပါက ရှင်တစ်ပါးလျှင် ကျပ်တစ်သောင်းရှစ်ထောင်နှင့် ရေစက်ချမင်္ဂလာသို့ ကြွရောက်တော်မူမည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းလိုကြသော စေတနာရှင်များအနေဖြင့် ဖုန်း-၀၉-၄၀၂၅၂၃၃၃၆၊ ၀၉-၄၀၃၇၀၆၈၆၀၊ ၀၉-၄၃၀၇၂၉၁၀၊ ၀၉-၄၀၂၅၂၁၇၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆အေ)၊ လူနေရပ်ကွက်အမှတ် (-)၊ မြေကွက်အမှတ်(V-၁၅၁)၊ မြေကွက်သိမ်းစာ အမှတ်(၃၂)၊ ဥယျာဉ်လမ်း၊ ကြည့်မြင်တိုင်မြို့နယ် ၊ (၂၅ပေ × ၅၀ပေ) အကျယ်အဝန်းရှိ ဦးသိန်း(၁၂/ကမတ(နိုင်)၀၁၅၉၇၅)နှင့် ဒေါ်သန်းသန်းဆီ(၁၂/ကမတ(နိုင်)၀၃၅၉၇၄) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး — LL.B, D.B.L, D.I.L, Dip.CA, WIPO — တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)

ဦးထိန်လင်းသန်း — LL.B, D.B.L, D.I.L, D.M.L, WIPO — တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm

အမှတ် (၁၀၅၊၁၀၇)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ (ဦးချစ်မောင်အိမ်ရာရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၅၅၀၆၀၄၆ ၊ ၀၉၄၅၀၀၀၇၁၃၆

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၂၈/Dနေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီဂီညွန့် ၁၂/ရကန(နိုင်)၀၄၇၄၆၀၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

(၁) လှည်းကူးမြို့နယ်၊ ကွင်းအမည် ဝါးနက်ကုန်းမြောက်၊ ကွင်းအမှတ် ၉၉၃ [ယခင်ဦးပိုင်အမှတ် ၅၁+၅၂/၁၊ ဦးပိုင်ဧရိယာ ၂ ဒသမ ၀၀ဧက] ယခုဦးပိုင်အမှတ် ၅၁/၇၊ဦးပိုင်ရှိ ဧရိယာ ၁ ဒသမ၁၅ဧကကို ဒေါ်တင်စန်းမြက ၁၉၈၆-၈၇တွင် ဝယ်ယူခဲ့ပြီး ၁-၄-၁၉၈၇တွင် လယ်ခြံ R/G မြေအဖြစ် တည်ရှိခဲ့ပါသည်။ ၁၉၉၀-၁၉၉၁ခုနှစ်မှစတင်၍ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်တင်စန်းမြကွယ်လွန်ပြီးနောက် အမွေဆက်ခံခွင့်ရှိသူ ဦးဘဇာပါ(၅)ဦးတို့က အဆိုပါမြေကွက်ကိစ္စကိုဆောင်ရွက်ရန် ကျွန်ုပ်မိတ်ဆွေသို့ ၈-၂-၂၀၁၃ ရက်က အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၅၀/၂၀၁၃ဖြင့် လွှဲအပ်ထားပြီးဖြစ်ပါသည်။

(၂) ထို့ပြင် လှည်းကူးမြို့နယ်၊ ကွင်းအမည် ဝါးနက်ကုန်းမြောက်၊ ကွင်းအမှတ် ၉၉၃၊ ဦးပိုင်အမှတ် (ယခင်ဦးပိုင်အမှတ် ၅၁+၅၂/၁)၊ ဦးပိုင်ဧရိယာ ၁ ဒသမ ၀၀ဧက ၊ ယခုဦးပိုင်အမှတ် ၅၁/၉၊ ဦးပိုင်ဧရိယာ ၀ ဒသမ ၆၂ဧကအား ၁၉၈၆-၈၇အားဝယ်ယူခဲ့ပြီး ၁-၄-၁၉၈၇တွင် လယ်ခြံ(R/G)မြေအဖြစ်စာရင်းပေါက်ခဲ့ပါသည်။ ၁၉၉၃-၁၉၉၄ခုနှစ်ကတည်းက အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အုန်းအုန်းသန့်က အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေသို့ ၈-၂-၂၀၁၃ ရက်က အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၄၉/၂၀၁၃ ဖြင့် လွှဲအပ်ထားပြီးဖြစ်ပါသည်။

(၃) အထက်ဖော်ပြပါမြေကွက်များနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးပါရန် ၁၁-၂-၂၀၁၃ ရက်တွင် **အုပ်ချုပ်ရေးမှူး၊ ဝါးနက်ကုန်းကျေးရွာ၊ လှည်းကူးမြို့နယ်**သို့ ကျွန်ုပ်၏မိတ်ဆွေက စာဖြင့်တင်ပြတိုင်ကြားထားပြီးဖြစ်ပါသည်။

(၄) ထို့ကြောင့် **ဒေါ်သီဂီညွန့်** ၏ အတိအလင်းခွင့်ပြုချက်သဘောတူညီချက်လုံးဝမပါဘဲ အဆိုပါမြေကွက်များကို မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းဝယ်၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခွင့်မရှိပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

(၅) ကျွန်ုပ်၏မိတ်ဆွေအား အသိပေးအကြောင်းကြားမှုတစ်စုံတစ်ရာမရှိဘဲ အဆိုပါ မြေကွက်များကို ရောင်းချပိုင်ခွင့်မရှိသူများက ရောင်းဝယ်၊ ပေါင်နှံ၊ ပေးကမ်းမှုများပြုလုပ်ခဲ့ပါကလည်း အဆိုပါပုဂ္ဂိုလ်များကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်း၍ အသိပေးအပ်ပါသည်။

ဒေါ်သီဂီညွန့်၏ လွှဲအပ်ချက်အရ-
ဦးခင်မောင်ညွန့် B.Sc, H.G.P, R.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၇၂)
ရုံး-အမှတ် ၆၆၊ ဝဏ္ဏကျော်စွာလမ်းမ၊ (၁၄/၅)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂A၊ ၁၂B၊ ၆၉/၇၃၊ မြေကွက်အမှတ် ၁၄၀၊ ဧရိယာ ၀ ဒသမ ၀၆၂ဧက၊ ပေ၃၀×ပေ၉၀ အကျယ်အဝန်းရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာမွန် ၇ လမ်း၊ အမှတ် ၁၄ဟုခေါ်တွင်သည့် မြေကွက်နှင့်နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင် ဦးကျော်ထွေးထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရွှေသိန်းမြင့်(စဉ်-၁၈၄၉၆)
အထက်တန်းရှေ့နေ
အမှတ် ၁၀၇၊ ပထမထပ်(ယာ)၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၈၇၀၃

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

